ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက် ၊ တနင်္ဂနွေနေ့ ၊ (1-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၈၅)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရုပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော်တည်ဆောက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ပေါ်ရှိ ရုံးပင်ချောင်းတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်အောင်စန်းနှင့် ဦးမျိုးသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်္ဂါရုပ်နှင့်အညီဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော်တည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှု

ဦးစွာ နိုင်ငံတော်သမ္မတသည် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှုနှင့် အဆိုပါလမ်းသစ်ပေါ်ရှိ ရုံးပင်ချောင်းတံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁**


ရတနာပုံ ယနေ့ ဇတ်စရာ

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သဘာဝမြေဩဇာထုတ်လုပ်၊ တင်သွင်း၊ တင်ပို့နှင့် ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်ထွန်း၏ အမျိုးသားအဆင့် မူဝါဒနှင့် သုတေသနစာတမ်းကောက်နုတ်ချက်

စာမျက်နှာ - ၁၉

မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်

အောက်တိုဘာ ၃၁ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ။



နေပြည်တော် အောက်တိုဘာ ၃၁

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်နှင့် နီကိုဘားကျွန်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ **စာမျက်နှာ ၁၆ ကော်လံ ၁** ❑

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



တန့်ဆည် အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ရွေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၁၅၁၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၈၃ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ **စာမျက်နှာ ၂၁ ကော်လံ ၁** ❖

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက်
အယ်ဒီတာ့အာဘော်

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

နိုင်ငံသားတိုင်းသည် လမ်းပေါ်တွင် ဘေးကင်းလုံခြုံစွာ သွားလာခွင့်ရှိကြသကဲ့သို့ မော်တော်ယာဉ်မောင်းနှင်သူတိုင်း၌လည်း မိမိမိသားစုနှင့် အများပြည်သူတို့၏ အသက်အန္တရာယ် မထိခိုက်ရလေအောင် သတိ၊ အသိတို့ဖြင့် ဆင်ခြင်မောင်းနှင်ရန် တာဝန်ကိုယ်စီရှိကြပေသည်။

ကမ္ဘာတစ်ဝန်းနှင့် မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု စာရင်းဇယားများကို လေ့လာကြည့်ပါက အလွန်စိုးရိမ်ဖွယ်ရာ တွေ့ရှိရသည်။ ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး၌ ယာဉ်မတော်တဆမှုပေါင်း ၃၃၄၈ မှု ဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၇၃၅ ဦး သေဆုံးကာ ၄၆၇၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အထူးသဖြင့် စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၈၀၁ မှု ဖြစ်ပွားကာ လူ ၃၈၇ ဦးထိ သေဆုံးခဲ့ရပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင်လည်း ယာဉ်မတော်တဆမှုပေါင်း ၁၈၀ ဖြစ်ပွားခဲ့ရာ ၆၄ ဦး သေဆုံးခဲ့ရသည်။ ယခုနှစ် ၂၀၂၆ ခုနှစ် ပထမလေးလပတ်ကာလတွင် နှိုင်းယှဉ်ချက်များအရ ယာဉ်တိုက်မှုအရေအတွက် အနည်းငယ်လျော့နည်းသွားသော်လည်း ထိခိုက်ဒဏ်ရာရရှိသူ ပိုမိုများပြားလာပြီး သေဆုံးသူဦးရေမှာ အတူတူပင်ရှိနေသေးသဖြင့် ယာဉ်အန္တရာယ်သတိပေးချက်များကို လျှော့တွက်၍ မရနိုင်ပေ။

ယာဉ်တိုက်မှုဖြစ်စဉ်များကို သုံးသပ်ဆန်းစစ်ရာတွင် ကျွမ်းကျင်သူများထောက်ပြထားသကဲ့သို့ ၉၄ ရာခိုင်နှုန်းခန့်မှာ လူ့အားနည်းချက်နှင့် မဆင်မခြင်ပြုလုပ်မှုများ (Human Error) ကြောင့် ဖြစ်သည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိရသည်။ ခရီးရှည်မောင်းနှင်ရာတွင် ပင်ပန်းနွမ်းနယ်ခြင်း၊ အိပ်ငိုက်ခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ မဆင်မခြင်ကျော်တက်ခြင်းနှင့် လမ်းပြောင်းပြန်မောင်းနှင်ခြင်းတို့သည် အဓိကဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် အမြန်လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် မိုင် ၆၀ အရှိန်ဖြင့် မောင်းနှင်နေသော ယာဉ်တစ်စီးသည် ယာဉ်မောင်းသူ တစ်စက္ကန့်မှ ငါးစက္ကန့်ထိ ခေတ္တအိပ်ပျော်သွားပါက ဘေးလုံးကွင်းတစ်ကွင်းစာခန့် အကွာအဝေးသို့ ထိန်းချုပ်မှုမရှိဘဲ လွှင့်ထွက်သွားနိုင်သဖြင့် စက္ကန့်ပိုင်းမျှသတိလွတ်သွားခြင်းကပင် ကြီးမားသောအသက်ဆုံးရှုံးမှုအဖြစ်သို့ ပြောင်းလဲသွားစေနိုင်သည်။

နိုင်ငံတော်ကလည်း ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဒုတိယဆယ်စုနှစ် စီမံချက် (Decade of Action for Road Safety 2021–2030) မဏ္ဍိုင် (၅)ရပ်နှင့်အညီ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC) တို့ဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ "စည်းကမ်းလိုက်နာ ဘေးကင်းကွာ" ဆိုသည့်မူအတိုင်း မိမိအသက်နှင့် အများပြည်သူ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်မှာ ယာဉ်အသုံးပြုသူတိုင်းတွင် တာဝန်ရှိပေသည်။ အချိန်အနည်းငယ်မျှ စည်းကမ်းတကျ အနာယူလိုက်ခြင်း၊ လမ်းစည်းကမ်းများကို လေးစားလိုက်နာခြင်းတို့က မိမိတို့အလိုရှိရာ လိုရာခရီးကို ဘေးမသီရန်မခဘဲ ချောမွေ့စွာရောက်ရှိစေမည်ဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် ယာဉ်မတော်တဆမှုများလျော့ချရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းမှုအပြင် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုသည်လည်း အဓိက လိုအပ်ပါသည်။ သို့ဖြစ်ရာ ယာဉ်မောင်းသူများနှင့် လမ်းအသုံးပြုသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျ လိုက်နာကြရန် လိုအပ်ပါသည်။ ထို့ပြင် စည်းကမ်းဖောက်ဖျက်မှုများတွေ့ရှိပါကလည်း တာဝန်သိပြည်သူအဖြစ် ဝိုင်းဝန်းကူညီ အသိပေးထိန်းကျောင်းကြခြင်းဖြင့် ဘေးကင်းလုံခြုံသော လူမှုပတ်ဝန်းကျင်ကို အတူတကွ တည်ဆောက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူကော ၁၄၆၀ စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

ယင်းမာပင် အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူကော ၁၄၆၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူကော ၁၄၆၀ စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ကြက်သွန်ဖြူကော ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ကြက်သွန်ဖြူစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကြက်သွန်ဖြူကို အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ကြက်သွန်ဖြူစိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်ဖြူကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြ၍ သိရသည်။

(၂၀၆)

ပြောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ပြောင်တုန်း အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ပြောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပြောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ပြောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာ ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ဒီဘက်က ဇီယာဆန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုတင်ပို့ရောင်းချနေတဲ့ ဇီယာဆန်တွေက အရည်အသွေးကောင်းတဲ့အတွက် အရင်လက ကော လက်ရှိလထဲမှာပါ အဝယ်လိုက်နေပါတယ်"ဟု ပြောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ပြောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ဒွေကျပ် ၉၇၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဝမ်းတွင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ပေါက်ကန်ကျေးရွာနှင့် ဒါးလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့်စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပေါက်ကန်ကျေးရွာနှင့်ဒါးလှကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၉ ဒသမ ၆သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၂၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊အသင်းသူ ၁၅၇ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

မြစ်သားမြို့နယ် အိမ်ရှေ့တောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မြစ်သား အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အိမ်ရှေ့တောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အိမ်ရှေ့တောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးရွာတွင်း ကွန်ကရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါအိမ်ရှေ့တောင်ကျေးရွာ၌ လမ်းအရှည် ပေ ၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၂၂ သိန်း ၃ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၁ သိန်း ၃၀ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကျန်ရစ်သူ မိသားစုက ဦးလေးမြင့်-ဒေါ်စောမာလာ၊ ဦးမြဝင်း-ဒေါ်ယဉ်ယဉ်မြတို့ အားရည်စူး၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၂၀၀၀၀ လှူဒါန်းရာ ဇီဝတဒါနသံဃာ့ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ကျော်နှင့် ရုံးအဖွဲ့မှူး ဦးထွန်းအောင်ကျော်တို့က လက်ခံရယူစဉ်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ကန့်ဘလူ အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၉၃၄၃၃ ဧက၊ ဖူးစားပြောင်း ၄၈၅ ဧက စုစုပေါင်း ၉၃၉၉၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၅၈ ဒသမ ၂၆ တင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ၁၈၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပြောင်း ၉၃၉၉၈ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းဖူးစားပြောင်း တစ်ဧကလျှင် ၁၈၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၉၃၄၃၃ ဧက၊ ဖူးစားပြောင်း ၄၈၅ ဧက စုစုပေါင်း ၉၃၉၉၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၅၈ ဒသမ ၂၆ တင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ၁၈၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပြောင်း ၉၃၉၉၈ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင မြောင် တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

သာစည်မြို့နယ် ဘိုကုန်းကျေးရွာ၌ အယ်လ်နီညှိနှင့်အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

သာစည် အောက်တိုဘာ ၃၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညှိနှင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ဘိုကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက အယ်လ်နီညှိရာသီဥတုကြောင့် မိုးရွာသွန်းမှုများခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန်၊ ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကို စနစ်တကျသုံးစွဲကြရန်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဌာနဆိုင်ရာ အဖွဲ့အစည်းများထံ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အယ်လ်နီညှိနှင့် အပူဒဏ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ရှောင်ကြဉ်ရန် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဟိန်းထက်စိုး (မလှိုင်)

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၆၆၈၅ ဧက စိုက်ပျိုးမည်

မြောင်းမြ အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၆၆၈၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၆၆၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ မတ်ပဲ ဧက ၃၆၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ အိမ်မဲမြို့နယ်မှာ ဆောင်းသီးနှံတွေကို ဒေသခံတောင်သူအများစုက နှံဝင်ဘာလမှာ စတင်စိုက်ပျိုးမှာဖြစ်ပါတယ်။ မတ်ပဲတွေအပါအဝင် ဆောင်းသီးနှံတွေကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တာတွေကို စနစ်တကျဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မတ်ပဲတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ အတွက်လဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲအပါအဝင် ဆောင်းသီးနှံများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



စီးပွားအောင်မြင်ရေး ဦးစားပေးရမည့်အချက်များ

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ထားပြီဆိုပါက အမြတ်အစွန်းရရှိရေး၊ အောင်မြင်တိုးတက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးတို့ လိုအပ်လာသည်။ လုပ်ငန်းတစ်ခုအောင်မြင်ရေးသည် အရင်းအနှီးတစ်ခုတည်းပေါ်တွင် မူတည်နေခြင်းမျိုးမဟုတ်ဘဲ၊ လုပ်ငန်းရှင်နှင့် ပတ်ဝန်းကျင်ရှိ လူအားလုံးနှင့်သက်ဆိုင်လာသည်။ ကာယကံရှင်ဖြစ်သော လုပ်ငန်းရှင်အပေါ်တွင် လုပ်ငန်းအောင်မြင်ရေးသည် အဓိက မှီတည်နေသည်။ ထို့ကြောင့် လုပ်ငန်းရှင်အနေဖြင့် မိမိလုပ်ငန်းအောင်မြင်တိုးတက်ရေးအတွက် မည်သည့်အချက်များကို ဦးစားပေးရမည်၊ မည်သည့်အချက်များကို သာမန်အဖြစ်ဆောင်ရွက်နိုင်သည် စသည်ဖြင့် ရွေးချယ် ဆုံးဖြတ်ရမည်ဖြစ်သည်။ အကယ်၍ အချိန်ပေးလုပ်ရမည့်အချက်နှင့် ချက်ချင်းအကောင်အထည်ဖော်ရမည့်အချက်များကို လွဲမှားပြီး ဆောင်ရွက်မည်ဆိုပါကလည်း အောင်မြင်မှုများနှောင့်နှေးနိုင်သည်။ ငွေကြေးစီမံခန့်ခွဲရာတွင် လွဲမှားပါကလည်း အကျိုးအမြတ် ပျောက်သွားနိုင်သည်။ ထို့ကြောင့် လုပ်ငန်းရှင်အတွက် အဓိကဦးစားပေးလုပ်ရမည့် အချက်များကို သဲသဲကွဲကွဲ သိထားရန် လိုအပ်သည်။ လုပ်ငန်းရှင်တစ်ဦးအတွက် အရေးကြီးသောအရာများစွာအနက်မှ ဦးစားပေးဆောင်ရွက်သင့်သော အချက် ၁၀ ချက်ကို တင်ပြသွားမည်ဖြစ်သည်။

ဖောက်သည်၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများ

ပထမဆုံးအဓိကထား ဆောင်ရွက်ရမည့်အချက်မှာ ဖောက်သည်၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို သိထားရေးနှင့် လိုက်ပါဆောင်ရွက်ပေးနိုင်ရေးဖြစ်သည်။ စီးပွားရေးဆိုသည်မှာ မိမိလုပ်ငန်း ဖောက်သည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရခြင်းပင်ဖြစ်သည်။ ဖောက်သည်များအတွက် တန်ဖိုးတစ်ခု ရရှိသွားစေရန်လိုအပ်သည်။ ဖောက်သည်များ အပြည့်အဝစိတ်ကျေနပ်မှုရရှိစေရေးသည် အဓိကပင်ဖြစ်သည်။ ယခုခေတ်တွင် ဖုန်းသုံးစွဲခြင်းကို လူတိုင်းဆောင်ရွက်နေကြပြီဖြစ်သည်။ ထို့ကြောင့် သွားလေရာသယ်ယူသွားနိုင်သည့် ဖုန်းထဲတွင် လူတို့နေရာမရွေး လုပ်ကိုင်တတ်သည့်အချက်များကို ထည့်သွင်းဖွဲ့စည်းလာခြင်းကို တွေ့နိုင်သည်။ ဖုန်းကုမ္ပဏီများသည် Function များ စုံနိုင်သမျှ စုံလင်အောင်ထည့်သွင်းပေးခြင်းဖြင့် မိမိတို့၏ ဖုန်းတစ်လုံးတန်ဖိုးကို မြှင့်တင်ပေးကြသည်။ မော်တော်ကားများတွင်လည်း ကားမောင်းသူနှင့် လိုက်ပါသူများ ကားထဲတွင် လိုချင်သော လိုအပ်သော အချက်များကို စုံနိုင်သမျှစုံလင်စေရန် ဖန်တီးလာခြင်းဖြင့် ဖောက်သည်များ၏ လိုအပ်ချက်နှင့်လိုအင်ဆန္ဒများကို ဖြည့်ဆည်းလာကြသည်ကို တွေ့နိုင်သည်။

ငွေကြေးစီမံခန့်ခွဲခြင်း

ဒုတိယအရေးအကြီးဆုံးအချက်မှာ လုပ်ငန်း၏ ငွေကြေးစီးဆင်းမှုကို စီမံခန့်ခွဲနိုင်ခြင်းဖြစ်သည်။ ဝင်ငွေ နှင့်ထွက်ငွေများ၊ ကုန်ကျစရိတ်များ၊ ငွေကြေးသုံးစွဲမှုများကို စနစ်တကျ စီမံခန့်ခွဲရေး၊ နေ့စဉ်ဝင်ငွေ၊ ထွက်ငွေများကို စာရင်းဇယားအသေးစိတ်ထားရှိရေး စသည်တို့ကို ဦးစားပေးဆောင်ရွက်ရမည်။ ငွေကြေးစီးဆင်းမှု စီမံခန့်ခွဲရေးသည် လုပ်ငန်းမည်မျှသေးငယ်သည်ဖြစ်စေ အထူးဂရုစိုက်လုပ်ကိုင်ပေးရမည့် လုပ်ငန်းဖြစ်သည်။ လုပ်ငန်းတိုင်း အကြွေးနှင့်မကင်းတတ်သော်လည်း လုပ်ငန်းရှင်များသည် အကြွေးဖြင့် ငွေကြေးစီးဆင်းမှုများနေသည်ကို ကိုယ်ပိုင်ငွေသဖွယ်မှတ်ယူပြီး သုံးစွဲတတ်သည်ကို မကြာခဏ မြင်တွေ့နေရတတ်သည်။ အဆိုပါ လုပ်ငန်းရှင်များသည် ငွေကြေးစီးဆင်းမှု၊ စီမံခန့်ခွဲမှုကို အရေးကြီးကိစ္စအဖြစ် မှတ်ယူမထားခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် အကြွေးကိစ္စများအပါအဝင်၊ ဝင်ငွေထွက်ငွေများအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရန်လိုအပ်သည်။ ကုန်ကျစရိတ်များကိုလည်း စနစ်တကျစီမံခန့်ခွဲနေရန်လိုအပ်သည်။

မျှော်မှန်းချက်နှင့် မဟာဗျူဟာ

ဖောက်သည်၏ လိုအပ်ချက်နှင့်လိုအင်ဆန္ဒကို ဖြည့်ဆည်းခြင်းနှင့် လုပ်ငန်း၏ ငွေကြေးစီမံခန့်ခွဲခြင်းတို့နောက်တွင် အဓိကအရေးကြီးသောအချက်မှာ လုပ်ငန်း၏ မျှော်မှန်းချက်နှင့် မဟာဗျူဟာ ဖြစ်သည်ဟုဆိုချင်သည်။ လုပ်ငန်း၏မျှော်မှန်းချက်ကို သေချာစွာမြဲမြံအောင် အစဉ်သတိပြုနေရမည်။ နောင်ဆယ်နှစ် အနှစ်နှစ်ဆယ်တွင် မိမိလုပ်ငန်း မည်သို့ဖြစ်နေမည်ကို မျှော်မှန်းချက် ချမှတ်ထားရမည်ဖြစ်သည်။

❖ ဖောက်သည်များ၏ယုံကြည်မှုသည် လုပ်ငန်း၏ ထုတ်ကုန်အရည်အသွေး သို့မဟုတ် လုပ်ငန်း၏ဝန်ဆောင်မှု အရည်အသွေးပေါ်တွင် များစွာတည်နေသည်။ ထို့ကြောင့် ဖောက်သည်များ ယုံကြည်မှုရအောင် လုပ်ရမည်။ ယုံကြည်သော ဖောက်သည်များ တိုးပွားသည်ထက် တိုးပွားအောင်လုပ်ရမည်။ ပုံမှန်ဖောက်သည်များကို သစ္စာရှိသော ဖောက်သည်များဖြစ်အောင်၊ များအောင် လုပ်ရမည်။ ထိုအချက်များသည် ဖောက်သည်များ အပေါ်ထားသော ဆက်ဆံရေး၊ ဝန်ဆောင်မှုအရည်အသွေး၊ ရောင်းသော ထုတ်ကုန်အရည်အသွေးတို့ပေါ်တွင် လုံးဝတည်မှီနေသည်။ ❖

ထိုနေရာကိုဦးတည်၍ လုပ်ငန်းမဟာဗျူဟာများကို ချမှတ်ပြီး နှစ်စဉ်လစဉ် နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရမည်။ လုပ်ငန်းမည်မျှ ငယ်သည်ဖြစ်စေ မျှော်မှန်းချက်နှင့် မဟာဗျူဟာ ချမှတ်ထားရန် လိုအပ်သည်။ လုပ်ငန်း၏ ရည်မှန်းချက်နှင့် မဟာဗျူဟာ မရေရာပါက ဦးတည်ချက် ပျောက်ပြီး အရင်းအမြစ်များ အားလုံးဆုံးရှုံးနိုင်သည်။ ထို့ကြောင့် လုပ်ငန်း၏ မျှော်မှန်းချက်အပေါ်တွင် ဘာလုပ်မည်၊ ဘယ်သူတွေ ပါဝင်မည်၊ ဘယ်နေရာမှာ ဘယ်သူတွေနဲ့ ဘာလုပ်မည်၊ ဘယ်လိုနည်းစနစ်တွေ ကျင့်သုံးမည်၊ ပြိုင်ဘက်များကို မည်သို့ယှဉ်ပြိုင်မည် စသည်ဖြင့် ကြိုတင်ပြင်ဆင်ထားရမည်။ အခက်အခဲများကို မည်သို့ရင်ဆိုင်မည်၊ မည်သို့ကျော်လွှားမည် တို့ကိုလည်း နည်းဗျူဟာများချမှတ်ထားရန် လိုအပ်သည်။

အရည်အသွေးထိန်းသိမ်းမှုနှင့် ယုံကြည်မှု

မိမိလုပ်ငန်း၏ ဝန်ဆောင်မှုသို့မဟုတ် ထုတ်ကုန်သည် ဖောက်သည်များ၏ ယုံကြည်ကိုးစားမှု ရရှိရေးသည် အလွန်အရေးကြီးသည်။ ဖောက်သည် မရှိလျှင် မိမိလုပ်ငန်းလည်း မရှိနိုင်ပါ။ ထို့ကြောင့် ဖောက်သည်များ၏ လိုအပ်ချက်နှင့်လိုအင်ဆန္ဒကို အကောင်အထည်ဖော်ခြင်းသည် လုပ်ငန်း၏ အဓိကအချက်ဟုဖော်ပြခဲ့ခြင်းဖြစ်သည်။ ဖောက်သည်များ၏ ယုံကြည်မှုသည် လုပ်ငန်း၏ ထုတ်ကုန်အရည်အသွေး သို့မဟုတ် လုပ်ငန်း၏ ဝန်ဆောင်မှု အရည်အသွေးပေါ်တွင် များစွာတည်နေသည်။ ထို့ကြောင့် ဖောက်သည်များ ယုံကြည်မှုရအောင် လုပ်ရမည်။ ယုံကြည်သော ဖောက်သည်များ တိုးပွားသည်ထက် တိုးပွားအောင်လုပ်ရမည်။ ပုံမှန်ဖောက်သည်များကို သစ္စာရှိသော ဖောက်သည်များဖြစ်အောင်၊ များအောင် လုပ်ရမည်။ ထိုအချက်များသည် ဖောက်သည်များ အပေါ်ထားသော ဆက်ဆံရေး၊ ဝန်ဆောင်မှုအရည်အသွေး၊ ရောင်းသော ထုတ်ကုန်အရည်အသွေးတို့ပေါ်တွင် လုံးဝတည်မှီနေသည်။ ထို့ကြောင့် ဖောက်သည်များ၏ ယုံကြည်မှုနှင့် လုပ်ငန်းအရည်အသွေးသည် အဓိကအချက်များတွင် ပါဝင်လာရခြင်းဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်း

လုပ်ငန်းတစ်ခု အောင်မြင်မှုနောက်ကွယ်တွင် အရည်အချင်းရှိပြီး စိတ်ဓာတ်ကောင်းမွန်သော ဝန်ထမ်းများ ရှိနေတတ်သည်။ သင့်လျော်သော အရည်အချင်းနှင့် ကိုက်ညီအောင် ခန့်ထားပေးနိုင်ခြင်း၊ လုပ်ခွင်ပျော်အောင် ဖန်တီးပေးခြင်း၊ စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ထိုက်တန်သော အသိအမှတ်ပြုခြင်း၊ ဝန်ထမ်းများကို ယုံကြည်လေးစားခြင်း စသည့်အချက်များကို ဝန်ထမ်းနှင့်လုပ်သားများအတွက် ဆောင်ရွက်ပေးရန်လိုအပ်သည်။ လုပ်ငန်းတစ်ခုလုံးပင် ရပ်တန့်သွားမည်ဖြစ်သည်။ ထို့ကြောင့် ဖောက်သည်များနှင့် ဈေးကွက်က သတိပြုလာစေရန်၊ သိလာစေရန်၊ လိုချင်လာစေရန်နှင့် အမှန်တကယ် ဝယ်ယူစေရန် ဈေးကွက်ဖော်ဆောင်ခြင်းသည်လည်း အရေးကြီးသော၊ အဓိကကျသော လုပ်ငန်းအောင်မြင်ရေး သော့ချက်တစ်ခုဖြစ်သည်။ ဈေးကွက်ဖော်ဆောင်ရာတွင် လုပ်ငန်းအနေဖြင့်ရှိပြီးဈေးကွက်အတွက်နှင့် မရသေးသော ဈေးကွက်အတွက်ပါ ဈေးကွက်ဖော်ဆောင်ခြင်းကို ဆောင်ရွက်နေရမည်။ အောင်မြင်နေသော လုပ်ငန်းကြီးများကို ကြည့်လျှင် ဈေးကွက်ဖော်ဆောင်ရေးကို မပေါ့ဆဘဲ ငွေကြေးများစွာ ကုန်ကျခံကာ ပြုလုပ်ကြသည်ကို တွေ့နိုင်သည်။ ဖောက်သည်အသစ်ရှာဖွေခြင်းထက် ရှိပြီး ဖောက်သည်များကို ကောင်းမွန်သော ဆက်ဆံရေးနှင့် ကောင်းစွာထိန်းသိမ်းခြင်းက လုပ်ငန်းအတွက် ရေရှည်အကျိုးအမြတ် ပိုမိုဖြစ်ထွန်းစေနိုင်သည်။ ဖောက်သည်များက မိမိလုပ်ငန်း၏ ကောင်းသတင်းကို ဆက်လက်ဖြန့်ဝေခြင်းက ငွေကြေးအကုန်အကျများစွာခံ၍ ကြော်ငြာခြင်းထက်ပင် မြန်ဆန်စွာ ဖောက်သည်သစ်များလည်း တိုးပွားနိုင်သည်။

စာရင်းဇယားအချက်အလက်ပေါ်အခြေခံ၍ ဆုံးဖြတ်ချက်ချခြင်း

အချက်အလက် ကိန်းဂဏာန်းဒိုင်မာမှုရှိခြင်းသည် အရေးကြီးသော လုပ်ငန်းအောင်မြင်ရေး အချက်တစ်ခုဖြစ်သည်။ လုပ်ငန်း၏ စာရင်းဇယား၊ အချက်အလက်ကိန်းဂဏာန်းများကသာ လုပ်ငန်းအခြေအနေကို တိတိကျကျ ဖော်ပြနေခြင်းဖြစ်သည်။ ထို့ကြောင့် ငွေကြေးအပါအဝင် လုပ်ငန်း၏ စာရင်းဇယားများကို မှန်မှန်ကန်ကန် ရေးသွင်းထားခြင်းဖြင့် တစ်လ၊ တစ်နှစ် စသည်ဖြင့် အချိန်ကြာမြင့်လာလျှင် မိမိလုပ်ငန်း၏ အခြေအနေကို ထင်ထင်ရှားရှားမြင်လာရစေသည်။ ရင်ွေ့သုံးငွေများကို နေ့စဉ်စာရင်းမှတ်ထားလျှင်ပင် တစ်လကြာသည့်အချိန်တွင် အရှုံးအမြတ်ကို တွေ့လာရသည်။ ထို့ကြောင့် မည်သည့်အရာကိုမျှ အသေးအဖွဲဟု သဘောမထားဘဲ မှတ်တမ်းစာရင်းဇယား ရေးသွင်းထားသင့်သည်။ ကိုယ်ပိုင်ငွေကြေးကို စီမံခန့်ခွဲရာတွင်လည်း အလားတူမှတ်သားထားခြင်းဖြင့် ဝင်ငွေထွက်ငွေအခြေအနေ၊ စုဆောင်းမိသည့်အခြေအနေ၊ ကုန်ကျစရိတ်လျှော့ချသင့်မသင့်အခြေအနေများကိုသိရှိပြီး ရှေ့ဆက်၍ မည်သို့ဆောင်ရွက်ရမည်ကို သုံးသပ်နိုင်သည်။ မည်သည့်အချက်များကို ဆောင်ရွက်၊ မည်သည့်အချက်များကို ရှောင်ရမည်ကို ကိန်းဂဏာန်းအချက်အလက်များက ဖော်ပြနေမည်ဖြစ်သည်။ ထို့ကြောင့် အချက်အလက် ခိုင်မာမှုမရှိဘဲ ခန့်မှန်းခြေဖြင့် လုပ်ငန်း၏ ရှေ့ရေးသို့မဟုတ်အနာဂတ်ကို ဆုံးဖြတ်ချက် လုံးဝမချမှတ်သင့်ပါ။ ကောလဟလများအပေါ် မှန်ကန်သော သတင်းအချက်အလက်ဟု ယူဆ၍ မဆောင်ရွက်သင့်ပါ။ လုပ်ငန်းတစ်ခု၏ ရှေ့ရေးကို အမှန်အတိုင်းရေးဆွဲထားသည့် စာရင်းဇယားများအပေါ်တွင်သာကြည့်၍ သုံးသပ်ဆုံးဖြတ်သင့်သည်။ ရောင်းအားစာရင်းဇယားများ၊ ကုန်ကျစရိတ်စာရင်းများနှင့် ဈေးကွက်သုတေသန အချက်အလက်များကို အခြေခံ၍သာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းက အမှားအယွင်းကင်းနိုင်မည်ဖြစ်သည်။ လုပ်ငန်းတိုင်းသည် စွန့်စားရသည်ဖြစ်သော်လည်း အချက်အလက်များဖြင့်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်ကို ဆုံးဖြတ်ခြင်းက စွန့်စားမှုကို ကောင်းစွာစီမံခန့်ခွဲနိုင်မည်ဖြစ်သည်။

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စံချိန်စံညွှန်း

လုပ်ငန်းတစ်ခု လည်ပတ်နေသည့်အခါတွင် လုပ်ရိုးလုပ်စဉ်လုပ်ငန်းများဖြင့် လုပ်ကိုင်ရင်း လမ်းကြောင်း သွေဖည်လာတတ်သည်။ လုပ်ငန်း၏ စွမ်းဆောင်ရည်သည်လည်း ကျဆင်းလာတတ်သည်။ အခြားလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်မှုလည်း ကျဆင်းတတ်သည်။ ထိုအားနည်းချက်များကို ကျော်လွှားနိုင်ရန်သည် မိမိလုပ်ငန်းနှင့် လုပ်ငန်းအတွင်းရှိ လူသားအရင်းအမြစ်များ၏ စွမ်းဆောင်ရည်ကို တစိုက်မတ်မတ် မြှင့်တင်ပေးနေရန်လိုအပ်သည်။ ထို့ပြင် လုပ်ငန်းစွမ်းဆောင်ရည်ဆိုရာတွင် လုပ်ငန်းအတွင်းရှိ လုပ်ငန်းငယ်လေးများ အားလုံး၏ စွမ်းဆောင်ရည်ကို လည်းမြှင့်တင်ပေးနေရန်လိုအပ်သည်။ ထို့ကြောင့် လုပ်ငန်းတစ်ခုအတွင်းရှိ ကိစ္စအသီးသီး၏ စံချိန်စံညွှန်း အရည်အသွေးများကို စနစ်တကျ ချမှတ်ထားရေးသည်လည်း အရေးပါသည်ကို တွေ့နိုင်သည်။ လုပ်ငန်းငယ်တစ်ခုချင်းကို စံကိုက်လုပ်ထုံးလုပ်နည်းများ Standard Operation Procedure များ ချမှတ်ပြီးလုပ်ကိုင်နိုင်လျှင် လုပ်ငန်းမြန်ဆန်သွက်လက်သက့ဲသို့ အချိန်ကုန်သက်သာခြင်း၊ ငွေကြေးကုန်ကျစရိတ် သက်သာခြင်း၊ လုပ်ငန်းလည်ပတ်မှုချောမွေ့ခြင်း စသည့်အားသာချက်များ ပိုမိုရရှိ စေနိုင်သည်။

စာရိတ္တနှင့် ကျင့်ဝတ်များ

ရေရှည်တည်တံ့လိုသော လုပ်ငန်းများအတွက် စည်းကမ်းရှိမှု၊ လုပ်ငန်းနှင့်ဖောက်သည်များအပေါ် သစ္စာရှိမှု၊ မျှတသော အမြတ်အစွန်းသာရယူမှု၊ လုပ်ငန်းကျင့်ဝတ် Business Ethics များကို လိုက်နာမှု စောင့်ထိန်းမှု၊ မိမိလုပ်ငန်း၏ ကောင်းသတင်းနာမည် ဂုဏ်သတင်းကို ထိန်းသိမ်းမှု စသည်တို့သည်လည်း စီးပွားရေးလုပ်ငန်းတစ်ခုအတွက် မရှိမဖြစ်သော အဓိကအချက်များမှ တစ်ခုဖြစ်သည်။ ဖောက်သည်တစ်ဦးကိုရောင်းပါမည်ဟု ကတိပြုပြီးနောက်တွင် အခြားသူတစ်ဦးက ထိုဖောက်သည်ပေးသောဈေးထက်

စာမျက်နှာ ၅ သို့ ခ

လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ဒီပဲယင်း အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၉၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၁ ဒသမ ၆၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နေကြာ ၄၉၂၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် နေကြာစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။ (၂၀၆)

အသိရှိသူ ဖြစ်ပါစေ

- ပြောဆိုခြင်းမူ ယဉ်ကျေးသူ ဖြူစင်စိတ်ထား ရှိပါစေ။
- ဒေါသမာန်ကင်း ငြိမ်းအေးခြင်း မယွင်းဇကန် ရှိပါစေ။
- ပြစ်တင်ပြောဆို ရန်မလို သံချိုစကား ရှိပါစေ။
- ငါမာန်အတ္တ မဖော်ပြ လှပရုပ်ဆင်း ရှိပါစေ။
- ကိုယ်ချင်းစာနာ တွေးရှုကာ မေတ္တာတရား ရှိပါစေ။
- လှောင်ပြောင်နေတတ် စည်းဘောင်ခတ် စိတ်ဓာတ်ခိုင်ခိုင် ရှိပါစေ။
- အမုန်းမပွား နှလုံးသား ပြုံးအားများစွာ ရှိပါစေ။
- ခဏတာထင် ဘဝတွင် ခုံမင်ကုသိုလ် ရှိပါစေ။
- ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး အထူးဆပ်နိုင် ရှိပါစေ။
- လူသားအမည် နာမတည် ရွှင်ကြည်မနော ရှိပါစေ။ ရှိပါစေ ရှိပါစေ။ ။

ဗေဒါမောင်(ပညာရေး)

➤ **စာမျက်နှာ ၄ မှအဆက်**

ပိုပေးသည့်အခါမျိုးတွင် မူလဖောက်သည်အပေါ် ကတိမပျက်ယွင်းရေးနှင့် အကျိုးအမြတ်ပိုမို ရရှိခြင်းဟူသော အချက်နှစ်ခုကို ရွေးချယ်ရန် လိုအပ်တတ်သည်။ ကတိတည်လျှင် အကျိုးအမြတ်နည်းမည်၊ ကတိမတည်လျှင် အကျိုးအမြတ်ပိုမိုမည် ဖောက်သည်ဆုံးရှုံးမည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းလုပ်ကိုင်ရာတွင် ဆုံးဖြတ်ရခက်ခဲသည့် လုပ်ငန်းကျင့်ဝတ်များ၊ တွေဝေစေသည့် အကျိုးအမြတ်ကိစ္စများတွင် ကိုယ်ချင်းစာတရားနှင့် ဆင်ခြင်တုံတရားကို လက်ကိုင်ထား၍ ဆုံးဖြတ်သင့်သည်။

ခေတ်ရေစီးကြောင်းနှင့်လိုက်လျောညီထွေဖြစ်ရေး

လုပ်ငန်းတိုင်းသည် ခေတ်မီရန်လိုအပ်သည်။ အထူးသဖြင့် အိုင်တီခေတ်တွင် ပြောင်းလဲမှုများ မြန်ဆန်သဖြင့် ခေတ်မီရန်အတွက် အစဉ်အမြဲနောက်မှ လိုက်နေရတတ်သည်။ မည်သို့ပင်ဖြစ်စေ မိမိလုပ်ငန်းအတွက် လိုအပ်သည့် နည်းပညာများကို ခေတ်နောက်မကျရေးနှင့် ဆုံးဖြတ်ချက်မှန်ရေးကို အထူးသတိပြုဆောင်ရွက်သင့်သည်။ စျေးကွက်ဖော်ဆောင်ခြင်း၊ နည်းဗျူဟာချမှတ်ခြင်း စသည်တို့အပါအဝင် လုပ်ငန်းအများစုတွင် လူသားများသည် အိုင်တီနည်းပညာများ၊ AI နည်းပညာများအကူအညီဖြင့် လုပ်ကိုင်နိုင်လာပြီဖြစ်သည်ကို သတိပြု၍ ခေတ်မီရန်ကြိုးစားကြရမည်ဖြစ်သည်။ အပြောင်းအလဲများဆောင်ရွက်ရာတွင် မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် အထူးသတိပြုရမည်။ ယခင်ကြော်ငြာလုပ်ငန်းများသည် ဘေလ်ဘုတ်များထောင်ခြင်းကို ဦးစားပေးလုပ်ကိုင်ကြရာမှ နောင်တွင် တီဗီများတွင် ကြော်ငြာခြင်းကရှေ့ရောက်လာသည်။ ထို့နောက် လူမှုရေး Social Media များဖြစ်သော Face Book၊ Tiktok စသည်တို့ပေါ်တွင် ကြော်ငြာခြင်းများ ခေတ်စားလာသည်။ ကုန်ကျစရိတ်တွင်လည်း သိသိသာသာကွာခြင်း လျော့ကျလာသဖြင့် လုပ်ငန်းငယ်များအတွက် ရောင်းအားတိုးရေးတွင် ပိုမိုထိရောက်သော ကြော်ငြာမှုများလုပ်ကိုင်နိုင်လာသည်။ အွန်လိုင်းမှ စျေးရောင်းနိုင်ခြင်းကြောင့်လည်း စျေးကွက်ဖော်ဆောင်မှုလုပ်ငန်းများ ပိုမိုတွင်ကျယ်အလုပ်ဖြစ်လာသည်ကိုတွေ့နိုင်သည်။ ထို့ကြောင့် မိမိလုပ်ငန်းခေတ်မီရေးသည် လုပ်ငန်းအောင်မြင်ရေးအတွက် အဓိကကျသော အချက်တစ်ရပ်ဖြစ်လာသည်။ ထိုအချက်နှင့် ဆက်စပ်နေသည့် အပြောင်းအလဲများပြီး၊ အပြောင်းအလဲမြန်သောခေတ်တွင် မိမိလုပ်ငန်းသည် လိုက်လျောညီထွေ ဖြစ်မှုရှိရန်လည်းလိုအပ်သည်။ တိရစ္ဆာန်ငယ်ကလေးများသည် မိမိတို့ကိုယ်ကို ကာကွယ်နိုင်သည့် လက်သည်းများ၊ အစွယ်များနှင့် လက်ခြေသန်မာခြင်းများနည်းပါးသဖြင့် အသက်ရှင်ရပ်တည်ရေးအတွက် ခန္ဓာကိုယ်အရောင်ကို သဘာဝအရောင်နှင့် တူအောင် ပြုလုပ်ထားနိုင်ခြင်းဖြင့် အသက်ရှင်ရပ်တည်ရေးကို ဆောင်ရွက်နိုင်ကြသည်။ ထို့ကြောင့် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်ရေးနှင့် ခေတ်နှင့်အညီဖြစ်ရေးတို့သည်လည်း လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အရေးကြီးသော အချက်တစ်ခုဖြစ်သည်။

စီးပွားရေးလုပ်ငန်းများသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ အထက်ဖော်ပြပါအချက် ၁၀ ချက်ကို လိုက်ပါအကောင်အထည်ဖော်နိုင်ပါက လုပ်ငန်းရှင်သန်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထောက်အပံ့များဖြစ်နိုင်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

ကိုးကား

- **Stephen R. Covey's "The 7 Habits of Highly Effective People" စာအုပ်**

ဇီးကုန်းမြို့နယ် ချောင်းသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဇီးကုန်း အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ချောင်းသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ၊ ငွေစာရင်းပုံစံများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ချောင်းသာယာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၃၈ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၆ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို ငွေကျပ် ၄၅ ဒသမ ၀၅ သန်းထုတ် ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။

သန္တာ

အမေရိကန်ကွန်ဂရက် လွှတ်တော်ရွေးကောက်ပွဲ၌ ပုပ်ရဟန်းမင်းကြီး လီယို ပါဝင်မဲပေးမည်



ဗာတီကန်စီးတီး အောက်တိုဘာ ၃၁

ရိုမန်ကက်သလစ် ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး လီယိုသည် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် အမေရိကန်ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲ၌ ပါဝင်မဲပေးမည်ဟု ဗာတီကန်နန်းတော်က အောက်တိုဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အစီအစဉ်ကြောင့် ပုပ်ရဟန်းမင်းကြီး လီယိုသည် အမေရိကန် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲ၌ ပါဝင်မဲပေးခဲ့သည့် ပထမဆုံးပုပ်ရဟန်းမင်းကြီးအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ် မေလတွင် ရိုမန်ကက်သလစ် ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်ခံခဲ့ရသည့် လီယိုသည် ပထမဆုံးသော အမေရိကန်နိုင်ငံသား ပုပ်ရဟန်းမင်းကြီးလည်း ဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး လီယိုသည် ဒီမိုကရေစီ လုပ်ငန်းစဉ်များ၌ ပါဝင်ရမည့် နိုင်ငံသားတို့၏ တာဝန်နှင့် အခွင့်အရေးကို ယုံကြည်ကြောင်း ဗာတီကန်နန်းတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပုပ်ရဟန်းမင်းကြီး လီယိုသည် အမေရိကန် ကွန်ဂရက် လွှတ်တော်ရွေးကောက်ပွဲအတွက် စာတိုက်မှတစ်ဆင့်မဲပေးရန် စီစဉ်ထားကြောင်း ဗာတီကန်နန်းတော် တာဝန်ရှိသူများက ပြောကြားထားသည်။

အသက် ၇၁ နှစ်ရှိ ပုပ်ရဟန်းမင်းကြီး လီယိုသည် ဆန္ဒမဲပေးရာတွင် ၎င်း၏ မွေးနာမည်ဖြစ်သော ရောဘတ်ဖရန်စစ်ပရီဗို့ အမည်ဖြင့် မဲပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဂျီ-၂၀ ဆွေးနွေးပွဲများတက်ရောက်ရန် ပိုလန်ကိုဖိတ်ကြားမှု သံတမန်လုပ်ထုံးလုပ်နည်းများ ချိုးဖောက်ရာရောက်ကြောင်း ရုရှားပြောကြား

မော်စကို အောက်တိုဘာ ၃၁

ဂျီ-၂၀ ဆွေးနွေးပွဲများ တက်ရောက်ရန် ပိုလန်နိုင်ငံကိုဖိတ်ကြားမှုသည် သံတမန်လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်ရာရောက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က အောက်တိုဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အတ္တလန္တာမြို့၌ အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပခဲ့သော ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ အမေရိကန်အစိုးရ၏ ဖိတ်ကြားချက်အရ ပိုလန်နိုင်ငံခြားရေးဝန်ကြီး ဆိုင်ကော်စကီးလည်း တက်ရောက်ခဲ့သည်။

ဂျီ-၂၀ အဖွဲ့အစည်း၌ အမြဲတမ်း



အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပိုလန်နိုင်ငံပါဝင်ခွင့်ရရှိရေးအတွက် အမေရိကန်အစိုးရက အဆိုပြုထားကြောင်း ပိုလန်နိုင်ငံခြားရေးဝန်ကြီး ဆိုင်ကော်စကီးက အတ္တလန္တာဆွေးနွေးပွဲ၌ ပြောကြားထားသည်။

သို့ရာတွင် ပိုလန်ကို ဂျီ-၂၀ ဆွေးနွေးပွဲများ တက်ရောက်ရန် ဖိတ်ကြားမှုသည် သံတမန်ရေးလုပ်ထုံးလုပ်နည်းများကို ချိုးဖောက်ရာရောက်ကြောင်း ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း သတင်းထောက်များနှင့်တွေ့ဆုံစဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ပြောကြားခဲ့ကြောင်းသိရသည်။

Ref : RT
Trs : KKO

တရုတ်နိုင်ငံ၏ တိုက်ပွဲဝင် မောင်းသူမဲ့ဒရုန်းယာဉ် စီချုပ်စစ်သင်္ဘောပေါ်သို့ အတက်၊ အဆင်းပြုလုပ်

ပေကျင်း အောက်တိုဘာ ၃၁

တရုတ်နိုင်ငံ၏ လေယာဉ်တင်သင်္ဘောအခြေစိုက် ထောက်လှမ်းရေးနှင့် တိုက်ပွဲဝင်မောင်းသူမဲ့ဒရုန်းယာဉ်သည် စီချုပ်ကုန်းရေနှစ်ထွေ စစ်ဆင်ရေးသုံး စစ်သင်္ဘောပေါ်၌ ပထမဆုံး အကြိမ်အဖြစ် အတက်၊ အဆင်း ပြုလုပ်ခဲ့သည်ဟု တရုတ် မီဒီယာများက အောက်တိုဘာ ၃၀ ရက်တွင် သတင်း ထုတ်ပြန်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂျီဂျေ-၂၁ မောင်းသူမဲ့ဒရုန်းယာဉ်သည် တရုတ်နိုင်ငံ၏ ပထမဆုံး လေယာဉ်တင်သင်္ဘော အခြေစိုက် တိုက်ပွဲဝင်မောင်းသူမဲ့ဒရုန်းယာဉ်ဖြစ်ပြီး ရေဒါထောက်လှမ်းမှုကို ရှောင်ရှားနိုင်ကြောင်း သိရသည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) သည် ဂျီဂျေ-၂၁ တိုက်ပွဲဝင် မောင်းသူမဲ့ဒရုန်းယာဉ်သည် ဂျေ-၃၅ နှင့် ဂျေ-၂၀ တိုက်လေယာဉ်တို့ကဲ့သို့ အရွယ်အစား ကြီးမားသော်လည်း ကီလိုမီတာ ၁၅၀၀ မှ ၂၀၀၀ ထိ ပျံသန်း တိုက်ပွဲဝင်နိုင်ကြောင်း သူမဲ့ဒရုန်းယာဉ်ကို ပြီးခဲ့သည့်နှစ် အတွင်းကျင်းပခဲ့သည့် ဒုတိယ ကမ္ဘာစစ်ပြီးဆုံးမှု နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြချီတက်ပွဲတွင် ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့သည်။

ဂျီဂျေ-၂၁ တိုက်ပွဲဝင် မောင်းသူမဲ့ဒရုန်းယာဉ်သည် ဂျေ-၃၅ နှင့် ဂျေ-၂၀ တိုက်လေယာဉ်တို့ကဲ့သို့ အရွယ်အစား ကြီးမားသော်လည်း ကီလိုမီတာ ၁၅၀၀ မှ ၂၀၀၀ ထိ ပျံသန်း တိုက်ပွဲဝင်နိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လက်နက်ကိုင်တပ်များ ခေတ်မီရေးအစီအစဉ်အရ အဆင့်မြင့်နည်းပညာသုံး စစ်သင်္ဘောများ၊ ဂျက်တိုက်လေယာဉ်များ၊ ဒုံးကျည်များဖြင့် မောင်းသူမဲ့ ဒရုန်းယာဉ်စနစ်များကိုလည်း တည်ဆောက်ထုတ်လုပ် လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်ရွေးချယ်ရေးအတွက် အလွတ်သဘောမဲခွဲပွဲ လုံခြုံရေးကောင်စီကျင်းပ

နယူးယောက် အောက်တိုဘာ ၃၁

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ် ရွေးချယ်ရေးအတွက် လုံခြုံရေးကောင်စီက အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပခဲ့သည့် အလွတ်သဘောမဲခွဲပွဲတွင် ကော်စတာရီကာ ဒုတိယသမ္မတဟောင်း ရီဘက်ကာဂရင်းစပင်းက ဆက်လက်ဦးဆောင်နေကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အောက်တိုဘာ ၃၀ ရက် လုံခြုံရေးကောင်စီ အလွတ်သဘောမဲခွဲပွဲတွင် ရီဘက်ကာဂရင်းစပင်းသည် ထောက်ခံမဲ ၁၁ မဲနှင့် ကန့်ကွက်မဲ လေးမဲရရှိထားကြောင်း ကုလသမဂ္ဂသံတမန်များက ပြောကြားထားသည်။

အဆိုပါ အလွတ်သဘောမဲခွဲပွဲတွင် ရီဘက်ကာဂရင်းစပင်းအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံ၏ ထောက်ခံမဲနှင့် ကန့်ကွက်မဲများ မည်မျှရရှိထားသည်ကို မသိရသေးကြောင်း သိရသည်။

ကုလသမဂ္ဂ၏ စည်းမျဉ်းများအရ အတွင်းရေးမှူးချုပ်ရာထူးရယူနိုင်ရန် အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံအပါအဝင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံ အနည်းဆုံး ကိုးနိုင်ငံ၏ ထောက်ခံမဲများ ရရှိရန်လိုအပ်မည် ဖြစ်သည်။

အောက်တိုဘာ ၃၀ ရက် အလွတ်သဘောမဲခွဲပွဲသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်ရွေးချယ်ရေးအတွက် လုံခြုံရေးကောင်စီကပြုလုပ်ခဲ့သည့် သတ္တမအကြိမ်မြောက် အလွတ်သဘောမဲခွဲပွဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဟော်မုဇ်ရေလက်ကြားဌ် ရေနံတင်သင်္ဘော လေးစီး ပေါက်ကွဲမီးလောင်ခဲ့ကြောင်း အီရန်ပြောကြား



တီဟီရန် အောက်တိုဘာ ၃၁

ဟော်မုဇ်ရေလက်ကြားဒေသ၌ ရေနံတင်သင်္ဘောလေးစီး ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားခဲ့သည်ဟု အီရန်တော်လှန်ရေး အစောင့်တပ်က အောက်တိုဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရေနံတင်သင်္ဘော လေးစီးတို့သည် ဖြတ်သန်းခွင့်မရှိသော ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ဖြတ်သန်း နေစဉ် ရေမြုပ်မိုင်းထိမှန်ခဲ့ခြင်း ဖြစ်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ် သတင်းထုတ်ပြန် ချက်၌ ဖော်ပြထားသည်။

ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ သည့် ရေနံတင်သင်္ဘောများအနက် တစ်စီးမှာ ရေနံစိမ်းစည်ပေါင်း နှစ်သန်းကျော် သယ်ဆောင်ထားကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်များ၏ အဆိုအရ သိရသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ယခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် စစ်ရေးအရတိုက်ခိုက်ခဲ့ပြီးနောက် အီရန်နိုင်ငံသည် မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ပိတ်ဆို့ထားသည်။

အီရန်၏ ခွင့်ပြုချက်မရဘဲ ဟော်မုဇ်ရေလက်ကြားကို မဖြတ်သန်းရန် အီရန်တော်လှန်ရေး အစောင့်တပ်က နိုင်ငံတကာ ရေယာဉ်များကို သတိပေးထားကြောင်းသိရသည်။

Ref : RT
Trs : KKO

ကမ္ဘာဂြိုဟ်စတင်ပေါ်ထွက်ချိန်တွင် ကမ္ဘာဂြိုဟ်၏လေထုလွှာကို ဓာတ်ပြုရာမှတစ်ဆင့် ရေဓာတ်စတင်ပေါ်ထွက်လာခြင်းဖြစ်နိုင်ဟုဆို



ဝါရှင်တန် အောက်တိုဘာ ၃၁

ကမ္ဘာဂြိုဟ် စတင်ပေါ်ထွက်ချိန်တွင် ကမ္ဘာဂြိုဟ်ပေါ်သို့ ကျရောက်လာသော ကျောက်သားများနှင့် ကမ္ဘာဂြိုဟ်၏ ဟိုဟ်ဒရိဂျင်ပြည့်ဝသည့် လေထုလွှာကို ဓာတ်ပြုရာမှတစ်ဆင့် ရေဓာတ်စတင် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်ဟု အောက်တိုဘာ ၃၀ ရက်သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ ကမ္ဘာပေါ်သို့ ကျရောက်လာသည့် ကျောက်သားများအတွင်းရှိ အိုင်ယွန်းအောက်ဆိုက် ဓာတုဒြပ်ပေါင်းများသည် လေထုလွှာအတွင်းရှိ ဟိုက်ဒရိဂျင် အက်တမ်များနှင့် ပြင်းထန်သော အပူချိန်အောက်တွင် ဓာတ်ပြုပြီးနောက် ရေဓာတ်နှင့်သံသတ္တုဒြပ်စင်များ ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်ပေါ်ရှိ ပင်လယ်သမုဒ္ဒရာများ အားလုံးသည် အဆိုပါ နည်းလမ်းအတိုင်း ဖြစ်ပေါ်လာခြင်းဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာပေါ်သို့ ကျရောက်လာသည့် ကျောက်သားများထဲတွင် ပါဝင်သော အိုင်းယွန်းအောက်ဆိုက်များနှင့် လေထုလွှာအတွင်းရှိ ဟိုက်ဒရိဂျင်တို့ ဓာတ်ပြုပြီးနောက် ပေါ်ထွက်လာသော သံသတ္တုဒြပ်စင်များမှာ ကမ္ဘာဂြိုဟ်၏သတ္တုဝတ်ဆံလုံးဖြစ်လာကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းစမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ကမ္ဘာပေါ်သို့ ရေဓာတ်များရောက်ရှိလာသည့် နည်းလမ်းကို ဖော်ထုတ်တင်ပြခဲ့ခြင်းဖြစ်သည်။

Ref : Russia Today
Trs : KKO

Nutrafol ခေါ် သောက်ဆေးတစ်မျိုးက ဆံပင်များကို သန်စွမ်းစေနိုင်ဖွယ်ရှိ

လန်ဒန် အောက်တိုဘာ ၃၁

Nutrafol အမည်ရှိ သောက်ဆေးတစ်မျိုးသည် ကျပါးသော ဆံပင်များကို ထူထဲသန်မာလာစေနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ အောက်တိုဘာ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Nutrafol ဆေးသည် ဗီတာမင်ဓာတ်များ၊ တွင်းထွက်ဓာတ်များနှင့် အခြားသဘာဝဖြစ်ပေါင်းများပါဝင်သည့် ဆေးတစ်မျိုးဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ဆံပင်ကျဲပါးသည့် အမျိုးသမီး ၁၈၀ တို့ကို Nutrafol ဆေးဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့သည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Nutrafol ဆေးကို ခြောက်လထိ နေ့စဉ် သောက်သုံးပြီးချိန်တွင် စမ်းသပ်မှုတွင်ပါဝင်သော အမျိုးသမီး၏ ဆံပင်များ ပေါက်ရောက်သန်စွမ်းမှုနှုန်းမှာ ၃၇ ရာခိုင်နှုန်းထိ မြင့်တက်လာသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Non Scarring Alopecia ခေါ် ဆံပင်ကျွတ်ထွက်မှု ပြဿနာပုံစံတစ်မျိုး ခံစားနေရသူ အမျိုးသမီးများတွင် ဗီတာမင်-ဒီ အဆင့် နည်းပါးနေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဗီတာမင်-ဒီ သည် ဆံပင်ကို သန်စွမ်းစေသည့် Keratin ခေါ် ပရိုတင်းတစ်မျိုးအား ကိုယ်ခန္ဓာကထုတ်လုပ်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

အမေဇုန်ကုမ္ပဏီ၏ လီယိုအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အစင်း ၄၀ ကို ဇော်လ်ကန်ဒုံးပျံဖြင့်လွှတ်တင်ရန် United Launch Alliance ကုမ္ပဏီ စီစဉ်ထား

ဝါရှင်တန် အောက်တိုဘာ ၃၁

အမေဇုန်ကုမ္ပဏီ၏ လီယိုအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု အစင်း ၄၀ ကို ဇော်လ်ကန်ဒုံးပျံဖြင့် လွှတ်တင်ရန် United Launch Alliance ကုမ္ပဏီက စီစဉ်ထားသည်ဟု အောက်တိုဘာ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

လီယိုအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအစင်း ၄၀ ကို နိုဝင်ဘာ ၁၃ ရက်တွင် ဇော်လ်ကန် ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း United Launch Alliance ကုမ္ပဏီ က သတင်းထုတ်ပြန်ထားသည်။

United Launch Alliance ကုမ္ပဏီသည် ပင်မဒုံးယာဉ်ပြဿနာကြောင့် ဇော်လ်ကန်ဒုံးပျံ လွှတ်တင်မှုများကို ကိုးလကြာ ရပ်ဆိုင်းထားပြီးနောက် နိုဝင်ဘာ ၁၃ ရက်တွင် ပြန်လည်လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်သည်။



နိုဝင်ဘာ ၁၃ ရက် လီယို အင်တာနက်ဂြိုဟ်တုမစ်ရှင်သည် ဇော်လ်ကန်ဒုံးပျံများအတွက် ပဉ္စမမြောက် အာကာသမစ်ရှင်ဖြစ်သည်။

United Launch Alliance ကုမ္ပဏီသည် ဇော်လ်ကန်ဒုံးပျံများကို ၂၀၂၄ ခုနှစ်တွင် စတင်လွှတ်တင်ခဲ့သော်လည်း ပင်မဒုံးယာဉ်၏ နည်းပညာပိုင်းဆိုင်ရာ ပြဿနာတစ်ရပ်ကြောင့် ယခုနှစ်စပိုင်းတွင် လွှတ်တင်မှု ရပ်ဆိုင်းခဲ့ရသည်။

အမေဇုန်ကုမ္ပဏီသည် လက်ရှိအချိန်ထိ လီယိုအင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုစင်းရေ ၄၀၀ ခန့် လွှတ်တင်ထားပြီးဖြစ်သည်။

Ref : Sputnik News
Trs : KKO

ဒူးခေါင်းအရိုးအဆစ်ရောင်ရမ်းမှုရောဂါကို အမျှင်ဓာတ်ဖြည့်စွက်ဆေးတစ်မျိုးက လျှော့ချနိုင်

လန်ဒန် အောက်တိုဘာ ၃၁

နေ့စဉ်သောက်သုံးရသည့် အမျှင်ဓာတ်ဖြည့်စွက်ဆေးတစ်မျိုးသည် ဒူးခေါင်းအရိုးအဆစ်ရောင်ရမ်းမှုရောဂါကို လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ အောက်တိုဘာ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ နေ့သင်ဟမ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Inulin ခေါ် သဘာဝဇီဝအကျိုးပြုအမျှင်ဓာတ်တစ်မျိုးသည် အရိုးအဆစ်ရောင်ရမ်းမှုရောဂါ လူနာများ၏ နာကျင်မှုခံစားချက်ကို လျှော့ချနိုင်ပြီး ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ဒူးခေါင်းအရိုးအဆစ်ရောင်ရမ်းမှုရောဂါ လူနာ ၁၁၇ ဦးတို့ဖြင့် Inulin ဖြည့်စွက်ဆေးများ၏အာနိသင်ကို လက်တွေ့လေ့လာစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Inulin ဖြည့်စွက်ဆေးများသည် ဒူးခေါင်းအရိုးအဆစ်ရောင်ရမ်းမှုရောဂါ လူနာများ၏ နာကျင်ကိုက်ခဲမှုများကို သိသိသာသာလျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Inulin ဖြည့်စွက်ဆေးများဖြင့် ကုသမှုခံယူထားသည့် လူနာများ၌ ကြွက်သားများသန်မာမှုလည်း ပို၍အားကောင်းလာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

မာလီနိုင်ငံ ဆာဟာရသဲကန္တာရဒေသ၌ အင်္ဂါဂြိုဟ်ဥက္ကာခဲက သက်တမ်းအားဖြင့် အနည်းဆုံးနှစ်ပေါင်း ၄ ဒသမ ၁ ဘီလီယံထိ ရှိပြီဖြစ်

ဝါရှင်တန် အောက်တိုဘာ ၃၁

မာလီနိုင်ငံ ဆာဟာရသဲကန္တာရဒေသ၌ ၂၀၂၂ ခုနှစ်အတွင်း တွေ့ရှိခဲ့ရသော အင်္ဂါဂြိုဟ်ဥက္ကာခဲသည် သက်တမ်းအားဖြင့် အနည်းဆုံးနှစ်ပေါင်း ၄ ဒသမ ၁ ဘီလီယံထိ ရှိပြီဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက်သတင်းများအရသိရသည်။

တီဂါဇော-၀၀၁ ဟူ၍ အမည်ပေးထားသည့် အထက်ပါဥက္ကာခဲသည် ကမ္ဘာပေါ်သို့ကျရောက်ခဲ့သည့် အင်္ဂါဂြိုဟ်ဥက္ကာခဲများအနက် သက်တမ်း ရှေးအကျဆုံးဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် တီဂါဇော-၀၀၁ ဥက္ကာခဲအပါအဝင် အင်္ဂါဂြိုဟ်မှကျရောက်လာသည့် ဥက္ကာခဲပေါင်း ၄၃၅ ခဲထိ ရရှိထားပြီးဖြစ်သည်။

တီဂါဇော-၀၀၁ ဥက္ကာခဲကို လေ့လာခြင်းဖြင့် အင်္ဂါဂြိုဟ် သမိုင်းဦးကာလ ပတ်ဝန်းကျင်အခြေအနေများကို လေ့လာရာတွင် အထောက်အကူပြုနိုင်ကြောင်း၊ တီဂါဇော-၀၀၁ ဥက္ကာခဲသည် အင်္ဂါဂြိုဟ် ပူနွေးစွတ်စိုခဲ့သော ခေတ်ကာလတစ်ခု၏ သက်သေအထောက်အထားဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

တီဂါဇော အင်္ဂါဂြိုဟ်ဥက္ကာခဲကို မာလီနိုင်ငံ ဘီအာချာလီအမည်ရှိ ကျေးရွာအနီး အစိတ်အပိုင်းရှစ်ခုအဖြစ် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး အကြီးဆုံး အစိတ်အပိုင်းမှာ လက်သီးဆုပ်အရွယ် ပမာဏရှိကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



မြန်မာဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များကို ယနေ့ည နေပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၈ နာရီခွဲက YCDC Dream Team အသင်းနှင့် JV FC အသင်းတို့ ကစားခဲ့ရာ YCDC Dream Team အသင်းက ၄စ်ဂိုး တစ်ဂိုး၊ နံနက် ၁၀ နာရီက ပစိဖိတ်ဆန်းဖား အသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်း တို့ကစားခဲ့ရာ ပစိဖိတ်ဆန်းဖား အသင်းက ၂၃ ဂိုး တစ်ဂိုး၊ နံနက် ၁၁ နာရီခွဲက MIU FC အသင်းနှင့် ယူနိုက်တက်စီးတီး အသင်းတို့ ကစားခဲ့ရာ MIU FC အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့်အသီးသီး အနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီခွဲက Royal Noka အသင်းနှင့် Burmese Warrior အသင်းတို့ ကစားခဲ့ရာ Royal Noka အသင်းက ကိုးဂိုး ဂိုးမရှိ၊ မွန်းလွဲ ၂ နာရီခွဲက ရွှေပြည်သာယူနိုက်တက် အသင်းနှင့် Gold Dream အသင်းတို့ ကစားခဲ့ရာ Gold Dream အသင်းက လေးဂိုး ဂိုးမရှိ၊ ညနေ ၄ နာရီက YRG FC အသင်းနှင့် ULAD FC အသင်းတို့ကစားခဲ့ရာ YRG FC အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် အသီးသီး အနိုင်ရခဲ့သည်။

မြန်မာ ဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၆)အပြီးတွင် ပစိဖိတ်ဆန်းဖားအသင်းက ၁၄ ပွဲ နိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၄၃ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

STA



ပဲရစ်မာစတာတင်းနစ်ပြိုင်ပွဲမှ မန်ဆစ် ဒဏ်ရာကြောင့် နုတ်ထွက်

ပဲရစ် အောက်တိုဘာ ၃၁

ချက်ထိပ်တန်းတင်းနစ်ကစားသမားတစ်ဦးဖြစ်သည့် မန်ဆစ်သည် ဦးခေါင်းဒဏ်ရာကြောင့် ပဲရစ်မာစတာ တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ဆစ်သည် လက်ရှိ ဩစတြီးယားနိုင်ငံတွင် ကျင်းပနေသည့် ဗီယင်နာအိုးပင်းတင်းနစ် ပြိုင်ပွဲ၌ စတုတ္ထအဆင့်ပွဲစဉ် ကစားနေစဉ် ကွင်းအတွင်းလဲကျခဲ့ပြီး ဦးခေါင်းဒဏ်ရာရရှိခဲ့ပြီးနောက် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

ထို့နောက် မန်ဆစ်သည်ဆေးစစ်မှုများလုပ်ဆောင်ခဲ့ရာ အနားယူရန် လိုအပ်နေသည့်အတွက် ဗီယင်နာအိုးပင်းတင်းနစ် ပြိုင်ပွဲအပြင် ပဲရစ်မာစတာ တင်းနစ်ပြိုင်ပွဲကိုပါ ဝင်ရောက် ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

မန်ဆစ်က “ကျွန်တော့်ဆေးအဖွဲ့ကပြောတာကတော့ ကြံ့ခိုင်မှုပြန်လည်ပြည့်ဝဖို့ အနားယူဖို့ လိုတယ်လို့ ပြောပါတယ်။ ဒါ့ကြောင့် ပဲရစ်မာစတာတင်းနစ်ပြိုင်ပွဲကို ကျွန်တော်ကစားနိုင်မှာ မဟုတ်တော့ပါဘူး။ ဒါပေမဲ့ အဓိကပြိုင်ပွဲဖြစ်တဲ့ ဒေးဗစ်အိုးပင်းတင်းနစ်ပြိုင်ပွဲအတွက် ကြံ့ခိုင်မှုပြည့်ဝအောင် ပြင်ဆင်နေပါတယ်” ဟု ပြောကြားခဲ့သည်။

ဒေးဗစ်အိုးပင်း တင်းနစ်ပြိုင်ပွဲသည် ထိပ်တန်းအဆင့်ပြိုင်ပွဲဖြစ်သည့်အတွက် မန်ဆစ်ကပါဝင်ကစားခွင့်ရရှိရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA

မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် မန်ယူအသင်းဂန္ဓဝင်ကစားသမားလေးဦး အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)သို့ လာရောက်လည်ပတ်



ရန်ကုန် အောက်တိုဘာ ၃၁

Legendary Players Meet & Greet in Yangon အစီအစဉ်အဖြစ် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် မန်ယူအသင်း၏ ဂန္ဓဝင်ကစားသမားလေးဦးဖြစ်သည့် အီဗရာ၊ ဗလင်စီယာ၊ အန်ဒါဆန်၊ ဖေဘီယို ဆေးဗားတို့သည် ယနေ့တွင် ရန်ကုန်မြို့ရှိ အမျိုးသားဘောလုံး အကယ်ဒမီ(ရန်ကုန်)သို့ သွား ရောက် လေ့လာလည်ပတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မန်ယူအသင်းဂန္ဓဝင် ကစားသမားများဖြစ်သည့် အီဗရာ၊ ဗလင်စီယာ၊ အန်ဒါဆန်၊ ဖေဘီယို ဆေးဗားတို့သည် Legendary Players Meet & Greet in Yangon အစီအစဉ်အဖြစ် အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး ယနေ့တွင် ဒုတိယမြောက်နေ့အဖြစ် အမျိုးသား ဘောလုံးအကယ်ဒမီ(ရန်ကုန်) သို့ လာရောက် လည်ပတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကစားသမားလေးဦးသည် အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)သို့ ရောက်ရှိခဲ့ပြီးနောက် အကယ်ဒမီနည်းပြများနှင့် တွေ့ဆုံမိတ်ဆက်ခြင်း၊ အကယ်ဒမီ လူငယ်ကစားသမားများနှင့် တွေ့ဆုံမိတ်ဆက်ခြင်းများ ပြုလုပ်ခဲ့ပြီးနောက် အကယ်ဒမီ ကစားသမားများကို ၎င်းတို့၏ ပရော်ဖက်ရှင်နယ် ကစားသမား ဘဝနှင့် ပတ်သက်သည့်အတွေ့အကြုံများကို မျှဝေခြင်း၊ ဘောလုံး နည်းစနစ်များကို သင်ကြား ပြသပေးခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

ထို့နောက် အဆိုပါကစားသမားလေးဦးသည် အကယ်ဒမီနည်းပြ အဖွဲ့ဝင်များ၊ လူငယ်ကစားသမားများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပြီးနောက် နှုတ်ဆက်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

STA

Ballon d’Or ဆုအတွက် ရမှတ်စာရင်းထွက်ပေါ်ခဲ့ပြီးနောက် စပိန်အသင်းနှင့် ဘာစီလိုနာအသင်းမှ လမိုင်းယာမယ် အဆင့်(၃)နေရာတွင်သာ ရပ်တည်နိုင်ခဲ့

ဘာစီလိုနာ အောက်တိုဘာ ၃၁

ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုဖြစ်သည့် Ballon d’Or ဆုအတွက် ရမှတ်များထွက်ပေါ်ခဲ့ပြီးနောက် စပိန်အသင်းနှင့် ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်က အဆင့်(၃)နေရာတွင်သာ ရပ်တည်ခဲ့ကြောင်း TNT Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်(ဖီဖာ)နှင့် ပြင်သစ်မဂ္ဂဇင်းတို့ ပူးပေါင်းချီးမြှင့်သည့် Ballon d’Or ဆုကို လမိုင်းယာမယ်က အင်္ဂလန် အသင်းနှင့် ဘိုင်ယန်မြူးနစ် အသင်းမှ ဟယ်ရီကိန်းနှင့်အပြိုင် ရေပန်းစားခဲ့သော်လည်း ဟယ်ရီကိန်းက ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

Ballon d’Or ဆုပေးပွဲပြီးနောက် ရမှတ်များကို ထုတ်ပြန်ခဲ့ရာ ဟယ်ရီကိန်းက စုစုပေါင်းရမှတ် ၁၀၅၅ မှတ်ဖြင့် ဆွတ်ခူးခဲ့ခြင်း ဖြစ်ပြီး ၎င်း၏နောက်တွင် ပြင်သစ် အသင်းနှင့် ရီးရဲလ်မက်ဒရစ် အသင်းမှ အမ်ဘာတ်ပီက ရမှတ် ၁၀၂၇ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး လမိုင်းယာမယ်က ရမှတ် ၈၈၁ မှတ်ဖြင့် တတိယနေရာတွင်သာ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

Ballon d’Or ဆုအတွက် ရမှတ်များစာရင်း၌ ဟယ်ရီကိန်း၊ အမ်ဘာတ်ပီ၊ လမိုင်းယာမယ်တို့နောက်တွင် စပိန်အသင်းနှင့် ဘာစီလိုနာအသင်းမှ ရှိဒရိက ၇၂၆ မှတ်၊ အာဂျင်တီးနားအသင်းနှင့် အင်တာမီယာမီအသင်းမှ မက်ဆီက ၆၁၂ မှတ်ဖြင့် ပဉ္စမနေရာတွင် ရပ်တည်ခဲ့ကြောင်းသိရသည်။

Ref : TNT Football

Trs : STA

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှူအာတို့ပွဲစဉ်တွင် ဝိုင်ဒါနှင့် အိုပီတိုင်ယာတို့ပွဲစဉ် ထည့်သွင်းထိုးသတ်ရန် သဘောတူညီမှုရရှိ

လန်ဒန် အောက်တိုဘာ ၃၁

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှူ အာတို့ပွဲစဉ်တွင် အမေရိကန် လက်ဝှေ့သမားဝိုင်ဒါနှင့် ဩစတြေးလျလက်ဝှေ့သမား အိုပီတိုင်ယာတို့ပွဲစဉ်ကိုပါ ထည့်သွင်းထိုးသတ်ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း Boxing World သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှူ အာတို့သည် လာမည့် ဒီဇင်ဘာ ၃၁ ရက်တွင် ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့၌ ထိုးသတ်မည်ဖြစ်ပြီး အဆိုပါပွဲစဉ် ဝိုင်ဒါနှင့် အိုပီတိုင်ယာတို့က ထိုးသတ်ရန်အတွက် သဘောတူညီမှု ရရှိခဲ့ခြင်း ဖြစ်သည်။

လက်ရှိတွင် ဝိုင်ဒါသည် ဟဲဗီးဝိတ်တန်းတွင် ထိုးသတ်နေကာ WBC ကမ္ဘာ့ချန်ပီယံဟောင်း တစ်ဦးဖြစ်ပြီး အိုပီတိုင်ယာသည် ခရူဇာဝိတ်တန်းတွင် ထိုးသတ်နေသည့် IBF ကမ္ဘာ့ချန်ပီယံဟောင်း တစ်ဦးဖြစ်သည်။

၎င်းတို့နှစ်ဦးသည် ဝိတ်တန်း တူညီခြင်း မရှိသော်လည်း တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှူအာတို့ ပွဲစဉ်တွင် ထိုးသတ်ရန် သဘောတူညီမှု ရရှိပြီးနောက် မကြာမီစာချုပ် ချုပ်ဆိုကာ လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ဝိုင်ဒါသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတွင် ၄၅ ပွဲနိုင်၊ လေးပွဲရှုံး၊ တစ်ပွဲသရေ ရလဒ် ပိုင်ဆိုင်ထားသူဖြစ်ပြီး အိုပီတိုင်ယာသည်လည်း ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝ ၃၂ ပွဲ ထိုးသတ်ခဲ့ရာ ၃၂ ပွဲလုံး အနိုင်ရရှိထားသူ ဖြစ်ကြောင်း သိရသည်။

Ref : Boxing World

Trs : STA

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ချဲလ်ဆီးအသင်းက မန်ယူအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

လန်ဒန် အောက်တိုဘာ ၃၁

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) အဖြစ် ယနေ့ညဉ့်ပိုင်းက ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် မန်ယူအသင်းတို့ ပွဲစဉ်တွင် ချဲလ်ဆီးအသင်း က အိမ်ကွင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။



ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် နှစ်သင်းလုံး အပြန်အလှန် ဖိအားပေးမှုများဖြင့် ပိုမို အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် မိနစ် ၅၀ တွင် ရော်ဂျာက ချဲလ်ဆီးအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။

ဆက်လက်ပြီး လက်ကျန်ပွဲချိန်များတွင် မန်ယူအသင်းက ချေပဂိုးအတွက်ပြန်လည်ဖိအားပေးကစားရန် ကြိုးပမ်းခဲ့ရာ ပွဲချိန် ၅၉ မိနစ်တွင် မန်ယူအသင်းမှ မာတီနက်ဇ်ကချဲလ်ဆီးအသင်းမှ ရော်ဂျာကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် အဝါကတ်ပြသခံခဲ့ရသကဲ့သို့ ပွဲချိန် ၆၃ မိနစ်တွင် မာတီနက်ဇ်ကပင် ဖိုဖာနာကို ဂိုး ပေါက်ဇရိယာအတွင်း ဖျက်ထုတ်ပုံ ကြမ်းတမ်းခဲ့သည့်အတွက် ဒုတိယအကြိမ် အဝါကတ်ပြသခံခဲ့ရကာ နှစ်ဝါတစ်နီဖြင့်ထုတ်ပယ်ခံခဲ့ရသည့်အပြင် ချဲလ်ဆီးအသင်းက ပင်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့သည်။

ချဲလ်ဆီးအသင်း ရရှိခဲ့သည့် ပင်နယ်တီကို ကိုးလ်ပယ်မာက သွင်းယူခဲ့ပြီးနောက် ချဲလ်ဆီးအသင်းက အိမ်ကွင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

ပီအက်စ်ဂျီအသင်းတွင် နိုင်ပွဲအများဆုံး နည်းပြအဖြစ် နည်းပြအင်းနရစ်ထိပ်ဆုံးမှ ရပ်တည်

ပဲရစ် အောက်တိုဘာ ၃၁

ပီအက်စ်ဂျီ အသင်းနည်းပြအင်းနရစ်သည် အသင်းသမိုင်းတစ်လျှောက် နိုင်ပွဲအများဆုံး နည်းပြများစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်လီဂူးဝမ်း ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းက လီဟာဗေးအသင်းကို ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီးနောက် နည်းပြအင်းနရစ်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ နိုင်ပွဲ ၁၂၇ ပွဲထိ ရှိလာခဲ့သည့်အတွက် နိုင်ပွဲအများဆုံး နည်းပြအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက နည်းပြအင်းနရစ်သည် ပီအက်စ်ဂျီအသင်းသမိုင်းတစ်လျှောက် နိုင်ပွဲအများဆုံး နည်းပြစာရင်းတွင် နည်းပြဟောင်း လောရင့်ဘလန့်နှင့်အတူ နိုင်ပွဲ ၁၂၆ ပွဲဖြင့် ထိပ်ဆုံး၌ ပူးတွဲရပ်တည်နေသော်လည်း လီဟာဗေးအသင်း နှင့်ပွဲစဉ်အပြီးတွင် လောရင့်ဘလန့်ကို တစ်ပွဲအသာဖြင့် ကျော်ဖြတ်ပြီး အသင်းသမိုင်း တစ်လျှောက် နိုင်ပွဲအများဆုံး နည်းပြအဖြစ် ရပ်တည်ခဲ့ခြင်း ဖြစ်သည်။

နည်းပြအင်းနရစ်သည် ၂၀၂၃ ခုနှစ်က ပီအက်စ်ဂျီအသင်းကို တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီ နှစ်ရာသီဆက် ချန်ပီယံလိဂ်ဖလားဆွတ်ခူးခဲ့သည့်အပြင် ပြင်သစ်လီဂူးဝမ်း ဖလားသုံးကြိမ်၊ ပြင်သစ်ကိုပါဒယ် ရေးဖလားနှစ်ကြိမ်၊ ဥရောပစူပါ ဖလားနှစ်ကြိမ်၊ ဆွတ်ခူးခဲ့သူ ဖြစ်သည်။

ထို့ပြင် နည်းပြအင်းနရစ်သည် ပီအက်စ်ဂျီအသင်း သမိုင်းတစ်လျှောက်တွင် ချန်ပီယံလိဂ်ဖလားကို ပထမဆုံး ဆွတ်ခူးနိုင်သည့် နည်းပြဖြစ်သည့်အပြင် နှစ်ကြိမ်ဆက် ဆွတ်ခူးနိုင်သည့် နည်းပြအဖြစ်ပါ ရပ်တည်ခဲ့သူဖြစ်ကြောင်းသိရသည်။ **Ref : Fotmob**
Trs : STA

ချဲလ်ဆီးအသင်းမှ အဓိကခံစစ်ကစားသမား လာခရော့ ဘယ်ဘက်တံကောက်ကြောဒဏ်ရာကြောင့် လာမည့်နှစ် ဇန်နဝါရီလထိအနားယူရမည်

လန်ဒန် အောက်တိုဘာ ၃၁

ချဲလ်ဆီးအသင်း အဓိကခံစစ်ကစားသမား တစ်ဦးဖြစ်သည့် လာခရော့သည် ဘယ်ဘက်တံကောက်ကြော ဒဏ်ရာကြောင့် လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီလထိ ကာလရှည်အနားယူရမည်ဖြစ်ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်ရှိ လာခရော့သည် အောက်တိုဘာ ၂၉ ရက်က ကွာရာဘောင်းဖလား ပွဲစဉ်အဖြစ် ကစားခဲ့သည့် လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ပွဲစဉ်တွင် ဘယ်ဘက်တံကောက်ကြော ဒဏ်ရာရရှိခဲ့ပြီးအသေးစိတ် စစ်ဆေးမှုများလုပ်ဆောင်ခဲ့ရာ ဒဏ်ရာပြင်းထန်နေသည့် အတွက် လာမည့်နှစ် ဇန်နဝါရီလထိ အနားယူရမည့်အရေးနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်း နည်းပြ အလွန်ဆိုက “အသင်းဆေးအဖွဲ့ အကြောင်းကြား လာတာကတော့ စိတ်မကောင်းစရာဘဲ လာခရော့ အနေနဲ့ ဒဏ်ရာကြောင့် ဇန်နဝါရီလထိ အနားယူရမှာပါ။ လာခရော့ အတွက်တော့ စိတ်မကောင်းပါဘူး၊ သူ့အနေနဲ့ အမြန်ဆုံးပြန်လည် သက်သာလာနိုင်ဖို့ မျှော်လင့်ပါတယ်။ လာခရော့ ဒဏ်ရာရရှိခဲ့တာ အသင်းအတွက် ကြီးမားတဲ့ထိုးနှက်ချက်ပါပဲ”ဟု ပြောကြားခဲ့သည်။

လာခရော့သည် ယခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ခရစ္စတယ်ပဲလေ့စ် အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး နည်းပြအလွန်ဆိုလက်အောက်တွင် အဓိကကစားသမားအဖြစ်ပါဝင်ကစားခွင့်ရရှိနေသူဖြစ်ကြောင်း သိရသည်။

Ref : 365 Scores
Trs : STA

ဂျပန်အိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဖာနန်ဒက်နှင့် ရှုနိုင်ဒါတို့ တွေ့ဆုံ





တိုကျို အောက်တိုဘာ ၃၁

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပနေသည့် ဂျပန်အိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ ယနေ့တွင်ပြီးဆုံးခဲ့ပြီးနောက် ကနေဒါတင်းနစ်မယ် ဖာနန်ဒက်နှင့် ရုရှားတင်းနစ်မယ် ရှုနိုင်ဒါတို့ ဗိုလ်လုပွဲအဆင့်တွင် တွေ့ဆုံနေကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဖာနန်ဒက်က ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ကစားရမည်ဖြစ်သော်လည်း ရိုင်ဘာကီနာအနေဖြင့် ပွဲစဉ်မတိုင်မီ လည်ပင်းဒဏ်ရာကြောင့် နုတ်ထွက်ခဲ့သည့်အတွက် ဖာနန်ဒက်က ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ရာ ဆီမီးဖိုင်နယ်အဆင့်တွင် ဥဇဘက်ကစ္စတန်တင်းနစ်မယ် ရာခီနိုဗာကို နှစ်ပွဲပြတ်ဖြင့်အနိုင်ရပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ရှုနိုင်ဒါသည်လည်း ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေ အဆင့်(၃)သတ်မှတ်ခံထားရသည့် တင်းနစ်မယ်ဖြစ်ပြီး ပြိုင်ပွဲတွင် ရလဒ်ကောင်းများရယူခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် ပိဟန်ကိုဗာကို နှစ်ပွဲပြတ်ဖြင့်အနိုင်ရပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ဂျပန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဖာနန်ဒက်နှင့် ရှုနိုက်ဒါတို့သည် နိုဝင်ဘာ ၁ ရက်တွင် ဆက်လက် ကစားမည်ဖြစ်ကြောင်း သိရသည်။ **Ref : AGTP Tennis**
Trs : STA

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကိုယ်စီအနိုင်ရ



ရန်ကုန် အောက်တိုဘာ ၃၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မြန်မာလိဂ်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို ယနေ့ညနေပိုင်းက တောင်ကြီးမြို့နှင့် ပုသိမ်မြို့တို့တွင် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကိုယ်စီအနိုင်ရခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၄ နာရီခွဲက ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းတွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်တွင် ဇော်ဝင်းသိန်း၊ ပွဲချိန် ၃၅ မိနစ်တွင် အောင်မျိုးခန့်၊ ပွဲချိန် ၄၈ မိနစ်တွင် သန်းပိုင်၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုလေးမိနစ်တွင် ပြည့်မိုးတို့က သွင်းယူခဲ့ပြီး ဧရာဝတီယူနိုက်တက်အသင်း အတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၉၀ တွင် ထွန်းထွန်းက သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရှမ်းယူနိုက်တက်အသင်း အတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် စအောင်ပြည့်ကိုက သွင်းယူခဲ့သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁ ရက်တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်း၊ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်းသိရသည်။ **STA**

စိုက်ပျိုးရေးအတွက် အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်

နော်အဲလင်း(စိုက်ပျိုးရေး)

အယ်လ်နီညိုဖြစ်စဉ်သည် ၂၀၂၆ ခုနှစ် ဇွန်လ ဆန်းပိုင်းကတည်းက စတင်အစပျိုးခဲ့ပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် အရှိန်အဟုန်အမြင့်ဆုံးသို့ ရောက်ရှိလာမည်ဖြစ်ကာ မိုးလေဝသသမိုင်းတစ်လျှောက် အားအကောင်းဆုံး စံချိန်တင်အဆင့်သို့ ကူးပြောင်းသွားမည်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

ယနေ့ကမ္ဘာကြီးတွင် ကြုံတွေ့နေရသည့်ရာသီဥတုဖောက်ပြန်မှုများသည် လူသားတို့၏ စားရေရိက္ခာဖူလုံရေးကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိရာ အယ်လ်နီညိုဖြစ်စဉ်သည် ပုံမှန်ထက် ပြင်းထန်သည့်အပူဒဏ်၊ မိုးခေါင်ရေရှားမှုဒဏ်တို့နှင့်အတူ မြန်မာ့လယ်ယာစိုက်ပျိုးရေးကို ရိုက်ခတ်လာနေပြီဖြစ်သည်။

သီးနှံစိုက်ချိန် ကမောက်ကမဖြစ်ခြင်း

ရာသီဥတုမတည်ငြိမ်မှုများဖြစ်သည့် မိုးဦးကျနောက်ကျခြင်း၊ မိုးရွာသွန်းမှုနည်းခြင်း သို့မဟုတ် မိုးရွာသွန်းမှု အဆက်ပြတ်ခြင်းတို့ကြောင့် တောင်သူများ သီးနှံစတင်စိုက်ပျိုးရန်၊ ပျိုးထောင်ရန်၊ မျိုးစေ့ချရန်နောက်ကျခြင်းဖြင့် ရင်ဆိုင်ကြရသည်။ စိုက်ပျိုးချိန်ကာလနောက်ကျခြင်းသည် သီးနှံပင်များ၏ ကြီးထွားမှုနှေးကွေးစေပြီး ရိတ်သိမ်းချိန်ကို ပုံမှန်ထက် ပိုမိုနောက်ကျစေသည်။ အကျိုးဆက်အနေဖြင့် သီးနှံများ ရိတ်သိမ်းပြီး တလင်းထဲ၌ရှိနေစဉ် ရာသီလွန်မိုးများနှင့် အခြားရာသီဥတုအခြေအနေများကြောင့် အပင်ပေါက်ခြင်း၊ မှိုစွဲခြင်းနှင့် ပျက်စီးခြင်း စသည့်အရည်အသွေးပိုင်းဆိုင်ရာဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။ ထို့ပြင် ပထမသီးနှံ ရိတ်သိမ်းချိန်နောက်ကျသောကြောင့် ဒုတိယသီးနှံအတွက် မြေပြင်ရန်နှင့် မျိုးစေ့ချရန် အချိန်လုံလောက်စွာမရတော့ဘဲ စိုက်ပျိုးရာသီတစ်ခုလုံးကို လက်လွှတ်ရသည်ထိ ကွင်းဆက်လိုက်ဆိုးကျိုးများကို ရင်ဆိုင်ရနိုင်သည်။ သို့ဖြစ်ရာ တောင်သူများအနေဖြင့် ရာသီဥတုသတင်းများကို စောင့်ကြည့်နားထောင်ပြီး သက်တမ်းတို မျိုးများကို ပြောင်းလဲစိုက်ပျိုးရန် အထူးလိုအပ်လှသည်။

မြေဆီလွှာ အရည်အသွေးကျဆင်းခြင်း

လွန်ကဲသောအပူရှိန်နှင့် ကာလရှည်မိုးခေါင်မှုတို့သည် မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာနှင့်ဇီဝကမ္မတည်ဆောက်ပုံကို ပျက်စီးစေသည်။ မြေဆီလွှာအတွင်းရှိ အပင်များကိုအကျိုးပြုသော ဘက်တီးရီးယားများနှင့်တီကောင်များသည် လုံလောက်သော အစိုဓာတ်မရှိခြင်းနှင့် မြေအောက်အပူချိန်မြင့်မားလာခြင်းတို့ကြောင့် သေဆုံးကြသဖြင့် မြေကြီး၏ သဘာဝဂေဟစနစ် ပျက်စီးရသည်။ ထို့ပြင် မြေမျက်နှာပြင် အက်ကွဲခြောက်သွေ့လာသည့်အခါ လေပြင်းများကြောင့် အာဟာရအကြွယ်ဝဆုံးဖြစ်သော အပေါ်ယံမြေဆီလွှာများ လေလွင့်ဆုံးရှုံးလွယ်ခြင်း၊ မြေဆီဩဇာဓာတ်ခန်းခြောက်ခြင်းတို့ ဖြစ်ပေါ်ကာ ရေရှည်တွင် စိုက်ပျိုးမြေများ သဲဆန်ပြီး သီးနှံဖြစ်ထွန်းမှုအားနည်းသော မြေရိုင်းများအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။ မြေဆီလွှာအရည်အသွေးပျက်စီးမှုသည် အယ်လ်နီညိုဖြစ်စဉ်ပြီးသွားသည့် တိုင်အောင် လယ်ယာမြေများကို ပြန်လည်ပြုပြင်ရန် နှစ်ပေါင်းများစွာ အချိန်ယူရသဖြင့် တောင်သူများအနေဖြင့် မြေဖုံးစနစ်၊ သဘာဝမြေဩဇာပိုမိုသုံးစွဲမှုစနစ်တို့ဖြင့် မြေဆီလွှာကို ကြိုတင်ကာကွယ်ထားရန် အထူးလိုအပ်လှသည်။

စိုက်ပျိုးရေပြတ်လပ်ခြင်း

လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားပါးခြင်းများဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ ရေအရင်းအမြစ်ခန်းခြောက်လာမှုသည် ဆည်ရေနှင့် မြေအောက်ရေကို အဓိကမှီခိုအားထားရမည့် ဆောင်းသီးနှံနှင့် နွေသီးနှံများတွင် စိုက်ပျိုးရေပြတ်လပ်မှု အကျပ်အတည်းကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် စိုက်ပျိုးရေ ပြတ်လပ်မှုဒဏ်ကို မခံစားရအောင် ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်သည်။

သီးနှံအထွက်နှုန်းကျဆင်းခြင်း

ပြင်းထန်အပူရှိန်သည် မြေဆီလွှာအတွင်းရှိ အစိုဓာတ်များကို လျင်မြန်စွာအငွေ့ပြန်ခန်းခြောက်စေသည်။ ကောက်ပဲသီးနှံများသည် ရေတံခြင်းနှင့်အပူဒဏ်ကို တစ်ပြိုင်နက်တည်း ခံစားရသောအခါ ၎င်းတို့၏ဇီဝကမ္မဖြစ်စဉ်များ ပုံမှန်မလည်ပတ်နိုင်တော့ဘဲ အရွက်များညှိုးနွမ်းကာ ကြီးထွားမှုရုတ်တရက်ရပ်တန့်သွားသည်။ သီးနှံများ၏ အရည်အသွေးအထိခိုက်လွယ်ဆုံးဖြစ်သည့် အဖူးဖူးချိန်၊ အပွင့်ပွင့်ချိန်၊ ဝတ်မှုန်ကူးချိန်နှင့် အဆန်အောင်ချိန်များတွင် အပူဒဏ်မိပါက ဝတ်မှုန်များ ခြောက်သွေ့ကာ အပွင့်များ ကြွေကျပျက်စီးခြင်းကို ဖြစ်ပေါ်စေသည်။ ရှင်သန်ကျန်ရစ်သည့် သီးနှံများမှာ အစေ့အဆန်မအောင်ခြင်းကြောင့် သီးနှံအထွက်နှုန်းလျော့ကျနိုင်သည်။ စိုက်ပျိုးသော သီးနှံများအရည်အသွေးညံ့ဖျင်းပြီး စျေးကောင်းမရနိုင်သဖြင့် တောင်သူများအတွက် အကျိုးစီးပွားမဖြစ်ဘဲ လူမှုစီးပွားဘဝ အကျပ်အတည်းများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ပြင်းထန်အပူရှိန်ဒဏ်မှ သီးနှံများကို အကာအကွယ်ပေးနိုင်မည့် နည်းစနစ်များကို အချိန်မီပြောင်းလဲကျင့်သုံးရမည်။


ဖျက်ပိုးနှင့်ရောဂါများ ပိုမိုကျရောက်ခြင်း

ရာသီဥတုပူပြင်းခြောက်သွေ့လွန်းလျှင် သီးနှံဖျက်ပိုးများနှင့် အပင်ရောဂါများ လျင်မြန်စွာ ပွားများကျရောက်တတ်သည်။ အပူချိန်မြင့်မားလွန်းခြင်းသည် ဖျက်ပိုးများ၏ ဇီဝကမ္မစနစ်ကို လှုံ့ဆော်ပေးသကဲ့သို့ဖြစ်စေပြီး ၎င်းတို့၏ မျိုးပွားမှုသံသရာကို ပုံမှန်ထက် ပိုမိုမြန်ဆန်စေကာ အရေအတွက် အဆမတန်တိုးပွားလာစေရန် အကောင်းဆုံးအခြေအနေကို ဖန်တီးပေးသည်။ ရေတံပြီး အားနည်းနေသော သီးနှံပင်များသည် ပိုးမွှားနှင့်ရောဂါဒဏ်ကို တွန်းလှန်နိုင်စွမ်းကျဆင်းနေသဖြင့် ဖျက်ပိုးများအလွယ်တကူ ဖျက်ဆီးခံရသည်။ အပူရှိန်ကြောင့် အပင်တွင်ဖြစ်ပေါ်လာသောဒဏ်ရာများမှတစ်ဆင့် ဘက်တီးရီးယားနှင့် မှိုရောဂါများ ဝင်ရောက်လာတတ်သည်။ တောင်သူများအနေဖြင့် မိမိတို့၏စိုက်ခင်းများကို နေ့စဉ်မပြတ် ကွင်းဆင်းစစ်ဆေးရန်လိုအပ်ပြီး သက်ဆိုင်ရာဌာနများက အချိန်မီထုတ်ပြန်သည့် ဖျက်ပိုးရောဂါ ကြိုတင်ကာကွယ်ရေးသတိပေးချက်များနှင့် ပိုးမွှားကင်းစင်ရေး လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

ပင်လယ်ရေငန်ဝင်ရောက်ခြင်း

မိုးနည်းပါးချိန်တွင် မြစ်ချောင်းများမှ စီးဆင်းသော ရေချိုပမာဏသည် ပုံမှန်ထက် လျော့နည်းသွားသည်။ မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများရှိ မြစ်ကြောင်းများတွင် ပုံမှန်အားဖြင့် ကုန်းတွင်းပိုင်းမှစီးလာသော ရေချိုတွန်းအားက ပင်လယ်ရေငန်ကို တားဆီးထားသော်လည်း ရေ





နည်းပါးလာချိန်တွင် ထိတွန်းအားကျဆင်းသွားသဖြင့် ရေငန်များသည် စိုက်ပျိုးရေးမြောင်းများနှင့် မြစ်လက်တက်များတစ်လျှောက် ဝင်ရောက်လာနိုင်သည်။ ထို့ကြောင့် ဆောင်းသီးနှံနှင့် နွေစပါးအတွက် ရေချိုသွင်းရန်ခက်ခဲခြင်းနှင့် စိုက်ပျိုးမြေများအတွင်း ရေငန်ဆိပ်သင့်မှုဘေးအန္တရာယ်ကို ကြုံတွေ့ရနိုင်သည်။ ရေငန်သွင်းမိပါက လယ်နှင့်ယာသီးနှံများသည် ရေငန်ဒဏ်မခံနိုင်ဘဲ ပျက်စီးဆုံးရှုံးနိုင်သည့်အပြင် မြေဆီလွှာအတွင်း ရေငန်ဓာတ်ကျန်ရစ်မှုကြောင့် နောက်လာမည့်စိုက်ပျိုးရာသီများတွင်ပါ သီးနှံဖြစ်ထွန်းမှု အားနည်းသွားစေနိုင်သည်။

ဘက်စုံစီမံခန့်ခွဲမှုဖြင့် ကြိုတင်ကာကွယ်

အမျိုးသားစားရေရိက္ခာဖူလုံမှုစနစ် မထိခိုက်စေရန်နှင့် အယ်လ်နီညိုဘေးဒဏ်ကို အောင်မြင်စွာ တုံ့ပြန်ကျော်လွှားနိုင်ရန် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တစ်ခုလုံးတွင် နည်းစနစ်များကို ပြောင်းလဲကျင့်သုံးကြရမည်။ သီးနှံများစိုက်ပျိုးရာတွင် ရေလိုအပ်ချက် နည်းပါးပြီး ပြင်းထန်အပူဒဏ်ကို ခံနိုင်ရည်ရှိသော မျိုးများကို ဦးစားပေးရွေးချယ်ရန် လိုအပ်သကဲ့သို့ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံကဏ္ဍတွင်လည်း သက်တမ်းတိုမျိုးများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ရမည်။ သီးနှံစိုက်ပျိုးမည့်အချိန်ဇယားကို ဒေသအလိုက် ရေရရှိနိုင်မည့်ကာလနှင့် ကိုက်ညီမှုရှိစေရန် စနစ်တကျအချိန်ညှိစိုက်ပျိုးခြင်း၊ ရာသီဥတုဒဏ်တာရှည်ခံနိုင်ရည်ရှိသည့် အစားထိုးသီးနှံများကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် အယ်လ်နီညိုကြောင့် သီးနှံပျက်စီးနိုင်ခြေအန္တရာယ်ကို ကြိုတင်ခွဲဝေလျှော့ချထားရမည်။

လယ်ယာမြေအတွင်း ရေနှင့်မြေဆီလွှာအရင်းအမြစ်များကို အထိရောက်ဆုံးစီမံခန့်ခွဲနိုင်မည့် ခေတ်မီနည်းစနစ်များကို အသုံးပြုရမည်။ ရေချွေတာနိုင်သည့် အစက်ချရေသွင်းစနစ်၊ အမှုန်ဖျန်းရေသွင်းစနစ်နှင့် ရေသွင်းရေထုတ်တစ်လှည့်စီပြုလုပ်သောစနစ်တို့ကို လက်တွေ့ကျကျကျင့်သုံးရန် လိုအပ်ပြီး ရုတ်တရက်ရွှာချတတ်သောမိုးရေကို အမိအရဖမ်းယူစုဆောင်းရန် လယ်ကြားကန်ငယ်များနှင့်မိုးရေစုကန်များကို ကြိုတင်တူးဖော်ထားရမည်။ အပူဒဏ်ကြောင့် ပိုမိုကျရောက်လာနိုင်သည့် ပိုးမွှားရောဂါများအတွက် ကြိုတင်ကာကွယ်ရေးသတိပေးချက်များကို အချိန်မီထုတ်ပြန်ပေးခြင်းနှင့် သီးနှံအထွက်နှုန်းနည်းချိန်တွင် ရိတ်သိမ်းခြွေလှေ့စဉ် လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျကြပ်မတ်ခြင်း စသည့်ဘက်စုံကြိုတင်စီမံချက်များဖြင့် အယ်လ်နီညိုကြောင့် ဆုံးရှုံးမှုများကို အနည်းဆုံးအဆင့်သို့ လျှော့ချကာ ထိရောက်စွာတွန်းလှန်ကျော်လွှားနိုင်မည်။

ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲပြင်ဆင်မှုအပိုင်းတွင် အတိတ်ကအတွေ့အကြုံများအပေါ်၌သာ လုံးလုံးလျားလျား အားကိုး၍ မရနိုင်တော့သည့်အခါ ပြောင်းလဲလာနေသော ရာသီဥတုအခြေအနေများကို ကြိုတင်ခန့်မှန်းနိုင်စွမ်းနှင့် တုံ့ပြန်နိုင်စွမ်းတို့သည် ပိုမိုအရေးကြီးလာသည်။ အယ်လ်နီညိုအတွက် ကြိုတင်ပြင်ဆင်ရာတွင် အကြီးမားဆုံးသော စိန်ခေါ်မှုများထဲမှတစ်ခုမှာ ဖြစ်နိုင်ခြေအလားအလာပြ မိုးလေဝသခန့်မှန်းချက်များကို ပြည်သူလူထုထံ ဆက်သွယ်အသိပေးရန်နှင့် အချိန်နှင့်အမျှ သက်ရောက်မှုများ ပြောင်းလဲဖြစ်ပေါ်နေတတ်သည့် ဤဖြစ်စဉ်အပေါ် အများပြည်သူ၏ စိတ်ဝင်စားမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်ဖြစ်သည်။ ရာသီဥတုဆိုင်ရာသတင်းအချက်အလက်များကို လက်တွေ့ကျသောလုပ်ဆောင်ချက်များအဖြစ်သို့ ပြောင်းလဲဖော်ဆောင်ပေးနိုင်မည့်သိပ္ပံပညာရှင်များ၊ အစိုးရများ၊ မီဒီယာများနှင့် လူထုအခြေပြုအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်အရေးကြီးသည်။

သီးနှံစိုက်ပျိုးမည့်အချိန်ကာလအတွင်း "မိုးရွာသွန်းမှုမှာ ပုံမှန်အောက်လျော့နည်းနိုင်သည်"ဟူသောခန့်မှန်းချက်ကြောင့် တောင်သူတချို့အတွက် စိုက်ပျိုးချိန်ကိုနောက်သို့ ရွှေ့ဆိုင်းခြင်း သို့မဟုတ် မြေညှဉ်များတွင် စပါးစိုက်စရိတ်လျှော့ချခြင်းမျိုးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ အယ်လ်နီညိုဖြစ်စဉ်သည် မိမိတို့နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ကြီးမားသောအကျပ်အတည်းတစ်ခုဖြစ်နိုင်သည်။ သို့သော် စိုးရိမ်ထိတ်လန့်နေရုံဖြင့်မပြီးဘဲ တိကျခိုင်မာသည့်ကြိုတင်ပြင်ဆင်မှုများ၊ လိုက်လျောညီထွေဖြစ်မည့် စိုက်ပျိုးရေးနည်းစနစ်သစ်များနှင့် စနစ်တကျတွန်းလှန်တုံ့ပြန်မှုများဖြင့် ရင်ဆိုင်သွားကြရမည်။ ရာသီဥတုကမောက်ကမဖြစ်မှုကို အနှံတုနိုင်ရန် တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ အားလုံး လက်တွဲညီညီဖြင့် ရေရှည်မြော်တွေးကာ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သည်။ စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ်ပြောင်းလဲကာ အယ်လ်နီညိုဒဏ်ခံနိုင်မည့် စိုက်ပျိုးရေးစနစ်ကို ပြောင်းလဲတည်ဆောက်နိုင်လျှင် နိုင်ငံ၏လယ်ယာစီးပွားဘဝတည်ငြိမ်ရေးနှင့် အမျိုးသားစားရေရိက္ခာဖူလုံမှုရေရှည်ခိုင်မာရေးဟူသောပန်းတိုင်ကို အောင်မြင်စွာအရောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ကိုးကား

- **မိုးလေဝသနှင့်ဧလေဗေဒညွှန်ကြားမှုဦးစီးဌာန၏ အယ်လ်နီညိုအခြေအနေသတင်း။**
- **၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၁ ရက် ထုတ်ပြန်ချက်။**

ဇွန်ဘီပလာဇာရုပ်ရှင်ဇာတ်ကား Halloween Party Zombie Show ကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်



ရန်ကုန် အောက်တိုဘာ ၃၁

နိုဝင်ဘာ ၆ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် ဇွန်ဘီပလာဇာ ရုပ်ရှင်ဇာတ်ကား Halloween Party Zombie Show ကို အောက်တိုဘာ ၃၀ ရက်က ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် တိုင်ရွှန် ထံမှ သိရသည်။

အဆိုပါ ဇွန်ဘီပလာဇာရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွဲရည်နိုင်က ရေးသားထားပြီး ဒါရိုက်တာ အောင်မြတ်က MEGA MOE Film Production x HEIN Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဇွန်ဘီပလာဇာ ဇာတ်ကားကတော့ နိုင်ငံခြားက ဒေါ်လာသန်းနဲ့ချီပြီးသုံးတဲ့ ကားတွေနဲ့တော့ ယှဉ်လို့မရဘူးလေ။ အစပဲရှိသေးတော့ အစလေးမှာပဲ လက်ခံသင့်သလောက် လက်ခံကြတယ်ဆိုရင်တော့ ကျေနပ်ပါတယ်။ နိုဝင်ဘာ ၆ ရက် ရုံတင်တဲ့အချိန်ကျရင်လဲ အားပေးကြပါအုံး"ဟု သရုပ်ဆောင် တိုင်ရွှန်က ပြောပြသည်။

ဇွန်ဘီပလာဇာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်၊ ထူးအောင်၊ ဖြိုးငွေစိုး၊ အောင်ရေချမ်း၊ ဆင်မ၊ နေထွဋ်၊ သိန်းလင်းစိုး၊ ဂျိုကာ၊ ဖုန်းသီရိကျော်၊ မြတ်လာရာရ်ထွန်း၊ တက္ကသိုလ်ဂွမ်းပုံနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

One Last Summer ရုပ်ရှင်ဇာတ်ကား၌ မင်းသား လူးဝစ်ပက်ထရစ်ချ် ပါဝင်သရုပ်ဆောင်မည်

နယူးယောက် အောက်တိုဘာ ၃၁

One Last Summer အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်တွင် အင်္ဂလိပ်မင်းသား လူးဝစ်ပက်ထရစ်ချ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

မင်းသား လူးဝစ်ပက်ထရစ်ချ်သည် Enola Holmes ဇာတ်ကား နှင့် House of Guinness ဇာတ်ကားများဖြင့် ထင်ရှားသော မင်းသားဖြစ်သည်။

One Last Summer ဇာတ်ကားတွင် မင်းသား လူးဝစ်ပက်ထရစ်ချ်သည် မင်းသား ဂျပ်ကာမီကယ်၊ မင်းသမီး မိုင်ရာဂျန်ကင်းစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

One Last Summer ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ မီရာစစ်ထရွန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားကြောင်း သိရသည်။

ဒါရိုက်တာ မီရာစစ်ထရွန်းသည် Enola Holmes ဇာတ်ကားကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

မင်းသား လူးဝစ်ပက်ထရစ်ချ်သည် One Last Summer ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အပြင် ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



ဇာတ်မင်းသား သူရဝင်းထွဋ်၏ ဝဇီရာနဲ့ သူရဝင်းထွဋ် ဆုံစည်းတဲ့ည ဇာတ်သဘင်ဖျော်ဖြေပွဲကို M Channel ရုပ်သံလိုင်းနှင့် YouTube Channel တို့မှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် အောက်တိုဘာ ၃၁

ဇာတ်မင်းသား သူရဝင်းထွဋ်၏ ဝဇီရာနဲ့ သူရဝင်းထွဋ် ဆုံစည်းတဲ့ည ဇာတ်သဘင်ဖျော်ဖြေပွဲကို အောက်တိုဘာ ၃၁ ရက်တွင် M Channel ရုပ်သံလိုင်းနှင့် YouTube Channel တို့မှ တိုက်ရိုက်ထုတ်လွှင့် တင်ဆက်သွားမည်ဖြစ်ကြောင်း ဇာတ်မင်းသား သူရဝင်းထွဋ်ထံမှ သိရသည်။

အဆိုပါ ဇာတ်မင်းသား သူရဝင်းထွဋ်၏ ဝဇီရာနဲ့ သူရဝင်းထွဋ် ဆုံစည်းတဲ့ည ဇာတ်သဘင်ဖျော်ဖြေတင်ဆက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံ၌ အောက်တိုဘာ ၃၁ ရက်တွင် ကပြဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ ဝဇီရာနဲ့ သူရဝင်းထွဋ် ဆုံစည်းတဲ့ည ဇာတ်သဘင် ဖျော်ဖြေတင်ဆက်ပွဲကို အောက်တိုဘာ ၃၁ ရက် ဝဇီရာကဇာတ်ရုံမှာ သဘင်ချစ်သူ ပရိသတ်များအတွက် မြန်မာ့ရိုးရာ



သဘင်အမွေအနှစ်နဲ့ ခေတ်ပြိုင်ရသစ်များ မမှေနိုင်စရာ အမှတ်တရညတစ်ညအဖြစ် ကပြဖျော်ဖြေ တင်ဆက်ပေးသွားမှာဖြစ်ပါတယ်။ M Channel ရုပ်သံလိုင်းကနေတစ်ဆင့် တိုက်ရိုက်ကြည့်ရှုခံစားနိုင်မှာပဲ ဖြစ်ပါတယ်"ဟု ဇာတ်မင်းသား သူရဝင်းထွဋ်က ပြောပြသည်။

ဇာတ်မင်းသား သူရဝင်းထွဋ်၏ ဝဇီရာနဲ့ သူရဝင်းထွဋ် ဆုံစည်းတဲ့ည ဇာတ်သဘင်ဖျော်ဖြေပွဲကို ဝဇီရာကဇာတ်ရုံတွင် အောက်တိုဘာ ၃၁ ရက် (စနေနေ့) ညနေ ၄ နာရီမှစတင် ကပြဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။ ASH

Gasoline ဂီတလောကနောက်ခံဇာတ်ကား၌ မင်းသား တန်နာဘတ်ချုန်န် ပါဝင်လာ

နယူးယောက် အောက်တိုဘာ ၃၁

Gasoline အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား တန်နာဘတ်ချုန်န် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Gasoline ရုပ်ရှင်ဇာတ်ကားတွင် မင်းသား တန်နာဘတ်ချုန်န် သည် အဓိကဇာတ်ကောင် အားရစ်ကေစီအဖြစ် သရုပ်ဆောင်ရမည် ဖြစ်သည်။

မင်းသား တန်နာဘတ်ချုန်န် သည် Gasoline ရုပ်ရှင်ဇာတ်ကားတွင် မင်းသား အီးလီးယပ်ဖူလန်၊ မင်းသမီး ပေတန်အဲလစ်ဇာတ် တို့နှင့်အတူ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Gasoline ဇာတ်ကားသည် ဌေကြေးပြတ်လပ်နေသော လူငယ်အဆိုတော်တစ်ဦး ၎င်း၏ဆယ်ကျော်သက် ညီငယ်များနှင့်အတူ မိသားစုပိုင် ဗင်ကားတစ်စီးဖြင့် နိုင်ငံအတွင်း လှည့်လည်၍ ဂီတဖျော်ဖြေပွဲများကျင်းပပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Gasoline ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းစ်မီရန်ဒီနိုကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားသည်။

Ref : Russia Today

Trs : KKO



ရန်ကုန်တိုင်းရင်းသားလူမျိုးစု ဆင်မကြီး မိုမိုတို့၏ အသက် ၇၃ နှစ်ပြည့် မွေးနေ့ပွဲကို ပျော်ပွဲရွှင်ပွဲများဖြင့် လေးရက်တာ ကျင်းပပြုလုပ်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းရင်းသားလူမျိုးစု လူသိများ ထင်ရှားသည့် ဆင်မကြီး မိုမိုတို့၏ အသက် ၇၃ နှစ်ပြည့်မွေးနေ့ပွဲကို အောက်တိုဘာ ၃၀ ရက်မှစတင်၍ ပျော်ပွဲရွှင်ပွဲများဖြင့် လေးရက်တာ ကျင်းပပြုလုပ်လျက်ရှိကြောင်း ရန်ကုန်တိုင်းရင်းသားလူမျိုးစု ဒဂုံမြို့နယ်ရှိ ဆင်မကြီး မိုမိုတို့၏ အသက် ၇၃ နှစ်ပြည့် မွေးနေ့ပွဲကို ပြည်သူ့ချစ်အနုပညာရှင်ပေါင်းများစွာနဲ့အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ မိုမိုရဲ့ မွေးနေ့အထိမ်းအမှတ်အနေနဲ့ မွေးနေ့စတင်ကာ နိုဝင်ဘာ ၂ ရက်ထိ လေးရက်ကြာ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

"ဆင်လိမ္မာ မိုမိုလို့ လူသိများခဲ့တဲ့ ဆင်မကြီးမိုမိုရဲ့ အသက် ၇၃ နှစ်ပြည့် အထိမ်းအမှတ် မွေးနေ့ပွဲကို လေးရက်တာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဆင်မကြီး မိုမိုရဲ့ မွေးနေ့ပွဲကို ပြည်သူ့ချစ်အနုပညာရှင်ပေါင်းများစွာနဲ့အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ မိုမိုရဲ့ မွေးနေ့အထိမ်းအမှတ်အနေနဲ့ မွေးနေ့ပွဲကို အမှတ်တရတွေ အလှူအာရုံဆွမ်း ဆက်ကပ်လှူဒါန်းတာလဲ လုပ်ပါမယ်။ ကိတ်မုန့်ခွဲတာ၊ မိုမိုဓာတ်ပုံပြပွဲပြုလုပ်တာ၊ မျက်လှည့်ပွဲတွေပြုလုပ်တာ၊ တိရစ္ဆာန်လေးတွေနဲ့ အမှတ်တရဓာတ်ပုံရိုက်ကူးတာတွေ၊ ကလေးတွေအတွက် ပျော်ရွှင်စရာ ဂိမ်းကစားပွဲအစီအစဉ်တွေလဲ ပါဝင်မှာဖြစ်ပါတယ်။ စျေးပွဲတော်ကိုလဲ ထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်။ ရှမ်းရိုးရာ အကအလှတွေ၊ တေးဂီတ ဖျော်ဖြေပွဲတွေ စတဲ့ပျော်ရွှင်စရာ အစီအစဉ်တွေနဲ့အတူ မိုမိုရဲ့ မွေးနေ့ပွဲကို အမှတ်တရတွေ အပြည့်နဲ့ ဖြတ်သန်းနိုင်မှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းရင်းသားလူမျိုးစု ဒဂုံမြို့နယ်ရှိ ဆင်မကြီး မိုမိုတို့၏ အသက် ၇၃ နှစ်ပြည့် မွေးနေ့ပွဲကို အောက်တိုဘာ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် တိုင်ရွှန် ထံမှ သိရသည်။


အဆိုပါ ဇွန်ဘီပလာဇာရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွဲရည်နိုင်က ရေးသားထားပြီး ဒါရိုက်တာ အောင်မြတ်က MEGA MOE Film Production x HEIN Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဇွန်ဘီပလာဇာ ဇာတ်ကားကတော့ နိုင်ငံခြားက ဒေါ်လာသန်းနဲ့ချီပြီးသုံးတဲ့ ကားတွေနဲ့တော့ ယှဉ်လို့မရဘူးလေ။ အစပဲရှိသေးတော့ အစလေးမှာပဲ လက်ခံသင့်သလောက် လက်ခံကြတယ်ဆိုရင်တော့ ကျေနပ်ပါတယ်။ နိုဝင်ဘာ ၆ ရက် ရုံတင်တဲ့အချိန်ကျရင်လဲ အားပေးကြပါအုံး"ဟု သရုပ်ဆောင် တိုင်ရွှန်က ပြောပြသည်။

ဇွန်ဘီပလာဇာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်၊ ထူးအောင်၊ ဖြိုးငွေစိုး၊ အောင်ရေချမ်း၊ ဆင်မ၊ နေထွဋ်၊ သိန်းလင်းစိုး၊ ဂျိုကာ၊ ဖုန်းသီရိကျော်၊ မြတ်လာရာရ်ထွန်း၊ တက္ကသိုလ်ဂွမ်းပုံနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

President U Min Aung Hlaing inspects construction projects to develop Union Territory Nay Pyi Taw to meet city characteristics





President U Min Aung Hlaing hears reports on construction progress of the Union Commemoration Mausoleum.

Nay Pyi Taw October 31

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Vice President U Nyo Saw, Union Ministers U Khin Maung Yi, U Tin Aung San and U Myo Thant, Chairman of Nay Pyi Taw Council U Kan Myint Than, deputy ministers and officials, inspected this morning the progress of development and construction projects being implemented in the Nay Pyi Taw Union Territory to ensure that the capital develops in line with the standards and characteristics of a city.

Construction of new entrance road leading to Nay Pyi Taw International Airport

First, the President inspected the construction of a new access road leading to Nay Pyi Taw International Airport and the progress of building the Yonebin Creek Bridge along the new road. Officials concerned briefed him on the progress of the projects.

In response to the reports, the President gave guidance that, as the new road would serve as one of the access routes to the capital of the State, the road and bridge construction projects should be completed within the designated timeframe in accordance with the required standards and quality specifications. He also instructed that the roads and bridges should be designed and constructed with due consideration given to the projected increase in the use of vehicles and motorcycles in the future. All aspects of access and exit routes should also be taken into account in the construction process. He further stressed the need for close supervision to ensure the structural integrity and durability of roads and bridges, as well as the proper construction and maintenance of road shoulders. In addition, shade trees, windbreaks and evergreen trees should be planted along both sides of the road. He also gave other necessary guidance.

The President travelled by vehicle along the Yazathingaha Road from Nay Pyi Taw International Airport to inspect the measures undertaken to maintain cleanliness and enhance the area's pleasant appearance, as well as the planting of shade trees and windbreaks along both sides of the road.

Construction site of People's Square

Thereafter, the President and his entourage arrived at the People's Square in Nay Pyi Taw. At the briefing hall, the Chairman of the Nay Pyi Taw Council and the Union Minister for Construction briefed the President on the details of the People's Square project, including plans to install statues of prominent figures and marble-carved sculptures and bas-reliefs around the square. They also explained the plans for the development of park areas, walkways, an entertainment plaza, shophouses, parking facilities and other necessary buildings, as well as the current progress of the construction works.

In response to the briefings, the President gave guidance that comprehensive measures should be implemented from all aspects to transform the Nay Pyi Taw Council Area, the capital of the State, into a modern, comprehensively developed urban centre that meets the standards and characteristics of a capital city. He stressed that construction projects should be systematically carried out to ensure their completion within the designated timeframe, long-term durability and structural strength, and compliance with established standards. He also instructed that advice should be sought from distinguished Myanmar traditional arts experts, painters and sculptors when incorporating statues and bas-relief sculptures into the project to ensure their proper and systematic implementation. He also gave other necessary instructions.

Construction site of Union Commemoration Mausoleum

Subsequently, the President and party arrived at the construction site of the Union Commemoration Mausoleum. At the briefing hall, the Union Minister for Construction explained the progress of the construction work, the implementation status of the guidance and instructions given by the Head of State, the proposed 3D designs of the Union Commemoration Mausoleum, and plans to incorporate landscaping and greening works into the project.

In response to the presentations, the President gave guidance, stating that the Union Commemoration Mausoleum was being constructed to pay tribute to the founders of the Union and the national brethren from across the Union who had worked together to preserve its unity and perpetuate its existence. Therefore, the monument should be grand, magnificent and built to a high standard. The President also stressed the need to make appropriate construction arrangements to ensure that national brethren from all regions and states, as well as visitors from foreign countries coming to pay their respects, could do so in an orderly and dignified manner. The President instructed that designated areas for laying wreaths should be systematically incorporated into the design and that adequate and well-organized parking facilities should be provided. He further instructed that evergreen trees and flowers should be planted in a systematic manner to ensure a green, pleasant and beautiful environment, and gave additional guidance on other necessary matters.



President U Min Aung Hlaing hears reports on construction of People's Square in Nay Pyi Taw.

Afterwards, the President and party viewed round the construction site of the Union Commemoration Mausoleum and gave necessary guidance and instructions in response to the reports submitted by the officials.

MNA

Systematic demolition of illegal buildings used in online scam/ gambling in Shwe Kokko (Part-II) goes on

Systematic continuation of the demolition of a 6-story building used in online gambling operations within the Shwe Kokko Part-II.





Demolition using heavy machinery.





Nay Pyi Taw October 31

In cooperation with neighboring and regional countries, the government has taken measures for total eradication of online scams and gambling, which have posed a threat to the global socioeconomic arena and national security, and carried out complete demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they could not be used again for such crimes.

In doing so, the dismantling of two 6-storey illegal buildings being knocked down among those used in online scams and gambling in Shwe Kokko (Part-II) and scheduled for mechanical demolition completed 50 percent and 20 percent respectively today.

Out of 63 buildings to be demolished in Shwe Kokko (Part-II), the detonation of four and the mechanical demolition of another four completed and plans were underway to systematically bring down the remaining 55 buildings.

The government has effectively cracked down on online scams and gambling as a national responsibility. 100

More than 2,000 acres of vegetables grown in Kyaukmyaung sub-Township

Kyaukmyaung October 31

According to statistics from the Kyaukmyaung Sub-township Department of Agriculture, more than 2,000 acres of vegetables have already been planted during this year's winter crop growing season in Kyaukmyaung Sub-township, Sagaing Region.

For the 2026-2027 winter crop season, the sub-township set a target of cultivating 4,410 acres of vegetables. Cultivation commenced in October of this year, and as of today, 2,709 acres have been completed.

"For this year's winter cropping season in Kyaukmyaung Sub-township, over 4,000 acres of vegetables are targeted for cultivation. To date, over 2,000 acres have been planted. The crops include mustard greens, chili, culinary herbs/spices, potatoes, cauliflower, eggplants, and cabbage. We provide farmers with technical support to cultivate all these vegetables using the Good Agricultural Practices (GAP) system. We are also sharing techniques to minimize chemical residues and produce vegetables that meet health standards," said Daw Po, Head of the Kyaukmyaung Sub-township Department of Agriculture.

This year, the Sub-township Department of Agriculture is conducting technical training for local vegetable farmers on GAP methods, providing guidance to ensure that harvested produce is healthy and safe, and working to encourage farmers to expand their vegetable acreage.

Farmers in Kyaukmyaung Sub-township cultivate a variety of seasonal vegetables every year, achieving successful yields that support household incomes. To assist them, the Sub-township Department of Agriculture is actively raising awareness on proper planting techniques, pest management, and the preparation and application of natural fertilizers, natural pesticides, and pest repellents. 206



A thriving vegetable plantation.

Myaung Township harvest more than 3,000 acres of cowpea

Myaung October 31

More than 3,000 acres of cowpea cultivated during this year's monsoon crop season have been harvested in Myaung Township, Sagaing Region, according to records from the Myaung Township Agriculture Department.

A total of 6,403 acres of cowpea were cultivated in Myaung Township during this year's monsoon crop season. Harvesting of the crop began in September this year, and 3,565 acres had been harvested as of today, with an average yield of 14.09 baskets per acre.

"We cultivated 6,403 acres of cowpea in Myaung Township during this year's monsoon crop season, and harvesting is currently underway. More than 3,000 acres have been harvested so far. In cooperation with farmers, we have provided quality seeds, agricultural inputs and post-harvest technology training, among other necessary assistance, to improve crop yields and quality," said U Myint Thu, Head of the Myaung Township Agriculture Department.

The Township Agriculture Department has also conducted awareness programmes to encourage cowpea growers in Myaung Township to expand cultivated acreage, improve yields, adopt Good Agricultural Practices (GAP), use quality seeds and cultivate high-yielding varieties.

Crops cultivated using GAP methods are reported to have better quality and command higher prices than those grown using other methods. Their quality also enables them to be sold not only in domestic markets but also exported to international markets. Consequently, farmers adopting GAP methods can improve their economic returns. 206

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

AUSA 2026 ညီလာခံတွင် မောင်းသူမဲ့လေယာဉ်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် စစ်မြေပြင်ဆိုင်ရာအချက်အလက်များကို ဆွေးနွေး



အမေရိကန်ကြည်းတပ် (ဥရောပနှင့် အာဖရိက)တပ်ဖွဲ့ဝင် ခေါင်းဆောင်များသည် အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်ထိ ဝါရှင်တန်ဒီစီ၌ ကျင်းပခဲ့သည့် AUSA 2026 ညီလာခံတွင် မောင်းသူမဲ့လေယာဉ်များ၊ အီလက်ထရွန်နစ် စစ်ဆင်ရေးနှင့် စစ်မြေပြင်ဆိုင်ရာ အချက်အလက်များကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း Defence Industry Europe သတင်းဌာနက အောက်တိုဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဆွေးနွေးမှုများသည် ဥရောပစစ်ဆင်ရေးနယ်မြေအတွင်း ကြုံတွေ့နေရသော စိန်ခေါ်မှုများမှတစ်ဆင့် လိုအပ်သည့် စွမ်းဆောင်ရည်များကို ဖော်ထုတ်ရန်နှင့် စစ်အသင့်ဖြစ်မှုကို မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ခြင်း ဖြစ်ကြောင်း သိရသည်။

"AUSA ညီလာခံဟာ ဥရောပစစ်ဆင်ရေးနယ်မြေရဲ့ စိန်ခေါ်မှုတွေကို ကြည်းတပ် ခေါင်းဆောင်တွေနဲ့ စက်မှုကုန်ထုတ်မဟာမိတ်တွေဆီ တိုက်ရိုက်ပို့ဆောင်ပေးနိုင်ခဲ့တဲ့ အခွင့်အရေးတစ်ခုဖြစ်တယ်။ ဒါဟာ ဟန့်တားရေးစွမ်းရည်ကို ခိုင်မာစေပြီး ကျွန်တော်တို့ စစ်သည်တွေနဲ့ မဟာမိတ်တွေအနိုင်ရရှိဖို့ လိုအပ်တဲ့ စွမ်းဆောင်ရည်တွေကို ဖန်တီးပေးရာမှာ များစွာအထောက်အကူပြုပါတယ်"ဟု ဥရောပ နယ်ပယ်ပေါင်းစုံ ကွပ်ကဲမှုဌာနချုပ် (Multi-Domain Command Europe) ၏ တပ်မှူးချုပ် ဗိုလ်မှူးချုပ် စတီဗင်ကာပင် တာကပြောကြားခဲ့သည်။ အဆိုပါ ကွပ်ကဲမှုဌာနချုပ်သည် အမေရိကန်ကြည်းတပ် (AUSA)၏ နှစ်ပတ်လည်ညီလာခံ၌ စစ်ဆင်ရေးဆိုင်ရာအမြင်များကို တင်ပြခဲ့သည့် တပ်ဖွဲ့လေးဖွဲ့အနက် တစ်ဖွဲ့ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်ထိ ကျင်းပခဲ့သော ဤပွဲတွင် V တပ်ဖွဲ့များ၊ ဥရောပ နယ်ပယ်ပေါင်းစုံကွပ်ကဲမှုဌာနချုပ်၊ အမှတ်(၇) ကြည်းတပ်လေ့ကျင့်ရေး ကွပ်ကဲမှုဌာနချုပ်နှင့် အမှတ်(၁၀) ကြည်းတပ် လေကြောင်းနှင့်ဒုံးကျည်ကာကွယ်ရေးကွပ်ကဲမှုဌာနချုပ်တို့က အစီရင်ခံစာခြောက်ခု တင်ပြခဲ့ကြကြောင်း သိရသည်။

ဤကဲ့သို့ အမြင်ဖလှယ်မှုများသည် လိုအပ်သည့် စွမ်းဆောင်ရည်များကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး မဟာမိတ်တပ်ဖွဲ့များနှင့် ပေါင်းစပ်စစ်ဆင်ရေးများ လုပ်ဆောင်ခြင်း၏ အရေးပါမှုကို ပိုမိုခိုင်မာစေခဲ့ကြောင်း အမေရိကန်ကြည်းတပ်က ထုတ်ပြန်ခဲ့သည်။

ဤဆွေးနွေးမှုများကို ဂျာမနီနိုင်ငံ ဝိုင်းစ်ဘာဒန်းမြို့ (Wiesbaden) ၌ ဒီဇင်ဘာ ၃ ရက်မှ ၄ ရက်ထိ ကျင်းပမည့် LANDEURO 2026 တွင် ဆက်လက်ဆွေးနွေးသွားကြမည်ဖြစ်သည်။ AUSA က အမေရိကန်ကြည်းတပ် (ဥရောပနှင့် အာဖရိက) တပ်ဖွဲ့ဝင် ခေါင်းဆောင်များ ပူးပေါင်းကျင်းပမည့် အဆိုပါပွဲသို့ စစ်ဘက်၊ စက်မှုကုန်ထုတ်အဖွဲ့အစည်းများနှင့် အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ပြီး ဘုံဦးစားပေး အချက်အလက်များကို လက်တွေ့စစ်ဆင်ရေးသုံး ဖြေရှင်းချက်များအဖြစ်သို့ ပြောင်းလဲ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

U.S. Army leaders focus on drones, electronic warfare and data to strengthen readiness ကို ဘာသာပြန်ဆိုထားပါသည်။

ဩစတြီးယား GuardAero ကုမ္ပဏီက APS1 ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ်ကို ဗီယင်နာမြို့၌ပြသခဲ့

ဩစတြီးယားနိုင်ငံ အခြေစိုက် ကာကွယ်ရေးနည်းပညာကုမ္ပဏီ GuardAero သည် APS1 ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ်ကို အောက်တိုဘာ ၂၆ ရက်တွင် ဗီယင်နာမြို့ရှိ Heldenplatz ရင်ပြင်၌ ကျင်းပသော ဩစတြီးယားတပ်မတော် အမျိုးသားနေ့ပြပွဲတွင် ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါပြသမှုကို ဩစတြီးယား ကာကွယ်ရေးဝန်ကြီးဌာန အထွေထွေအတွင်းရေးမှူး Arnold Kammel က လာရောက်ကြည့်ရှုခဲ့သည်။ ဩစတြီးယား နိုင်ငံ Graz မြို့အခြေစိုက် GuardAero ကုမ္ပဏီသည် အဆိုပါစနစ်ကို ဩစတြီးယားတပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်နေသော သုတေသနစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ်ပြသခဲ့ကြောင်း လူမှုကွန်ရက်မှတစ်ဆင့် ဖော်ပြခဲ့သည်။ APS1 ဒရုန်းတန်ပြန် ကာကွယ်ရေးစနစ်ကို ဩစတြီးယားနိုင်ငံတွင် ထုတ်လုပ်ပြီး ဩစတြီးယားနိုင်ငံ၏ လိုအပ်ချက်များအတွက် ရည်ရွယ်တီထွင်ထားခြင်းဖြစ်ကြောင်း သိရသည်။

APS1 ဒရုန်းတန်ပြန်ကာကွယ်ရေးစနစ်သည် ယာဉ်ပေါ်တွင်တပ်ဆင်အသုံးပြုသည့် Active Protection System (APS) အမျိုးအစားဖြစ်ပြီး ယာဉ်ဆီသို့ ချဉ်းကပ်လာသော ခြိမ်းခြောက်မှုကို ရှာဖွေဖော်ထုတ်ကာ မထိမှန်မီ ကြားဖြတ်ဖျက်ဆီးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ အဆိုပါစနစ်ကို အထူးသဖြင့် ယာဉ်များ အနီးသို့ ချဉ်းကပ်လာသော ဒရုန်းများကို တန်ပြန်ကာကွယ်နိုင်ရန် တီထွင်ထားကြောင်း သိရသည်။

Heldenplatz ပြပွဲမှ ဓာတ်ပုံများအရ APS1 စနစ်ကို တိုက်ခိုက်ရေးယာဉ်တစ်စီး၏ဆုံလည်ပေါ်တွင် တပ်ဆင်ထားသည်ကို တွေ့ရသည်။ APS1 စနစ်တွင် လှည့်ပတ်နိုင်သော ဆုံလည်နှစ်ခုပါဝင်ပြီး တစ်ခုစီ၌ ပြောင်း(ပြွန်) ၁၂ ခုကို အတန်းသုံးတန်း၊ တစ်တန်းလျှင် လေးခုစီဖြင့် တပ်ဆင်ထားသည်။ ဆုံလည်တစ်ခုစီတွင် Optical အာရုံခံကိရိယာတစ်ခုစီပါဝင်ပြီး အောက်ခြေရှိကင်မရာများက ချဉ်းကပ်လာသည့် ခြိမ်းခြောက်မှုများကို မြင်ကွင်းအတွင်း ခွဲခြားသတ်မှတ်ရာတွင် အထောက်အကူပြုသည်။

GuardAero ကုမ္ပဏီ၏ ဖော်ပြချက်အရ APS1 စနစ်သည် အချက်ပြလှိုင်းများ ထုတ်လွှင့်ခြင်းမရှိဘဲ ပတ်ဝန်းကျင်ကို စောင့်ကြည့်နိုင်သည့် Passive Sensor များကိုအသုံးပြု၍ ချဉ်းကပ်လာသော ဒရုန်းများကိုခြေရာခံသည်။ ထို့သို့ အချက်ပြလှိုင်းများ ထုတ်လွှင့်ခြင်းမရှိဘဲ စောင့်ကြည့်နိုင်ခြင်းသည် ကာကွယ်ရေးစနစ်တပ်ဆင်ထားသည့် ယာဉ်၏တည်နေရာကို အချက်ပြမှုမှတစ်ဆင့် ရှာဖွေဖော်ထုတ်ခံရနိုင်ခြေလျှော့ချရန် အထောက်အကူဖြစ်စေနိုင်ကြောင်း သိရသည်။

လက်ရှိ APS1 စနစ်တွင် ဒရုန်းများကို ပစ်ခတ်ဖျက်ဆီးသည့် Kinetic Effector အဖြစ် Shotgun အခြေပြု ပစ်ခတ်စနစ်ကို အသုံးပြုထားသည်။ ၎င်းသည် ပစ်ခတ်လိုက်သောကျည်စများဖြင့် ဒရုန်းကို ထိမှန်စေကာ ပျံသန်းနိုင်စွမ်း ပျက်ပြားစေရန် ရည်ရွယ်သည်။ ဆုံလည်များကို လှည့်ပတ်နိုင်သည့်အတွက် ယာဉ်၏မည်သည့် ဘက်မှမဆို ချဉ်းကပ်လာသော ဒရုန်းကို ဦးတည်ချိန်ရွယ်၍ တန်ပြန်ပစ်ခတ်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်။

APS1 စနစ်သည် ယာဉ်အမျိုးအစား တစ်ခုတည်းအတွက်သာ ကန့်သတ်ထားခြင်းမရှိဘဲ မတူညီသော ယာဉ်ပလက်ဖောင်းများတွင် တပ်ဆင်အသုံးပြုနိုင်ရန် ရည်ရွယ်ထားသည်။ လက်ရှိတွင် အခြားစစ်သုံးယာဉ်များနှင့် ပေါင်းစပ်တပ်ဆင်နိုင်ရေးကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဩစတြီးယားတပ်မတော်၏ ဒရုန်းတန်ပြန် ကာကွယ်ရေးအစီအစဉ်တွင် APS1 စနစ်သည် နီးကပ်အကွာအဝေး၌ နောက်ဆုံးကာကွယ်ရေး အလွှာအဖြစ် ပါဝင်လာနိုင်ဖွယ်ရှိသည်။ ပို့မိုဝေးလံသော အကွာအဝေးမှ ခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် ဩစတြီးယား တပ်မတော်သည် Pandur 6x6 ဘီးတပ်သံချပ်ကာယာဉ်များပေါ်တွင် တပ်ဆင်မည့် Rheinmetall Skyranger 30 ဆုံလည်စနစ် ၃၆ ခုကို ဝယ်ယူလျက်ရှိသည်။ အဆိုပါစနစ်တွင် မီလီမီတာ ၃၀ အမြောက်နှင့် Mistral ဒုံးကျည်များကို ပေါင်းစပ်တပ်ဆင်ထားပြီး ပထမဆုံးစနစ်များကို ၂၀၂၇ ခုနှစ်တွင် လက်ခံရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

Austrian startup shows off APS1 anti-drone turrets in Vienna ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲလွမ်း ၃၅၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မြောင် အောက်တိုဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲလွမ်း ၃၅၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၆၄၀၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲလွမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၅၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၀၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲလွမ်း ၆၄၀၃ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲလွမ်းစိုက်ခင်းတွေ လက်ရှိမှာ ရိတ်သိမ်းလျက် ရှိပါတယ်။ ဒီနေ့ထိ ၃၅၄၅ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲလွမ်းအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲလွမ်းစိုက် တောင်သူများအနေဖြင့် ပဲလွမ်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးအတွက် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။ (၂၀၆)

ဇလွန်မြို့နယ်တွင် ငါးကွမ်းရှုပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

ဇလွန် အောက်တိုဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ငါးကွမ်းရှုပ်ခြောက်များ စျေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်၍ ယနေ့ထိ ငါးကွမ်းရှုပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ယခုလထဲမှာလဲ ငါးကွမ်းရှုပ်ခြောက်တွေ အဝယ်လိုက်နေပါတယ်။ ဒေသစျေးကွက်မှာ အခြားငါးခြောက်တွေနဲ့ ယှဉ်ရင် ငါးကွမ်းရှုပ်ခြောက်က ပိုမိုအရောင်းအဝယ်ကောင်းနေတာပါ။ ပြည်တွင်းစားသုံးသူတွေ ဝယ်ယူမှုများလာတဲ့ အခြေအနေပါ။ ငါးစျေးကလဲ အဆင်ပြေတဲ့အနေအထားမှာရှိပါတယ်။ အခုလို



အရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုသွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေနဲ့ ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိပြီး အဆင်ပြေနေပါတယ်"ဟု ဇလွန်မြို့နယ် ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဇလွန်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ငါးကွမ်းရှုပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀ မှ ၂၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှုပ်ခြောက်များ ဝယ်ယူအား ကောင်းနေသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ် အင်္ဂါးလိုက်သူများ အလုပ်အကိုင်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဇလွန်မြို့နယ် ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေထံမှ သိရသည်။

ကျော်ကျော်လင်း

ချောင်းဆုံမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ချောင်းဆုံ အောက်တိုဘာ ၃၁

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၁၁၃ သိန်း လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ထန်းပင်ကုန်းကျေးရွာရှိ နေကြာစိုက်ပျိုးသည့် တောင်သူ ၄၇ ဦးကို ရန်ပုံငွေကျပ် ၁၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်ထံမှ သိရသည်။

အိပိုးပိုး



မင်းဘူးမြို့နယ် ရေမျက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



မင်းဘူး အောက်တိုဘာ ၃၁

မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျောက်တန်းကျေးရွာအုပ်စု ရေမျက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့်တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရေမျက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေမျက်ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၉၀ စုစုပေါင်း ငွေကျပ် သိန်း ၂၄၀ အသုံးပြုကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။ ဇင်မာ







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပြည်ထောင်စုဂုဏ်ပြုဗိမာန်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

မြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၃၁

စွမ်းအင်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် ထိုင်းနိုင်ငံ၌ရောက်ရှိနေသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ယနေ့တွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan နှင့်လည်းကောင်း၊ ရုရှားနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Maxim Reshetnikovနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံပြီး မြန်မာ-ထိုင်း-ရုရှားသုံးနိုင်ငံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံထားဝယ်ဒေသစီမံကိန်းများသည် ဒေသတွင်းနိုင်ငံများနှင့် ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ရန်အတွက် အချက်အချာကျသည့်နေရာတစ်ခုဖြစ်လာမည့်အခြေအနေ၊ သုံးနိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့်စီမံကိန်းဖြစ်၍ အမြန်ဆုံးအကောင်အထည်ဖော်ပြီး မြောက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိသည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ စွမ်းအင်လိုအပ်ချက်သည်မြင့်တက်လျက်ရှိရာ နှစ်နိုင်ငံပူးပေါင်း၍ ဖြေရှင်းနိုင်ရန် ကြိုးစားနေမှုအခြေအနေ၊ LNG သည် ကျစ်လျစ်သိပ်သည်းစွာ သယ်ဆောင်နိုင်ပြီး သန့်ရှင်းသည့်စွမ်းအင်အဖြစ် သတ်မှတ်ထားကြသည်ဖြစ်ရာ ယနေ့စွမ်းအင်အသွင်ကူးပြောင်းရေးကာလတွင် အထူးအရေးပါသည့် စွမ်းအင်ဖြစ်နေသည့်အတွက် LNG ကုန်သွယ်မှုများမြင့်တက်လာနေသည့် အခြေအနေ၊ ရုရှားနိုင်ငံမှ LNG ကို မြန်မာနိုင်ငံသို့သယ်ဆောင်ပြီး ထိုင်းနိုင်ငံက မျှဝေသုံးစွဲနိုင်ခြင်းဖြင့် မြန်မာနှင့်ထိုင်းနှစ်နိုင်ငံစွမ်းအင်အခက်အခဲကိုဖြေရှင်းနိုင်မည့်အခြေအနေ၊ ထားဝယ်ဒေသမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့ လည်းကောင်းနိုဝင်ဘာ ၂ ရက်တွင် အိန္ဒိယနိုင်ငံအင်ဒရာပရာဒေ့ရှ်ကမ်းခြေသို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ည၌ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင်နေရာကျဲကျဲနေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဧလေဗေဒညွှန်ကြားမှု ဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

❑ ရှေ့ဖုံးမှအဆက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏မြို့တော်သို့ဝင်ရောက်သည့် လမ်းကြောင်းတစ်ခုဖြစ်လာမည်ဖြစ်သဖြင့် လမ်းတံတားများ တည်ဆောက်ရာတွင် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အဆင့်မီမီတည်ဆောက်ပြီးစီးနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းတံတားများကို အနာဂတ်တွင်တိုးတက်ဖြစ်ပေါ်လာနိုင်မည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်အသုံးပြုသွားလာမှုများအပေါ် မူတည်ထည့်သွင်းတွက်ချက်၍လည်း တည်ဆောက်သွားရန်လိုကြောင်း၊ ဝင်လမ်း၊ ထွက်လမ်းများနှင့် ပတ်သက်၍လည်း ဘက်ပေါင်းစုံက ထည့်သွင်းစဉ်းစား၍ တည်ဆောက်သွားရန်လိုကြောင်း၊ တံတားများနှင့်လမ်းများ ကြုံခိုင်မှုရှိစေရေး၊ လမ်းပခုံးမြေသားနံရံများ စနစ်တကျဖြစ်စေရေး အတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်တွင် အရိပ်ရလေကာပင်များနှင့် အမြဲစိမ်းသစ်ပင်များ စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရာဇသင်္ဘာလမ်းကြောင်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်သူ့ရင်ပြင်တည်ဆောက်ရေးလုပ်ငန်းခွင်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပြည်သူ့ရင်ပြင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က နေပြည်တော် ပြည်သူ့ရင်ပြင်ဆိုင်ရာ အချက်အလက်များ၊ ရင်ပြင်ပတ်လည်နေရာလည်းကောင်း၊ ထိုင်းနိုင်ငံအတွင်းသို့လည်းကောင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းများသွယ်တန်းပြီးဖြစ်ရာ ယင်းအခြေခံကောင်းများကိုအသုံးချ၍ ထားဝယ်ဒေသတွင် LNG Terminalတည်ဆောက်နိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့ကြား LNG အပါအဝင် လောင်စာဆီတင်ပို့နိုင်ရေးအတွက် MoU ရေးထိုးပြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် မကြာမီအချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် MoU ရေးထိုးနိုင်တော့မည်ဖြစ်ရာ သုံးနိုင်ငံပူးပေါင်း၍ စွမ်းအင်ကုန်သွယ်မှုများစတင်နိုင်ရန် အချိန်အခါကောင်းဖြစ်သည့်အခြေအနေမြန်မာ-ထိုင်း-ရုရှား သုံးနိုင်ငံပူးပေါင်း၍ ထားဝယ်ဒေသတွင် ရင်းနှီးမြှုပ်နှံ၍ ဆက်လက်ဆောင်ရွက်သွားကြမည့် စီမံကိန်းလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ မုန်တိုင်းငယ်မှ

ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက်ရေမိုင် ၃၀၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၆၁၅ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၆၅၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် အားကောင်းသော မုန်တိုင်းငယ်(Deep Depression) အဖြစ်သို့လည်းကောင်း၊နိုဝင်ဘာ ၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့ လည်းကောင်း၊နိုဝင်ဘာ ၂ ရက်တွင် အိန္ဒိယနိုင်ငံအင်ဒရာပရာဒေ့ရှ်ကမ်းခြေသို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

များ၌ အထင်ကရပုဂ္ဂိုလ်များ၏ရုပ်တုများ၊ စကျင်ကျောက်များဖြင့် ထုဆစ်ပုံဖော်ထားသည့် ရုပ်လုံးရုပ်ကြွများထည့်သွင်းတည်ဆောက်နိုင်ရေးလျာထားဆောင်ရွက်လျက်ရှိမှု၊ ပန်းခြံနေရာများ၊ လျှောက်လမ်းများ၊ ဖျော်ဖြေရေးရင်ပြင်နှင့် Shop House များ၊ ယာဉ်ရပ်နားရန်နေရာများနှင့် အခြားလိုအပ်သည့်အဆောက်အအုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေကို မြို့တော်အင်္ဂါရပ်နှင့်အညီခေတ်မီပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ်ဖြစ်ပေါ်လာစေရေးဘက်ပေါင်းစုံက အကောင်အထည်ဖော် စဉ်းစားဆောင်ရွက်သွားကြရန် လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်အချိန်ကာလအတွင်းပြီးစီးနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်ခံ့မှုရှိစေရေး၊ အဆင့်မီမီဖြစ်စေရေးစနစ်တကျဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရုပ်တုများနှင့် ရုပ်လုံးရုပ်ကြွများထည့်သွင်းတည်ဆောက်ရာတွင် မြန်မာမှုနှင့် ပန်းချီပန်းပုပညာရှင်ကြီးများထံမှ အကြံဉာဏ်များရယူ၍ စနစ်တကျဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုဂုဏ်ပြုဗိမာန်တည်ဆောက်ရေးလုပ်ငန်းခွင်

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုဂုဏ်ပြုဗိမာန်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ပြည်ထောင်စုဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံများနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေသည့်လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများကို ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်စေခြင်းဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် ပြည်ပနိုင်ငံများမှ လာရောက်ဂုဏ်ပြုကြသူများအနေဖြင့် အဆင့်မီမီနှင့် စနစ်တကျ လာရောက်ဂုဏ်ပြုနိုင်ရေးအတွက်လည်း လျာထားဆောက်လုပ်သွားရန်လိုကြောင်း၊ ပန်းစည်းချဂုဏ်ပြုမည့်နေရာများအတွက်လည်း စနစ်တကျစီမံထည့်သွင်းသွားရန်လိုကြောင်း၊ ယာဉ်ရပ်နားရန်နေရာများစနစ်တကျဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေးအမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဂုဏ်ပြုဗိမာန်တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(ရန်ကုန်) တည်ဆောက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ နိုင်ငံတကာအဆင့်မီအနုပညာဗဟိုဌာန (ရန်ကုန်) (Myanmar Arts Center-Yangon) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (ရန်ကုန်) တည်ဆောက်ပြီးစီးပါက နိုင်ငံတကာမှလာရောက်သောယဉ်ကျေးမှုပဒေသာကပွဲများ၊ ကဇာတ်၊ ပြဇာတ်နှင့် တေးဂီတသံစုံဖျော်ဖြေတီးခတ်မှုများ၊ တေးဂီတဆိုင်ရာဖျော်ဖြေမှုများ၊ အနုပညာနှင့်ဆက်စပ်သော ပန်းချီပန်းပုဆိုင်ရာပြပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ အနုပညာဆိုင်ရာပညာပေးဟောပြောမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အဆိုပါအနုပညာဗဟိုဌာန တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုအခြေအနေကို ယနေ့ နံနက်ပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ်အရည်အသွေးကောင်းမွန်စွာ ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်ရေး လျာထားတည်ဆောက်ရန်၊ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အကြံဉာဏ်ရယူ၍ နိုင်ငံတကာဖျော်ဖြေပွဲများ၊ ကပွဲများ ကျင်းပနိုင်သည်ထိ အဆင့်အတန်းမီစွာ ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ကာလအမီ တည်ဆောက်သွားရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ Pan Pacific Yangon ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း၏ ၂၂ ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲလာသော ခရီးသွားများ၏ ရွေးချယ်မှုပုံစံများ၊ နည်းပညာတိုးတက်မှုများနှင့် ဈေးကွက်ပြိုင်ဆိုင်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ဆန်းသစ်တီထွင်မှုရှိရန်နှင့် အခြေအနေနှင့်အညီ ပြောင်းလဲနိုင်စွမ်းရှိရန်လိုအပ်ကြောင်း၊ အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုရေရှည်တည်တံ့ခိုင်မာသောခရီးသွားလုပ်ငန်းတစ်ရပ်ကို အောင်မြင်စွာတည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍အသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ငွေစာရင်းရှင်းတမ်းများကို ရှင်းလင်းတင်ပြခြင်း၊တက်ရောက်လာကြသူများက ဆွေးနွေးအတည်ပြုခြင်း၊ ၂၀၂၆-၂၀၂၇ သက်တမ်းအတွက် အလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် ကြည့်ရှုစစ်ဆေး

ဖလမ်း အောက်တိုဘာ ၃၁

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဖလမ်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးနှင့် မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)ရုံးအဆောက်အအုံပြုပြင်ပြီးစီးမှု တောင်ဇလပ်ရိပ်သာပြုပြင်နေမှုကို ယမန်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ်လျှပ်စစ်၊စွမ်းအင်၊စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီတာဝန်ခံများနှင့် ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဖလမ်းမြို့တွင်း အများပြည်သူအပန်းဖြေနေရာနှင့် အားကစားပြုလုပ်သည့်နေရာများဖြစ်သည့် ဖါရ်ထောက်ရပ်ကွက်ရှိ ဟရန်ထီးယိုးဘောလုံးကွင်းတွင် ဘောလုံးပြိုင်ပွဲများကျင်းပနိုင်ရန်၊ ကျင်မွာလ်ရပ်ကွက်၊လွတ်လပ်ရေးကျောက်တိုင်ရှိ View Point နေရာတွင် အများပြည်သူများစိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ရန်နှင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ရန် လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ဒေသခံများနှင့်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့၏ ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်၊ View Point လမ်းတစ်လျှောက် လမ်းဘေးဝဲယာသန့်ရှင်းရေးဆောင်ရွက်နေမှု၊ လမ်းမဘေးသစ်ပင်များ အလင်းဖွင့်ရှင်းလင်းနေမှု၊ View Point သွားရာလမ်းတစ်လျှောက်နှင့် View Point ကိုအများ ပြည်သူအပန်းဖြေနိုင်ရန် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဖါရ်ထောက်ရပ်ကွက် ဟရန်ထီယိုးဘောလုံးကွင်းကို JCBစက်ကြီးဖြင့် မြေနေရာပြုပြင်နေမှုနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမို ကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

မူပိုင်ခွင့်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၃၁

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇) စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၆) ၏ မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၄)၊ မဟာဗျူဟာအစီအစဉ်(၄.၃သမ၂)ရှိဥပဒေရေးရာသုတေသနစွမ်းရည်များ တိုးတက်စေရန် ရည်ရွယ်သည့် မူပိုင်ခွင့်ဆိုင်ရာသုတေသနစာတမ်းဖတ်ပွဲ (Research Paper Presentation on Intellectual Property Rights) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် Judicial College ၌ ပူးတွဲစနစ် (In person/ Virtual) ဖြင့်ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး တက်ရောက် အမှာစကားပြောကြားသည်။

သုတေသန စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် အထူးမှုခင်း ကိစ္စရပ်များဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်စေးစေးဝါးဖိုးက "Strengthening Online Platform Responsibility for Trademark Protection in Myanmar" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီး ဒေါက်တာဇင်သူဝင်းက "Trademark Dilution in the Digital Age" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီး ဦးမျိုးသိန်းဦးက "Author's Right Protection in Myanmar" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တရားရုံးမှ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်ကောင်းမြတ်နေခြည်ထူးက "Legal Protection of Moral Rights under Copyright Law in Myanmar" ခေါင်းစဉ်ဖြင့်လည်းကောင်း သုတေသနစာတမ်းများဖတ်ကြားကြသည်။

စာတမ်းဖတ်ပွဲသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှ တရားသူကြီးချုပ်များနှင့် တရားလွှတ်တော်တရားသူကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့် တရားရေးအရာရှိများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်များမှ တရားရေးအရာရှိများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတရားရုံးများ၊ ခရိုင်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ကြပြီး လူကိုယ်တိုင်တက်ရောက်သူ ဦးရေ ၁၄၀၊ အွန်လိုင်းဖြင့် တက်ရောက်သူ ၃၄၅ ဦး စုစုပေါင်း တရားသူကြီးနှင့် တရားရေးအရာရှိ စုစုပေါင်း ၄၈၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)၌ တိုင်းဒေသကြီး၊ ပြည်နယ် ဒုတိယအဆင့်ရရှိခဲ့သော မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်များကို ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ





မန္တလေး အောက်တိုဘာ ၃၁

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)၌ တိုင်းဒေသကြီး၊ ပြည်နယ် ဒုတိယအဆင့်ရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်များ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ် တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ပြိုင်ပွဲဝင်အနုပညာရှင်များ၊ အုပ်ချုပ်သူများနှင့်အောင်နိုင်ရေးအဖွဲ့ဝင်များ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူးက ပြိုင်ပွဲယှဉ်ပြိုင်ခဲ့မှုများနှင့် အတွေ့အကြုံများ၊ ဆုရရှိသူများ ကိုယ်စား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကားတို့ကို ပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲအောင်နိုင်ရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကိုလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒုတိယအဆင့်ရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်အနုပညာရှင်များကိုဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး ဆုရရှိသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဦးစားပေးလျှောက်ထားသူများအနက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့် နေရာကို ကျန်းမာရေးဝန်ကြီးဌာန၏ Website(www.moh.gov.mm), ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm), ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနတို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

အဆိုပါကြေညာချက်ပါအချက်အလက်များကိုသေချာစွာဖတ်ရှုပြီး သူနာပြုသိပ္ပံ(နေပြည်တော်) ၌ ကျင်းပပြုလုပ်မည့် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ မိမိတို့ဖြေဆိုရမည့် သတ်မှတ်နေ့ရက်များအတိုင်း မပျက်မကွက်(**မပျက်မကွက်**) လာရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် နံနက်ပိုင်းတွင် ဖြေဆိုရမည့်သူများ အနေဖြင့် (၀၇:၃၀)နာရီအရောက် လာရောက်ရမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် (၁၁:၃၀)နာရီအရောက် လာရောက်ရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဖြေဆိုရမည့်ခုံအမှတ်	ဖြေဆိုရမည့်နေ့ရက်
ဆေးတက္ကသိုလ်ဝင်ခွင့်ဖြေဆိုရမည့်သူများ	
- ခုံအမှတ်(၁)မှ(၅၈၀)ထိ	၂-၁၁-၂၀၂၆
- ခုံအမှတ်(၅၈၁)မှ(၁၁၆၀)ထိ	၃-၁၁-၂၀၂၆
- ခုံအမှတ်(၁၁၆၁)မှ(၁၄၇၂)ထိ	၄-၁၁-၂၀၂၆
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့်ဖြေဆိုရမည့်သူများ	
ခုံအမှတ်(၁)မှ(၂၂၇)ထိ	၄-၁၁-၂၀၂၆

ကျန်းမာရေးဝန်ကြီးဌာန (၂၃-၁၀ -၂၀၂၆)

ထူးခြားသည့် နေ့အပူချိန်များ

(၃၁ - ၁၀ - ၂၀၂၆)

ချောက်	၃၈	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်	မုဒုံ	၃၇	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
ဘီးလင်း	၃၇	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်	ခရမ်း	၃၇	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
ညောင်ဦး	၃၇	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်	ထားဝယ်	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မြင်းမူ	၃၇	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်	မော်လမြိုင်	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ဘားအံ	၃၇	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်	အောင်လံ	၃၆	ဒသမ	၉	ဒီဂရီဆဲလ်စီးယပ်

ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် အောက်တိုဘာ ၃၁

ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/၈လ)**

စက်တင်ဘာ ၂၁ ရက် မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သဘာဝမြေဩဇာထုတ်လုပ်၊ တင်သွင်း၊ တင်ပို့နှင့် ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်ထွန်း၏ အမျိုးသားအဆင့် မူဝါဒနှင့် သုတေသနစာတမ်း ကောက်နုတ်ချက်

သဘာဝမြေဩဇာကဏ္ဍမှ နိုင်ငံခြားငွေချွေတာရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး (PPP) မဟာဗျူဟာ

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် စားနပ်ရိက္ခာ ဖူလုံရေးအတွက်သာမက ကျေးလက်လူဦးရေ၏ ဝင်ငွေ၊ အလုပ်အကိုင်၊ ပြည်တွင်းစားသုံးမှု၊ ကုန်ကြမ်းထုတ်လုပ်ရေးနှင့် ပို့ကုန်တို့နှင့် ဆက်နွယ်နေသည်။ ထိုကဏ္ဍ၏ ထုတ်လုပ်မှုတိုးတက်ရန် သီးနှံမျိုးစေ့၊ ရေ၊ လုပ်သား၊ စက်ယန္တရား၊ ပိုးသတ်ဆေးနှင့် မြေဩဇာတို့ကဲ့သို့သော သွင်းအားစုများ လိုအပ်သည်။

ထိုအထဲတွင် မြေဩဇာသည် သီးနှံအာဟာရ စိမံခန့်ခွဲမှုအတွက် အဓိက သွင်းအားစုများဖြစ်သည်။ သို့သော် မြေဩဇာကဏ္ဍကို စိုက်ပျိုးရေးထုတ်လုပ်မှုတွင် သွင်းအားစုကဏ္ဍအဖြစ်သာ ရှုမြင်ပါက နိုင်ငံခြားငွေကြေးခန့်ခွဲမှု၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းနှင့် အရင်းအမြစ်ထိန်းသိမ်းခြင်း ဆိုင်ရာ အခွင့်အလမ်းများ လျော့နည်းသွားနိုင်သည်။ ထို့ကြောင့် "မြေဩဇာလိုအပ်ချက်ကို ဖြည့်ဆည်းခြင်း"၊ "ပြည်ပမှ တင်သွင်းရမည့် သွင်းအားစုတစ်စိတ်တစ်ပိုင်းကို လျှော့ချခြင်း"၊ "ပြည်တွင်းကုန်ကြမ်းအရင်းအမြစ်များကို တန်ဖိုးမြှင့်တင်ခြင်း"၊ "အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှု လျှော့ချပြီး အကျိုးရလဒ်ပိုမိုရရှိနိုင်ခြင်း" စသည့် လုပ်ငန်းစဉ်များကို မူဝါဒအဆင့်တွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

လက်ရှိအခြေအနေတွင် အောက်ဖော်ပြပါ အခက်အခဲများနှင့် ကြုံတွေ့ရလျက်ရှိပါသည်-

(၁) နိုင်ငံခြားငွေကြေးလိုအပ်ချက်၊
(၂) ပြည်တွင်းတွင် ကုန်ကြမ်းရှိသော်လည်း တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု အားနည်းနေခြင်း၊
(၃) ပုဂ္ဂလိကကဏ္ဍ တစ်ခုတည်းမှ ဆောင်ရွက်နေရခြင်း၊
(၄) အစိုးရ၏ ပံ့ပိုးဆောင်ရွက်ပေးမှု လိုအပ်နေခြင်း။

ရည်ရွယ်ချက်

ဤစာတမ်း၏ အဓိက ရည်ရွယ်ချက်မှာ သဘာဝမြေဩဇာကဏ္ဍကို ပြည်တွင်းအရင်းအမြစ်အပေါ် အခြေခံသည့် သွင်းကုန်အစားထိုးထုတ်လုပ်မှုလုပ်ငန်းအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံခြားငွေ ချွေတာရေး၊ အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးမှတစ်ဆင့် ရေရှည်တည်တံ့သော တည်ဆောက်နိုင်ရန် မူဝါဒမူဘောင်တစ်ရပ် ဖော်ထုတ်ရန်အတွက် ဖြစ်သည်။

အထူးပြုရည်ရွယ်ချက်များမှာ-

(က) PPP ဖြင့် လုပ်ငန်းဖွံ့ဖြိုးနိုင်မည့် ပုံစံများ ဖော်ထုတ်ရန်၊
(ခ) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ တာဝန်များကို သတ်မှတ်ရန်၊
(ဂ) ၂၀၂၆-၂၀၃၀ အတွက် အကောင်အထည်ဖော်မည့် လမ်းပြမြေပုံ တည်ဆောက်ရန်။

ဆောင်ရွက်ရမည့်နည်းလမ်း

(က) တင်သွင်းမှုအစားထိုးမဟာဗျူဟာ

"စီးပွားရေးအရ အကျိုးရှိပြီး အရည်အသွေးပြည့်မီစွာ ပြည်တွင်းတွင် ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းကို ပြည်တွင်းထုတ်လုပ်ခြင်း" ဖြစ်သည်။

အဆင့် ၁ - အော်ဂဲနစ်မြေဩနှင့် မြေဆီလွှာ ပြုပြင်ရေးပစ္စည်းများ။
အဆင့် ၂ - ဇီဝမြေဩနှင့်အဏုဇီဝသွင်းအားစုများ။
အဆင့် ၃ - အော်ဂဲနစ်မြေဩ ထုတ်လုပ်ရေးစက်ပစ္စည်းနှင့် ပြုပြင်ထုတ်လုပ်ရေးနည်းပညာ၏ ပြည်တွင်းစက်မှုကဏ္ဍ။
အဆင့် ၄ - စံချိန်စံညွှန်းစစ်ဆေးရေး စက်ပစ္စည်းများ၊ ထုပ်ပိုးခြင်းနှင့် အထောက်အကူပြု စက်မှုလုပ်ငန်းများ။

အဆင့် ၅ - ဒေသတွင်းနိုင်ငံများသို့ တင်ပို့မှု။

(ခ) အော်ဂဲနစ်အရင်းအမြစ်များမှ စီးပွားရေးအရင်းအမြစ်များသို့

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ထွက်ရှိသည့် အော်ဂဲနစ် ဘေးထွက်ပစ္စည်းများကို စနစ်တကျစုဆောင်းနိုင်ပါက

စွန့်ပစ်ပစ္စည်း
↓
စုဆောင်းခြင်း
↓
ပြုပြင်ထုတ်လုပ်ခြင်း
↓
အော်ဂဲနစ်မြေဩ
↓
စိုက်ပျိုးရေးထုတ်လုပ်မှု
↓
လယ်ယာဝင်ငွေ
↓
စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု

ဟူသည့် တန်ဖိုးကွင်းဆက် ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် အော်ဂဲနစ်မြေဩထုတ်လုပ်မှု လုပ်ငန်းသည် "မြေဩစက်ရုံ" တစ်ခုတည်း မဟုတ်ဘဲ ကျေးလက်စီးပွားရေးလုပ်ငန်း လည်ပတ်မှုတစ်ခု ဖြစ်လာနိုင်သည်။

(ဂ) အော်ဂဲနစ်မြေဩ တန်ဖိုးကွင်းဆက်

(၁) **ကုန်ကြမ်း**။ သီးနှံအကြွင်းအကျန်များ၊ တိရစ္ဆာန်ချေးများ၊ အပင်အခြေခံ ဘေးထွက်ပစ္စည်း၊ အစားအသောက်ပြုပြင်ထုတ်လုပ်မှု အကြွင်းအကျန်များ၊ အတည်ပြုထားသော အခြားအော်ဂဲနစ် အရင်းအမြစ်များ။

(၂) **စုဆောင်းခြင်း**။ ဒေသအလိုက် စုဆောင်းရေးလုပ်ငန်းများ တည်ဆောက်ရန်။

(၃) **ပြုပြင်ထုတ်လုပ်ခြင်း**။ မြေဆွေး၊ ဘိုကာရှိ၊ တီမြေဆွေး၊ ဇီဝမီးသွေး၊ အတည်ပြုထားသော အခြားမြေဆီလွှာပြုပြင်ပစ္စည်းများ။

(၄) **အရည်အသွေးထိန်းချုပ်ခြင်း**။ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် ထုတ်လုပ်မှုမှတ်တမ်းများ ထားရှိရန်။

(၅) **ထုပ်ပိုးခြင်း**။ ထုတ်ကုန်အချက်အလက်၊ အသုံးပြုပုံ၊ ထုတ်လုပ်မှု နံပါတ်နှင့် ခြေရာခံနိုင်မှု ပါဝင်ရန်။

(၆) **ဖြန့်ဖြူးခြင်း**။ ဒေသအလိုက် ဖြန့်ဖြူးရေးကွန်ရက် တည်ဆောက်ရန်။

(၇) **တောင်သူအသုံးပြုခြင်း**။ မြေနှင့်သီးနှံအခြေခံအကြံပြုချက်ဖြင့် အသုံးပြုရန်။

(၈) **တွေ့ရှိချက်**။ လယ်ယာထုတ်လုပ်မှုစွမ်းဆောင်ရည်အချက်အလက်များ ပြန်လည်ရယူရန်။

(ဃ) အမျိုးသားအဆင့် အော်ဂဲနစ်မြေဩစက်မှုဇုန်များ

နိုင်ငံအတွင်း အော်ဂဲနစ်မြေဩစက်မှုလုပ်ငန်းကို တစ်နေရာတည်းတွင်သာ စုစည်းမည့်အစား ကုန်ကြမ်းရရှိနိုင်မှုနှင့် သီးနှံလိုအပ်ချက်အပေါ် အခြေခံ၍ ဒေသအလိုက် အော်ဂဲနစ်မြေဩ ထုတ်လုပ်မှုအချက်အချာကျသော လုပ်ငန်းများ တည်ဆောက်ရန် အဆိုပြုသည်။

ဥပမာ-

မြစ်ဝကျွန်းပေါ်ဒေသ	- စပါးအကြွင်းအကျန်အခြေခံ ထုတ်လုပ်မှု။
အလယ်ပိုင်း ခြောက်သွေ့ဇုန် ရှမ်း သို့မဟုတ် ကုန်းမြင့်ဒေသ	- သီးနှံအကြွင်းအကျန်နှင့် တိရစ္ဆာန်ချေး။ - ဟင်းသီးဟင်းရွက်အကြွင်း အကျန်နှင့် တိရစ္ဆာန်အခြေခံ အကျန်များ။
မြို့ပြအနီးတစ်ဝိုက် ဒေသများ	- ခွဲခြားစုဆောင်းထားသော အော်ဂဲနစ်မြို့ပြ စွန့်ပစ်ပစ္စည်းနှင့်အစားအသောက် ပြုပြင်ထုတ်လုပ်မှုမှ စွန့်ပစ်သည့် အရင်းအမြစ်များ။

ဤနေရာများကို သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေး စံနှုန်းလိုအပ်ချက်များနှင့် ကိုက်ညီစွာ စီမံရမည်။

(ငါ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Public Private Partnership- PPP)

PPP သည် Public Sector နှင့် Private Sector တို့၏ အားသာချက်များကို ပေါင်းစပ်ပြီး Investment+ Expertise + Infrastructure + Risk Sharing + Public Benefit တို့ကို တစ်ခုတည်းသော Project Structure အတွင်း စီမံခန့်ခွဲသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ စိုက်ပျိုးရေး value chain တစ်လျှောက် PPP mechanism ဖြင့် Government Private Company နှင့် Producers တို့ ပါဝင်သည့် စနစ် တည်ဆောက်ရန် ရည်ရွယ်ချက်ကို ဖော်ပြထားသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အခြားကဏ္ဍများတွင် PPP ကို အသုံးပြုရန် မူဝါဒနှင့် လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများရှိပြီး စက်မှုဝန်ကြီးဌာနကလည်း စက်ရုံများအတွက် PPP Expression of Interest ခေါ်ယူခဲ့သည့် အတွေ့အကြုံရှိသည်။

(စ) သဘာဝမြေဩကဏ္ဍအတွက် PPP ပုံစံ

ပုံစံ ၁ - အစိုးရမြေနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု။ အစိုးရဘက်မှ သင့်လျော်သော မြေနေရာနှင့် အခြေခံအဆောက်အအုံ ပံ့ပိုးပေးရမည်။ ပုဂ္ဂလိကဘက်မှ စက်ရုံ၊ စက်ပစ္စည်း၊ လုပ်ငန်းလည်ပတ်ငွေ၊ စီမံခန့်ခွဲမှု၊ နည်းပညာ တာဝန်ယူရမည်။

ပုံစံ ၂ - ဒေသအော်ဂဲနစ်အရင်းအမြစ်စင်တာ။ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များ၊ ဒေသထုတ်လုပ်သူများ ပူးပေါင်း၍ ဒေသအလိုက် အရင်းအမြစ်စုဆောင်းရေးလုပ်ငန်းစင်တာ တည်ဆောက်ခြင်း။

ပုံစံ ၃ - ဌာနဆိုင်ရာ ဓာတ်ခွဲခန်းများနှင့် ပုဂ္ဂလိကလုပ်ငန်း။ အစိုးရမှ ဓာတ်ခွဲခန်းအခြေခံ အဆောက်အအုံတည်ဆောက်ပြီး ပုဂ္ဂလိကကဏ္ဍနှင့် ဝန်ဆောင်မှုစီစဉ်မှုဖြင့် အသုံးချခြင်း။

ပုံစံ ၄ - အကျိုးဆောင်တောင်သူ - ပြည်သူ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု။ နိုင်ငံတော်နှင့် တက္ကသိုလ်မှ မြေနှင့် သုတေသန၊ ပုဂ္ဂလိကကဏ္ဍမှ သွင်းအားစုများနှင့် နည်းပညာ၊ တောင်သူအဖွဲ့များမှ လယ်ကွင်းစီမံခန့်ခွဲမှု ပူးပေါင်းခြင်း။

ပုံစံ ၅ - တည်ဆောက်-လည်ပတ်-လွှဲပြောင်းခြင်း။ သင့်လျော်သော စီမံကိန်းများတွင် ပုဂ္ဂလိကမှ အဆောက်အအုံတည်ဆောက်၍ သတ်မှတ်ကာလ အတွင်း လည်ပတ်ပြီး သဘောတူညီချက်အရ လွှဲပြောင်းသည့်ပုံစံကို လေ့လာအသုံးပြုနိုင်သည်။

> **"ပြည်တွင်းတွင် ထုတ်လုပ်နိုင်သည့်ထုတ်ကုန်ကို ပြည်တွင်းမှာပင် ထုတ်လုပ်ခြင်း၊ ပြည်တွင်းမှာ ရရှိနိုင်သည့် အော်ဂဲနစ်အရင်းအမြစ်ကို တန်ဖိုးမြှင့်တင်ခြင်း၊ သိပ္ပံနည်းကျ အရည်အသွေးထိန်းချုပ်ခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်း၊ အစိုးရ၏ အခြေခံ အဆောက်အအုံနှင့် မူဝါဒအထောက်အပံ့ကို ပေါင်းစပ်ခြင်းတို့ဖြင့် မြေဩဇာကဏ္ဍကို ဖွံ့ဖြိုးစေရုံသာမက နိုင်ငံခြားငွေချွေတာရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည်"**

(ဆ) PPP စီမံကိန်းတစ်ခု၏ ဖွဲ့စည်းပုံ

အစိုးရ
မူဝါဒ၊ မြေ၊ ပံ့ပိုးကူညီခြင်းနှင့် စည်းမျဉ်း
↓
ပြည်သူ-ပုဂ္ဂလိက
ပူးပေါင်းစီမံကိန်းကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် စီမံခန့်ခွဲမှု
↓
အော်ဂဲနစ်အရင်းအမြစ်စုဆောင်းရေးကွန်ရက်
ကုန်ကြမ်း
↓
ပြုပြင်ထုတ်လုပ်ရေးစက်ရုံ
ထုတ်လုပ်မှု
↓
ဓာတ်ခွဲခန်း
အရည်အသွေးအာမခံမှု
↓
ဖြန့်ဖြူးသူ သို့မဟုတ် တောင်သူကွန်ရက်
ဈေးကွက်
↓
တောင်သူများ
ထုတ်လုပ်မှု
↓
ဝင်ငွေ
↓
အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအကျိုးကျေးဇူး

(၅) PPP စီမံကိန်း ရွေးချယ်ရေး သတ်မှတ်ချက်များ

PPP စီမံကိန်းတစ်ခုကို အောက်ပါသတ်မှတ်ချက်များဖြင့် ရွေးချယ်ရပါမည်-

သတ်မှတ်ချက် ၁ - ကုန်ကြမ်းရရှိနိုင်မှု။
သတ်မှတ်ချက် ၂ - ဈေးကွက်လိုအပ်ချက်။
သတ်မှတ်ချက် ၃ - တင်သွင်းမှုအစားထိုးနိုင်သည့် အလားအလာ။
သတ်မှတ်ချက် ၄ - နိုင်ငံခြားငွေကြေး ချွေတာနိုင်သည့် အလားအလာ။
သတ်မှတ်ချက် ၅ - ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ စိတ်ပါဝင်စားမှု။
သတ်မှတ်ချက် ၆ - အစိုးရပံ့ပိုးကူညီနိုင်မှု ဖြစ်နိုင်ခြေ။
သတ်မှတ်ချက် ၇ - ပတ်ဝန်းကျင်ရေရှည် တည်တံ့နိုင်မှု။
သတ်မှတ်ချက် ၈ - တောင်သူအကျိုးအမြတ်။
သတ်မှတ်ချက် ၉ - ဘဏ္ဍာရေးအရ အသက်ဝင်နိုင်မှု။
သတ်မှတ်ချက် ၁၀ - တိုးချဲ့နိုင်မှု။

(ဈ) အဆိုပြုထားသော အမျိုးသားအဆင့် PPP ဖွဲ့စည်းပုံ

အမျိုးသားအဆင့်

အမျိုးသား အော်ဂဲနစ်မြေဩ ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဦးဆောင်ကော်မတီ တာဝန်။ မူဝါဒ၊ ညှိနှိုင်းဆောင်ရွက်မှု၊ စီမံကိန်းအတည်ပြုခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း။

နည်းပညာအဆင့်။ နည်းပညာလုပ်ငန်းအဖွဲ့။

ပါဝင်သူများ။ အစိုးရနည်းပညာဌာနများ၊ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းအသင်း၊ ပုဂ္ဂလိကကဏ္ဍ၊ တောင်သူကိုယ်စားလှယ်များ။

စီမံကိန်းအဆင့်။ ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အထူးရည်ရွယ်ကုမ္ပဏီ Special Purpose Vehicle (SPV)

တာဝန်။ ရင်းနှီးမြှုပ်နှံမှု၊ တည်ဆောက်ရေး၊ လည်ပတ်ရေး၊ အရောင်းမြှင့်တင်ရေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ အစီရင်ခံတင်ပြခြင်း။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

အကောင်အထည်ဖော်
ဆောင်ရွက်ရမည့်အခန်းကဏ္ဍ

(က) **အစိုးရ၏ အခန်းကဏ္ဍ**။ (၁) မူဝါဒ ၊ (၂) ဥပဒေ မူဘောင်၊ (၃) စံချိန်စံညွှန်းများ၊ (၄) မြေနေရာပံ့ပိုးကူညီခြင်း၊ (၅) အခြေခံအဆောက်အအုံ၊ (၆) သုတေသနပံ့ပိုးမှု၊ (၇) ဓာတ်ခွဲခန်းစနစ်၊ (၈) ရင်းနှီးမြှုပ်နှံမှုပံ့ပိုးကူညီခြင်း၊ (၉) တောင်သူအသိပညာဖြန့်ဖြူးရေး၊ (၁၀) စောင့်ကြည့် စစ်ဆေးခြင်း။

(ခ) **ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍ**။ (၁) အရင်းအနှီး၊ (၂) နည်းပညာ၊ (၃) ထုတ်လုပ်မှု၊ (၄) စီမံခန့်ခွဲမှု၊ (၅) ဖြန့်ဖြူးမှု၊ (၆) ဈေးကွက်ရှာဖွေရေး၊ (၇) ဆန်းသစ်တီထွင်မှု၊ (၈) တင်ပို့မှုတို့ကို အဓိက တာဝန်ယူသင့်သည်။

ထုတ်လုပ်သူများအနေဖြင့် "ရောင်းအားတိုးရေး" ထက် "အရည်အသွေးနှင့် လယ်သမား အကျိုးအမြတ်"ကို အခြေခံသည့် စီးပွားရေးပုံစံ တည်ဆောက်ရန် လိုအပ်သည်။

(ဂ) အသင်းအဖွဲ့၏ အခန်းကဏ္ဍ

(၁) မူဝါဒဆိုင်ရာ ထောက်ခံဆောင်ရွက်မှု - အစိုးရထံ ကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းနှင့် အရည်အသွေးဆိုင်ရာ အထောက်အထားများ အတွက် ထောက်ခံချက်ပေးခြင်း၊

(၂) လုပ်ငန်းဆိုင်ရာစံချိန်စံညွှန်းများ - အဖွဲ့ဝင်များ၏ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်း၊

(၃) သုတေသန-ထုတ်လုပ်မှုလုပ်ငန်းတစ်ခုလုံးဆိုင်ရာ နည်းပညာနှင့် သုတေသနဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း၊

(၄) စွမ်းရည်မြှင့်တင်ရေး - ထုတ်လုပ်သူများ၏ နည်းပညာစွမ်းရည် မြှင့်တင်ခြင်း၊

(၅) တောင်သူများထံ ဆက်သွယ်ရောက်ရှိရေး-သဘာဝမြေဩဇာအသုံးပြုမှုအတွက် တောင်သူပညာပေးခြင်း၊

(၆) ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံပိုးကူညီရေး - အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူများကြား စိမ်ကိန်းလုပ်ငန်းအစီအစဉ်များ ဖော်ဆောင်ခြင်း။

(ဃ)သုတေသနနှင့် နည်းပညာ အခန်းကဏ္ဍ

အစီအစဉ် ၁ - ဒေသတွင်းကုန်ကြမ်းများ၏ သဘောသဘာဝသတ်မှတ်ချက်။

အစီအစဉ် ၂ - ဆွေးမြည့်ပစ္စည်းနှင့် ဘိုကာရှီ၏ ရင့်ကျက်မှုနှင့် အရည်အသွေး။

အစီအစဉ် ၃ - ဇီဝမီးသွေး၏ ဂုဏ်သတ္တိများနှင့် သင့်လျော်သော အသုံးချမှုများ။

အစီအစဉ် ၄ - ဇီဝမြေဩဇာ၏ ထိရောက်မှု။

အစီအစဉ် ၅ - သီးနှံအလိုက် အသုံးပြုမှု။

အစီအစဉ် ၆ - စီးပွားရေးအမြတ်အစွန်း။

အစီအစဉ် ၇ - ရေရှည်မြေဆီလွှာကျန်းမာရေး။

အစီအစဉ် ၈ - စွန့်ပစ်ပစ္စည်းမှ အရင်းအမြစ်သို့ ပြောင်းလဲသည့် နည်းပညာများ။

(င) အရည်အသွေးအာမခံမှု

နိုင်ငံခြားငွေ ချွေတာရန် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်သည့်အခါ အရည်အသွေး ပြည့်ဝရန် အတွက် ထိန်းသိမ်းရေးလုပ်ငန်းစဉ်သည် အရေးကြီးသည့်အချက်တစ်ချက် ဖြစ်ပါသည်။

အရည်အသွေးမပြည့်မီသော ထုတ်ကုန်ကြောင့် တောင်သူနစ်နာမှု၊ သီးနှံဆုံးရှုံးမှု၊ ယုံကြည်မှု ဆုံးရှုံးမှု၊ လုပ်ငန်းဂုဏ်သတင်းဆုံးရှုံးမှု ဖြစ်နိုင်သည်။ ထို့ကြောင့် ထုတ်လုပ်မှု → စမ်းသပ်စစ်ဆေးမှု → တံဆိပ်ကပ်ခြင်း → ခြေရာခံနိုင်မှု → ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုတစ်လျှောက် အရည်အသွေးအာမခံမှုစနစ် တည်ဆောက်ရမည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော မြေဩဇာဥပဒေနှင့် ပြင်ဆင်ထားသော မြေဩဇာဥပဒေတို့တွင် ပါဝင်သည့် လိုက်နာရမည့် အချက်များနှင့်အညီ မည်သို့ချိတ်ဆက်မည်၊ မည်သည့်နေရာများကို ပြင်ဆင်ရန် သို့မဟုတ် ဖြည့်စွက်ရန် လိုမည်ဆိုသည်ကို ဆက်လက်သုံးသပ် ဆောင်ရွက်သင့်ပါသည်။

(စ) ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးမဟာဗျူဟာ

PPP စီမံကိန်းတစ်ခုစီအတွက် အောက်ပါ ဘဏ္ဍာရေးပုံစံကို ပြုလုပ်ရမည်-

အရင်းအနှီးအသုံးစရိတ်။ မြေနေရာ၊ စက်ရုံ၊ စက်ပစ္စည်း၊ ဓာတ်ခွဲခန်း၊ သိုလှောင်ရေး၊ ယာဉ်များ၊ အသုံးအဆောင်ဝန်ဆောင်မှုများ။

လည်ပတ်ရေးအသုံးစရိတ်။ ကုန်ကြမ်းများ၊ အလုပ်သမား၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ထုပ်ပိုးမှု၊ ပြုပြင်ထိန်းသိမ်းမှု၊ စမ်းသပ်စစ်ဆေးမှု၊ စီမံအုပ်ချုပ်မှု။

ဝင်ငွေ။ ပြည်တွင်းရောင်းချမှု၊ အဖွဲ့အစည်းဆိုင်ရာ ဝယ်ယူမှု၊ တင်ပို့မှု၊ အရန်ထွက်ကုန်များ သို့မဟုတ် တွဲဖက်ထွက်ကုန်များ။

စီးပွားရေးအကျိုးအမြတ်များ။ တင်သွင်းမှုအစားထိုးခြင်း၊ နိုင်ငံခြားငွေကြေးချွေတာမှု၊ အလုပ်အကိုင်၊ အခွန်ဝင်ငွေ၊ ကျေးလက်ဝင်ငွေ၊ စွန့်ပစ်ပစ္စည်းလျှော့ချမှု။

အကောင်အထည်ဖော်မည့် လမ်းပြမြေပုံ (၂၀၂၆-၂၀၃၀)

အဆင့် ၁ - မူဝါဒနှင့် အခြေခံအချက်အလက်

အမျိုးသားအဆင့် စက်မှုလုပ်ငန်းစာရင်း မြေဩဇာတင်သွင်းမှု အခြေခံအချက်အလက် အော်ဂဲနစ်အရင်းအမြစ် မြေပုံရေးဆွဲခြင်း ဥပဒေကွာဟချက် ခွဲခြမ်းစိတ်ဖြာချက် ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဖြစ်နိုင်ခြေလေ့လာမှုများ စမ်းသပ်စီမံကိန်းများ

အဆင့် ၂ - စမ်းသပ်အဆင့် ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု

ဒေသအလိုက် စမ်းသပ်စင်တာ ၃-၅ ခုအထိ လေ့လာတည်ဆောက်ရန်။

အဓိက စွမ်းဆောင်ရည်သွန်းကိန်း_"စမ်းသပ်စီမံကိန်းတွင် စီးပွားရေးအရ အမှန်တကယ် အောင်မြင်နိုင်မှု ရှိ၊ မရှိ တိုင်းတာခြင်း" ဖြစ်သည်။

အဆင့် ၃ - တိုးချဲ့ခြင်း

အောင်မြင်သော ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံများကို အခြားဒေသများသို့ တိုးချဲ့ရန်။

အဆင့် ၄ - အမျိုးသားကွန်ရက်

ဒေသအလိုက် အော်ဂဲနစ်မြေဩဇာ ကွန်ရက် တစ်ခုအဖြစ် ချိတ်ဆက်ရန်။

(က) အဓိကစွမ်းဆောင်ရည် ရည်ညွှန်းကိန်းမူဘောင် (KPI Framework)

အမျိုးအစား - အဓိကစွမ်းဆောင်ရည် ရည်ညွှန်းကိန်း

စက်မှုလုပ်ငန်း - မှတ်ပုံတင်ထားသော/အရည်ထုတ်လုပ်သူများ အသွေးပြည့်မီသော ထုတ်လုပ်မှု - ပြည်တွင်းထုတ်လုပ်မှုပမာဏ

တင်သွင်းမှုအစားထိုးခြင်း - အစားထိုးလိုက်သော တင်သွင်းသွင်းအားစု

နိုင်ငံခြားငွေကြေး - အသားတင်နိုင်ငံခြားငွေကြေး ချွေတာမှု

အရင်းအမြစ် - ပြန်လည်ရယူလိုက်သော အော်ဂဲနစ် အရင်းအမြစ်

PPP - အောင်မြင်သော PPP စီမံကိန်းအရေအတွက်

တောင်သူများ - ဆက်သွယ် ရောက်ရှိသော တောင်သူများ

သုတေသန - ပြီးစီးသော လယ်ကွင်းစမ်းသပ်မှုများ

အရည်အသွေး - စမ်းသပ် စစ်ဆေးပြီးသော ထုတ်ကုန်များ

အလုပ်အကိုင် - ဖန်တီးပေးလိုက်သော အလုပ်အကိုင်များ

တင်ပို့မှု - တင်ပို့ရန်အသင့်ဖြစ်သော ထုတ်ကုန်များ

ပတ်ဝန်းကျင် - လွှဲပြောင်း/ပြန်လည်ရယူလိုက် ထိန်းသိမ်းမှု သော စွန့်ပစ်ပစ္စည်းများ

မှတ်ချက် - အခြေခံအချက်အလက် မရရှိသေးသည့် အတွက် ၂၀၃၀ ရည်မှန်းချက် ကိန်းဂဏန်းများကို အစိုးရ၊ အသင်း၊ စက်မှုလုပ်ငန်း ညှိနှိုင်းမှုပြုလုပ်ပြီး သတ်မှတ်သင့်ပါသည်။

(ခ) ဘေးအန္တရာယ်စီမံခန့်ခွဲမှု (Risk Management)

၁ - အရည်အသွေး။ ဖြေရှင်းချက် - မဖြစ်မနေ စမ်းသပ်စစ်ဆေးခြင်း + ခြေရာခံနိုင်မှု။

၂ - ဈေးကွက်။ ဖြေရှင်းချက် - တောင်သူသရုပ်ပြခြင်း + ဈေးကွက်သတင်းအချက်အလက်။

၃ - ကုန်ကြမ်း။ ဖြေရှင်းချက် - ရေရှည်ထောက်ပံ့ရေး စာချုပ်များ + ဒေသအလိုက် စုဆောင်းရေးစင်တာများ။

၄ - ဘဏ္ဍာရေး။ ဖြေရှင်းချက် - ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု + ရောနှောဘဏ္ဍာရေး။

၅ - မူဝါဒ။ ဖြေရှင်းချက် - ရှင်းလင်းသောမူဝါဒ + ရေရှည်မူဘောင်။

၆ - နည်းပညာ။ ဖြေရှင်းချက် - တက္ကသိုလ်-စက်မှုလုပ်ငန်း သုတေသနနှင့် ဖွံ့ဖြိုးရေး။

၇ - ပတ်ဝန်းကျင်ထိန်းသိမ်းရေး။ ဖြေရှင်းချက် - ကုန်ကြမ်းစိစစ်ခြင်း + ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များ။

(ဂ) အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ ခြိမ်းခြောက်မှု ခွဲခြမ်းစိတ်ဖြာချက် (SWOT Analysis)

အားသာချက်များ။ ဒေသတွင်း အော်ဂဲနစ်အရင်းအမြစ်များ၊ စိုက်ပျိုးရေးအခြေခံ၊ လက်ရှိ ပုဂ္ဂလိက ထုတ်လုပ်သူများ၊ ပြည်တွင်းဈေးကွက်၊ တောင်သူအသိပညာ၊ ကျေးလက်အလုပ်အကိုင် အလားအလာ။

အားနည်းချက်များ။ အကန့်အသတ်ရှိသော အရည်အသွေးစမ်းသပ်စစ်ဆေးနိုင်စွမ်း၊ မညီမျှသော ထုတ်ကုန်အရည်အသွေး၊ အကန့်အသတ်ရှိသော အရင်းအနှီး၊ တည်ငြိမ်သော ကုန်ကြမ်းရရှိနိုင်မှု၊ အကန့်အသတ်ရှိသော အချက်အလက်။

အခွင့်အလမ်းများ။ တင်သွင်းမှု အစားထိုးခြင်း၊ နိုင်ငံခြားငွေကြေးချွေတာမှု၊ စိမ်းလန်းသော စီးပွားရေး၊ ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၊ စဉ်ဆက်မပြတ် စီးပွားရေးဆောင်ရွက်မှု၊ တင်ပို့မှု အလားအလာ။

ခြိမ်းခြောက်မှုများ။ ရာသီဥတုပြောင်းလဲမှု၊ ငွေကြေးမတည်ငြိမ်မှု၊ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်၊ အရည်အသွေးညံ့သော ထုတ်ကုန်များ၊ အားနည်းသော ဈေးကွက်ယုံကြည်မှု။

(ဃ) မူဝါဒဆိုင်ရာ အကြံပြုချက်များ

(၁) "အမျိုးသားအော်ဂဲနစ်မြေဩဇာနှင့် ဇီဝသွင်းအားစု ဖွံ့ဖြိုးရေးအစီအစဉ်" တစ်ရပ် တည်ဆောက်ရန်။

(၂) အော်ဂဲနစ်မြေဩဇာ ထုတ်လုပ်မှုလုပ်ငန်းကို တင်သွင်းမှုအစားထိုးလုပ်ငန်းအဖြစ် သတ်မှတ် လေ့လာရန်။

(၃) ဒေသအလိုက် အော်ဂဲနစ်အရင်းအမြစ်နှင့် မြေဩဇာပြုပြင်ထုတ်လုပ်ရေး စင်တာများကို ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဖြင့် စမ်းသပ်စတင်ရန်။

(၄) အမျိုးသားအဆင့် အော်ဂဲနစ်အရင်းအမြစ် မြေပုံရေးဆွဲခြင်း ပြုလုပ်ရန်။

(၅) နိုင်ငံခြားငွေကြေးချွေတာမှုကို စီမံကိန်း တစ်ခုချင်းစီအလိုက် တိုင်းတာသည့်စနစ် တည်ဆောက်ရန်။

(၆) အရည်အသွေးစမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းကွန်ရက် တိုးချဲ့ရန်။

(၇) အစိုးရမြေ / အခြေခံအဆောက်အအုံနှင့် ပုဂ္ဂလိကအရင်းအနှီး / နည်းပညာပုံစံကို သင့်လျော်သည့် စီမံကိန်းများတွင် အသုံးချရန်။

(၈) တက္ကသိုလ်-ပုဂ္ဂလိကလုပ်ငန်းများ ပူးပေါင်းသည့် သုတေသနရန်ပုံငွေ တည်ဆောက်ရန်။

(၉) တောင်သူသရုပ်ပြခြင်းနှင့် မြေဆီလွှာ စမ်းသပ်စစ်ဆေးခြင်းကို ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းတွင် မဖြစ်မနေ ထည့်သွင်းရန်။

(၁၀) အောင်မြင်သော ပြည်တွင်းထုတ်ကုန်များကို တင်ပို့နိုင်သောထုတ်ကုန်များ မြှင့်တင်ရန်။

မျှော်မှန်းရသော စီးပွားရေးအကျိုးသက်ရောက်မှု

ဤမဟာဗျူဟာသည် မြေဩဇာစက်ရုံများ တိုးပွားလာခြင်းတစ်ခုတည်းမဟုတ်ဘဲ အောက်ပါ economic activities များကို ဖြစ်ပေါ်စေနိုင်သည်-

(က) **တိုက်ရိုက်အကျိုးသက်ရောက်မှု**။ စက်ရုံရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်၊ ထုတ်လုပ်မှု။

(ခ) **သွယ်ဝိုက်အကျိုးသက်ရောက်မှု**။ သယ်ယူပို့ဆောင်ရေး၊ ထုပ်ပိုးမှု၊ စက်ပစ္စည်း၊ ကုန်ကြမ်းစုဆောင်းခြင်း၊ ဓာတ်ခွဲခန်းဝန်ဆောင်မှုများ။

(ဂ) **ဆက်စပ်ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှု**။ ကျေးလက်ဝင်ငွေ၊ ဒေသတွင်းသုံးစွဲမှု၊ အသေးစား စီးပွားရေးလုပ်ငန်းများ။

(ဃ) **မဟာဗျူဟာမြောက်အကျိုးသက်ရောက်မှု**။ တင်သွင်းမှုအစားထိုးခြင်း၊ နိုင်ငံခြား ငွေကြေး ချွေတာမှု၊ ထောက်ပံ့ရေးကွင်းဆက် ခံနိုင်ရည်၊ စိုက်ပျိုးရေး ယှဉ်ပြိုင်နိုင်မှု။

အမျိုးသားအဆင့် ရရှိမည့် အကျိုးကျေးဇူးများ

ဤမဟာဗျူဟာကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက

နိုင်ငံအတွက်။ နိုင်ငံခြားငွေကြေးသုံးငွေကို လျှော့ချနိုင်မည့် အခွင့်အလမ်းရှိမည်။

လယ်သမားအတွက်။ ဒေသတွင်းမှ ရရှိနိုင်သော သင့်လျော်သည့် သွင်းအားစုများကို ရရှိနိုင်မှု တိုးလာနိုင်မည်။

စီးပွားရေးလုပ်ငန်းအတွက်။ ပြည်တွင်းထုတ်လုပ်မှု၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိမ်းလန်းသောစက်မှုလုပ်ငန်း ဖွံ့ဖြိုးလာနိုင်မည်။

အစိုးရအတွက်။ အများပြည်သူပိုင်အရင်းအမြစ်များကို မဟာဗျူဟာမြောက် အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုပတ်ဝန်းကျင်တွင် ပိုမို အာရုံစိုက်အသုံးချနိုင်မည်။

ပတ်ဝန်းကျင်အတွက်။ သင့်လျော်သော အော်ဂဲနစ်အရင်းအမြစ်များကို စွန့်ပစ်ပစ္စည်းအဖြစ် စွန့်ပစ်မည့် အစား အရင်းအမြစ်အဖြစ် ပြန်လည်အသုံးချနိုင်မည်။

နိဂုံး

ပြည်တွင်းတွင် ထုတ်လုပ်နိုင်သည့်ထုတ်ကုန်ကို ပြည်တွင်းမှာပင် ထုတ်လုပ်ခြင်း၊ ပြည်တွင်းမှာ ရရှိနိုင်သည့် အော်ဂဲနစ်အရင်းအမြစ်ကို တန်ဖိုးမြှင့်တင်ခြင်း၊ သိပ္ပံနည်းကျ အရည်အသွေးထိန်းချုပ်ခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်း၊ အစိုးရ၏ အခြေခံအဆောက်အအုံနှင့် မူဝါဒအထောက်အပံ့ကို ပေါင်းစပ်ခြင်းတို့ဖြင့် မြေဩဇာကဏ္ဍကို ဖွံ့ဖြိုးစေရုံသာမက နိုင်ငံခြားငွေချွေတာရေး၏ အစိတ်အပိုင်း တစ်ခုအဖြစ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ဤစာတမ်း၏ မူဝါဒအဆိုပြုချက်မှာ နိုင်ငံခြားငွေချွေတာနိုင်သော ပြည်တွင်းစက်မှုလုပ်ငန်း၊ "သဘာဝမြေဩဇာကို ကျေးလက်စီးပွားရေးကို လှုံ့ဆော်ပေးနိုင်သော တန်ဖိုးကွင်းဆက်၊ စွန့်ပစ်ပစ္စည်းကို အရင်းအမြစ်အဖြစ် ပြောင်းလဲပေးနိုင်သော စဉ်ဆက်မပြတ် စီးပွားရေးဆောင်ရွက်မှုနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်သော အမျိုးသားမဟာဗျူဟာမြောက် လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်" ဖြစ်ပါသည်။

နောက်ဆက်တွဲများ

အမျိုးသားအဆင့် မူဝါဒဆိုင်ရာ နောက်ဆုံးအဆိုပြုချက်

"ဒေသတွင်းအရင်းအမြစ်များ →ဒေသတွင်း ထုတ်လုပ်မှု →တင်သွင်းမှုအစားထိုးခြင်း → နိုင်ငံခြားငွေကြေးချွေတာမှု→ ကျေးလက်ဒေသဖွံ့ဖြိုးရေး →အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု" ဟူသည့် စီးပွားရေးကွင်းဆက်ကို ၂၀၂၆-၂၀၃၀ ကာလအတွင်း တည်ဆောက်ရန် အဆိုပြုပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရက မူဝါဒချမှတ်သူ-ပံ့ပိုးကူညီသူ - စည်းမျဉ်းထိန်းသိမ်းသူအဖြစ်၊ ပုဂ္ဂလိကက ရင်းနှီးမြှုပ်နှံသူ - ထုတ်လုပ်သူ - ဆန်းသစ်တီထွင်သူ - ဈေးကွက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သူအဖြစ်၊ အသင်းအဖွဲ့က လုပ်ငန်းညှိနှိုင်းသူ - မူဝါဒပေါင်းကူးသူအဖြစ်၊ တက္ကသိုလ်နှင့် သုတေသနအဖွဲ့များက အသိပညာနှင့် အထောက်အထားပံ့ပိုးသူအဖြစ်၊ လယ်သမားများက အသုံးပြုသူ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သူအဖြစ် စုပေါင်းဆောင်ရွက်သင့်သည်။

ကိုးကားချက်

၁။ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန - Fertilizer Law နှင့် ဆက်စပ် ဥပဒေများ။

၂။ Ministry of Agriculture, Livestock and Irrigation - Agriculture sector objectives and PPP/value-chain development framework।

၃။ Myanmar Government - Public-Private Partnership policy and project information

၄။ ASEAN - Soil and Nutrient Management Guidelines.

၅။ ASEAN - Organic Agriculture Standards.

၆။ FAO - Sustainable Soil Management and Sustainable Agriculture literature.

၇။ Peer-reviewed literature on organic fertilizer, biofertilizer, compost, biochar, circular economy and integrated nutrient management.

မြန်မာ-အိန္ဒိယ 8th Army to Army Staff Talks အစည်းအဝေးကျင်းပ



မြန်မာ-အိန္ဒိယ 8th Army to Army Staff Talks အစည်းအဝေးကျင်းပစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အိန္ဒိယတပ်မတော်ကိုယ်စားလှယ်အဖွဲ့ ဖူးမြော်ကြည်ညိုပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာ-အိန္ဒိယ 8th Army to Army Staff Talks အစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက် နံနက်ပိုင်းတို့တွင် နေပြည်တော်ရှိ Park Royal Hotel ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ အိန္ဒိယတပ်မတော်မှ Major General Mahipal Singh Rathore (Additional Director General of International Cooperation) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ မြန်မာ့တပ်မတော်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့် အိန္ဒိယတပ်မတော်မှ အဖွဲ့ခေါင်းဆောင် Major General Mahipal Singh Rathore (Additional Director General of International Cooperation)တို့က နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်ဆွေးနွေးကြသည်။ ယင်းနောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားရှင်းလင်းကြပြီး နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် နိဂုံးချုပ်အမှာစကားများ အသီးသီးပြောကြားကြသည်။ ယင်းနောက် အမှတ်တရပစ္စည်းများ အပြန်အလှန်လဲလှယ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အိန္ဒိယတပ်မတော်ကိုယ်စားလှယ်အဖွဲ့ကို အောက်တိုဘာ ၂၈ ရက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာ-အိန္ဒိယ 8th Army to Army Staff Talks အစည်းအဝေးသို့ တက်ရောက်လာကြသည့် အိန္ဒိယတပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပွါတသန္တိစေတီတော်မြတ်ကြီးနှင့် မဟာသကျရံသီဘုရားတို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သို့ သွားရောက်လေ့လာ လည်ပတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

❍ ဘိလိယက်နှင့်စနူကာပြိုင်ပွဲမှ

စနူကာ 15-Red ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ သက်လှိုင်ဝင်းကို ရလဒ် သုံးမှတ် နှစ်မှတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ အာကာလင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စိုးမိုးကို ရလဒ် သုံးမှတ် တစ်မှတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မာန်ဟိန်းကျော်က မကွေးတိုင်းဒေသကြီး အသင်းမှ သက်နောင်ဝင်းကို ရလဒ် သုံးမှတ် နှစ်မှတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ငြိမ်းပြည့်ဖြိုးက ရခိုင်ပြည်နယ်အသင်းမှ မျိုးထက်ထွန်းကို ရလဒ် သုံးမှတ် နှစ်မှတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အသင်းမှ ကောင်းစွာန်ထက်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ မျိုးမင်းသိဏ်းကို ရလဒ် သုံးမှတ် တစ်မှတ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ရဲရင့်မျူးက ပဲခူးတိုင်းဒေသကြီးအသင်းမှ စိုးမိုးသန်းကို ရလဒ် သုံးမှတ် ရမှတ်မရှိဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ သော်တာမင်းက ပဲခူးတိုင်းဒေသကြီးအသင်းမှ အောင်ပိုင်ဖြိုးကို ရလဒ် လေးမှတ် သုံးမှတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သူရဇော်က ကချင်ပြည်နယ်အသင်းမှ ရှိုင်းဝဏ္ဏထွန်းကို ရလဒ်လေးမှတ် ရမှတ်မရှိဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ချစ်မိုးက မွန်ပြည်နယ်အသင်းမှ ဇော်မောင်မောင်ကို ရလဒ် လေးမှတ် တစ်မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ ကိုကိုချစ်က မန္တလေးတိုင်းဒေသကြီးအသင်းမှ ချစ်မျိုးဦးကို ရလဒ် လေးမှတ် နှစ်မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်နိုင်စိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ကောင်းမြတ်ဦးကို ရလဒ် လေးမှတ် တစ်မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဘိလိယက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ သီဟစိုးက မွန်ပြည်နယ်အသင်းမှ ဝင်းဝင်းထွန်းကို ရလဒ် သုံးမှတ် တစ်မှတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ခင်မောင်တင့်က ပဲခူးတိုင်းဒေသကြီးအသင်းမှ စိုးသီဟကို ရလဒ် သုံးမှတ် နှစ်မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ရဲလင်းက ကချင်ပြည်နယ်အသင်းမှ ကျော်စိုးအောင်ကို ရလဒ် သုံးမှတ် တစ်မှတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်ဌေးက ရခိုင်ပြည်နယ်အသင်းမှ ဇော်နီထွန်းကို ရလဒ် သုံးမှတ် ရမှတ်မရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ကျော်စွာဝင်းက ကရင်ပြည်နယ်အသင်းမှ ရဲရင့်ရှိုင်းကို ရလဒ် သုံးမှတ် ရမှတ်မရှိဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ နေလင်းဦးက စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ကျော်ဝင်းကို ရလဒ် သုံးမှတ် ရမှတ်မရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်အဖြစ် 9 Ball Pool ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မေဇွန်မိုးက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စုနန္ဒာနွေးကို ရလဒ် ငါးမှတ် ရမှတ်မရှိဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ခင်ဝိုင်းချစ်က ကချင်ပြည်နယ်အသင်းမှ သီတာငြိမ်းကို ရလဒ် ငါးမှတ် သုံးမှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ခိုင်မာအောင်က တနင်္သာရီတိုင်းဒေသကြီး အသင်းမှ ဆုသက်ပိုင်ကို ရလဒ် ငါးမှတ် သုံးမှတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ မေချော့က ရခိုင်ပြည်နယ်အသင်းမှ သန်းသန်းအေးကို ရလဒ် ငါးမှတ် လေးမှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ခေါန့်ဆန့်က မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြည့်ဖြိုးမြတ်ကို ရလဒ် ငါးမှတ် သုံးမှတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ နွယ်နီလင်းက ရခိုင်ပြည်နယ်အသင်းမှ မြင့်မြတ်သူကို ရလဒ် ငါးမှတ် တစ်မှတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ တင်မျိုးလှိုင်က ကချင်ပြည်နယ်အသင်းမှ အေးမြတ်မွန်ကို ရလဒ် ငါးမှတ် လေးမှတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ဝင်းမာလာအောင်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မေဇွန်မိုးကို ရလဒ် ငါးမှတ် တစ်မှတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ဝါဝင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စိုးစိုးကို ရလဒ် ငါးမှတ် တစ်မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက်**(ယနေ့)** နံနက် ၉ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ ရိုတ်သိမ်းပြီးစီးမှ

ပဲတီစိမ်း ၁၅၁၅၂ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေး လုပ်ငန်းတွေဆောင်ရွက်ပေးခဲ့ပါတယ်”ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။ **(၂၀၆)**

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခန့်နှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

နေပြည်တော် အောက်တိုဘာ ၃၁

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခန့်နှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အများ၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့်သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာ လေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းနှင့် လေယာဉ်လက်မှတ်ခန့်နှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက်ပိုမိုရောင်းချခြင်း၊ fake accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဘုရား၊ စေတီပုထိုးများ၊ သာသနာ့ဗိမာန်တော်၊ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံတို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့်လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ သန်လျင်မြို့နယ်တို့ရှိ ဘုရား၊ စေတီပုထိုးများ၊ သာသနာဗိမာန်တော်၊ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံတို့၏ ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနှိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

သမိုင်းစဉ်ကာလ တစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့် လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကိုပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ အဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကိုရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“အခုလို တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်ပြီးတော့လေ့လာရတဲ့အတွက် အထူးပင်ဝမ်းမြောက်ပါတယ်။ ခေတ်အဆက်ဆက်ကနေပြီးတော့ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရားကြီး အစရှိတဲ့ အခုထက်မြက်တဲ့



တပ်မတော်ကြီးအတွက် လက်ဆင့်ကမ်း အမွေတွေကိုခံယူခဲ့တဲ့ ခေတ်အဆက်ဆက်က အခန်းကဏ္ဍတွေကို သားသားမီးမီးတွေ လက်တွေ့ကျကျ မြင်ရတဲ့အတွက် ကလေးတွေရဲ့ရင်ထဲမှာ နိုင်ငံကိုချစ်တဲ့ စိတ်တွေအများကြီး တပ်မတော်ကို ချစ်တဲ့စိတ်တွေ အများကြီးပေါက်ဖွားလာပါတယ်။ ကျွန်မတို့ အခုလိုလာရောက်ပြီးတော့ လေ့လာခွင့်ရတဲ့အတွက်ရော ပြင်ပဆိုလဲ ပြင်ပ၊ အတွင်းဆိုလဲအတွင်း အကုန်လုံးရှင်းပြပေးတဲ့အတွက် သားသားမီးမီးတွေကိုယ်စား တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

“အခုလို လေ့လာရတဲ့အချိန်မှာ သမီးတို့က ကျောင်းသင်ခန်းစာတွေမှာ သမိုင်းကို သင်ကြားရတဲ့အခါမှာပေါ့နော်။ စာတွေ့အနေနဲ့ပဲ ကျက်ခဲ့ရတဲ့ စာတွေအကုန်လုံးက မျက်မြင်အနေနဲ့ တွေ့လိုက်ရသလိုမျိုး ခံစားရတယ်။ နောက်ပြီးတော့ လွတ်လပ်ရေးရဖို့အတွက် ကြိုးပမ်းပေးခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ အကြောင်းတွေ၊ နောက်ပြီးတော့ ခုနှစ်အတိအကျတွေရဲ့ အကြောင်းတွေ၊ တိုက်ပွဲဝင်ခဲ့တဲ့ တိုက်ပွဲနာမည်တွေ အားလုံးကို ဒီကတာဝန်ရှိသူတွေရဲ့ ရှင်းပြပေးမှုနဲ့ ရှင်းရှင်းလင်းလင်းသိလိုက်ရတဲ့ အချိန်မှာ ကျောင်းသင်ခန်းစာအတွက်လဲ ပိုပြီးတော့ အထောက်အကူပြုတယ်။ လေ့လာရေးမရောက်ခဲ့တဲ့ သူငယ်ချင်းတွေကိုလဲမျှဝေနိုင်တဲ့အတွက် ဒီလေ့လာရေးခရီးစဉ်လေးကတော့ သမီးတို့ကျောင်းသား၊ ကျောင်းသူတွေအတွက် တော်တော်



လေးကို တန်ဖိုးရှိပြီးတော့ ပျော်စရာကောင်းတဲ့အပြင် အမှတ်တရလဲဖြစ်နေမှာပါ။ အခုလိုမျိုးကျောင်းသား၊ ကျောင်းသူတွေကို စစ်သမိုင်းပြတိုက် လာရောက်ပြီးတော့ လေ့လာခွင့်ရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေကိုယ်စား နိုင်ငံတော်သမ္မတကိုရော၊ နောက်ပြီးတော့ အထက်ပုဂ္ဂိုလ်ကြီးတွေ အားလုံးကိုရော ဆရာ၊ ဆရာမတွေရော ပြီးတော့ ဒီမှာ ရှင်းပြပေးခဲ့တဲ့ တာဝန်ရှိသူအကုန်လုံးကို ကျေးဇူး အထူးတင်ရှိပါတယ်”ဟု ပြောသည်။

(၅၀၁)



■ မြင်းစီးအားကစားမှ

အားကစားရေးရာဝန်ကြီးဌာနရှိ ဌာနခွဲများမှ လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ပြိုင်ပွဲတွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်ကြမည့် ဒိုင်လူကြီးများ၊ တိရစ္ဆာန်ကုဆရာဝန် (Vet)အဖွဲ့နှင့် ပြိုင်ပွဲအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

အရည်အချင်းစစ်ပြိုင်ပွဲကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲမြင့်ထွန်းက Flag-off အလံလွှင့်ပြီး မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ခေါင်းလောင်းတီး၍ တစ်ပြိုင်တည်း တာလွတ်ဖွင့်လှစ်ပေးသည်။

ယနေ့ ပြိုင်ပွဲ ပွဲစဉ်အဖြစ် ကီလိုမီတာ ၆၀ ခရီးရှည်မြင်းစီးအားကစားအရည်အချင်းစစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ရှစ်ဦးသည် မြင်း ရှစ်ကောင်၊ စုစုပေါင်း အတွဲ ရှစ်တွဲနှင့် ကီလိုမီတာ ၄၀ ခရီးရှည်မြင်းစီးအားကစားအရည်အချင်းစစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ခြောက်ဦးသည် မြင်းခြောက်ကောင် စုစုပေါင်း အတွဲ ခြောက်တွဲတို့ဖြင့် ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများနှင့် မြင်းများသတ်မှတ်ထားသည့် Water Point နေရာသို့ ရောက်ရှိသည့်အခါ မြင်းများကိုရေလောင်းပေးခြင်း၊ ရေတိုက်ခြင်းတို့ဆောင်ရွက်ကြသည်။

ကီလိုမီတာ ၆၀ ပြိုင်ပွဲဝင်များသည် ပထမလမ်းပိုင်းအဖြစ် ကီလိုမီတာ ၂၀ အတွက် ပထမအကျော့စီးနင်း၍ ပြိုင်ပွဲကွင်းနေရာသို့ ပြန်လည်ရောက်ရှိသတင်းပို့ခြင်း၊ သတ်မှတ်နေရာများတွင် မြင်းများကို ရေလောင်းပေးခြင်း၊ ရေတိုက်ခြင်း၊ တိရစ္ဆာန်ကုဆရာဝန် (Vet)အဖွဲ့က ပြိုင်ပွဲဝင် မြင်းများ၏ ကျန်းမာရေး၊ နှလုံးခုန်နှုန်းစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ ဒိုင်လူကြီးအဖွဲ့တို့က မြင်းများကို အဝင်၊ အထွက် မှတ်ပုံတင်စစ်ဆေးခြင်းတို့ ဆောင်ရွက်ကြသည်။

အလားတူ ဒုတိယလမ်းပိုင်းနှင့် တတိယလမ်းပိုင်းအဖြစ် ကီလိုမီတာ ၂၀ နှစ်ကျော့အတွက် ပြိုင်ပွဲဝင်အားကစားသမားများနှင့်မြင်းများသည် သတ်မှတ်အချိန်တွင် ပြိုင်ပွဲ၏ တာလွတ်နေရာများမှ ပြန်လည်ထွက်ခွာရာ သတ်မှတ်ထားသော Water Point နေရာသို့ ရောက်ရှိသည့်အခါ မြင်းများကို ရေလောင်းပေးခြင်း၊ ရေတိုက်ခြင်း ဆက်လက်ဆောင်ရွက်ပေးသည်။

ကီလိုမီတာ ၆၀ ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်အားကစားသမား ရှစ်ဦးနှင့် မြင်း ရှစ်ကောင် စုစုပေါင်းအတွဲ ရှစ်တွဲအနက် အားကစားသမား ခုနစ်ဦးနှင့် မြင်း ခုနစ်ကောင် ကီလိုမီတာ ၄၀ ခရီးရှည် မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင် အားကစားသမား ခြောက်ဦးနှင့် မြင်း ခြောက်ကောင် စုစုပေါင်းအတွဲ ခြောက်တွဲအနက် အားကစားသမား လေးဦးနှင့် မြင်း လေးကောင်တို့သည် မြင်းစီးအားကစား ကွင်းရှိ ပန်းဝင်ရန် သတ်မှတ်ထားသည့် နေရာ၌ ပန်းဝင်ကြသည်။

ဆက်လက်၍ ကီလိုမီတာ ၆၀ နှင့် ကီလိုမီတာ ၄၀ ခရီးရှည်မြင်းစီး အရည်အချင်းစစ်ပြိုင်ပွဲတွင် အောင်မြင်ခဲ့သည့် အားကစားသမားများနှင့် မြင်းများကို အရည်အချင်းစစ်ဆေးမှုအောင်မြင်ကြောင်း အောင်လက်မှတ်များ ပေးအပ်ပွဲ ကျင်းပရာ တိရစ္ဆာန်ကုဆရာဝန် ပါမောက္ခ ဒေါက်တာဝင့်ဥမ္မာကျော်က ပြိုင်ပွဲဝင် မြင်းများ၏ ဆေးစစ်ဆေးမှုရလဒ်များ၊ ပြိုင်ပွဲသုံးသပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကီလိုမီတာ ၆၀ နှင့် ကီလိုမီတာ ၄၀ ခရီးရှည် မြင်းစီးအားကစားအရည်အချင်းစစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်အားကစားသမား ၁၃ ဦးနှင့် မြင်း ၁၃ ကောင်ဖြင့် အတွဲ ၁၃ တွဲတို့ အနက် ကီလိုမီတာ ၆၀ ခရီးရှည်မြင်းစီး အားကစား အရည်အချင်းစစ်ပြိုင်ပွဲတွင် အရည်အချင်းစစ်ဆေးမှုအောင်မြင်ခဲ့သည့် အားကစားသမားများနှင့် မြင်းများဖြစ်ကြသည့် လင်းပြည့်သူနှင့် မြင်းအမည် ရတနာထွန်းတို့အတွဲ၊ ကျော်တိုးလင်းနှင့် မြင်းအမည် ဇယ်ထွန်းတို့အတွဲ၊ ထူးထက်လွင်နှင့် မြင်းအမည် မဟာထွန်းတို့အတွဲ၊ မြတ်သူထက်နှင့် မြင်းအမည် ဘဂျမ်းတို့အတွဲ၊ ဆက်ပိုင်ဖြိုးနှင့် မြင်းအမည် တွန်တိုတို့အတွဲ၊ အောင်ကျော်ဇင်နှင့် မြင်းအမည် စိန်စုမြတ်တို့အတွဲ၊ ရဲပိုင်ဦးနှင့် မြင်းအမည် သိဒ္ဓိထွန်းတို့ အတွဲကို လည်းကောင်း၊ ကီလိုမီတာ ၄၀ ခရီးရှည် မြင်းစီးအားကစား အရည်အချင်းစစ် ပြိုင်ပွဲတွင် အရည်အချင်းစစ်ဆေးမှု အောင်မြင်ခဲ့သည့် အားကစားသမားများနှင့် မြင်းများဖြစ်ကြသည့် မျိုးမြတ်အောင်နှင့် မြင်းအမည် အာသောဝဏ္ဏတို့အတွဲ၊ မျိုးသီဟအောင်နှင့် မြင်းအမည် ဇက်ကြားမတို့အတွဲ၊ သူရအောင်နှင့် မြင်းအမည် ဇယ်မောင်တို့အတွဲ၊ ကျော်ဝင်းနိုင်နှင့် မြင်းအမည် ပီတိထွန်းတို့အတွဲကို လည်းကောင်း အရည်အချင်းစစ်အောင် မြင်ခဲ့သည် ပြိုင်ပွဲဝင်အားကစားသမားနှင့် မြင်း စုစုပေါင်းအတွဲ ၁၁ တွဲတို့ကို မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌက အရည်အချင်းစစ် အောင်လက်မှတ်များ ပေးအပ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများနှင့် မြင်းများ၏သက်လုံပိုင်း၊ ခံနိုင်ရည်ပိုင်းများနှင့် နည်းစနစ်ပိုင်းများ၊ ပြိုင်ပွဲဝင် အားကစားသမားတစ်ဦးချင်းစီ၏ အားသာချက်၊ အားနည်းချက်များ၊ ပြိုင်ပွဲယှဉ်ပြိုင်မှုအခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှအဆက်

အားကစားသမား ဦးရေ ၁၁၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာန ဒေါက်တာမောင်သင်းနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က စစ်တုရင်ကစားရုပ်ရွေ့၍ ပြိုင်ပွဲစတင်ပေးခဲ့ကာ ပြိုင်ပွဲအားကစားသမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပြိုင်ပွဲကိုကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ၇၁ နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး အလွတ်တန်း ချန်ပီယံဆု၊ အသက် ၂၅ နှစ်အောက်ချန်ပီယံဆု၊ အသက် ၁၈ နှစ်အောက်ချန်ပီယံဆု၊ အသက်အငယ်ဆုံးအားကစားသမားဆုတို့ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

ဆက်လက်၍ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ဘားအံ)တွင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် တစ်ပိုင်တစ်နိုင်စီးပွားရေး လုပ်ငန်းများလုပ်ကိုင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း သင်တန်းသားများ၏ မော်တော်ဆိုင်ကယ်များ လက်တွေ့ပြုပြင် ထိန်းသိမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည်ထိ ကြိုးစားလေ့လာသင်ယူကြရန်နှင့် လက်တွေ့ဘဝနယ်ပယ်တွင် စနစ်တကျ ပြန်လည်အသုံးချကြရန် မှာကြားသည်။

ထို့ပြင် အဆိုပါသင်တန်းကျောင်း၌ National Skill Standards Authority (NSSA) မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က Assessment Center ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတွင် ပြည်နယ်အတွင်းရှိ လုပ်သား ၂၅ ဦးကို အောက်တိုဘာ ၂၇ ရက်မှ ၃၁ ရက်ထိ လျှပ်စစ်ကျွမ်းကျင်လုပ်သား (အဆောက်အအုံ) အဆင့်(၁) စိစစ်အကဲဖြတ်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကရင်ပြည်နယ်လူငယ်စင်တာ၌ လူငယ်များစားပွဲတင်တင်းနစ်လေ့ကျင့်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ကရင်ပြည်နယ်လူငယ်ရေးရာကော်မတီက ကြိုးမှူးဖွင့်လှစ်သော အိမ်တွင်းမှူသက်မွေးပညာ ဘိုးကလစ်ပြုလုပ်နည်းသင်တန်း၌ သင်တန်းသူများ ဘိုးကလစ်ပြုလုပ်လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး စိန်ပန်းပြာလမ်းနှင့်ဂန္ဓမာလမ်းဆုံတွင် ကရင်ပြည်နယ်လူငယ်ရေးရာဦးစီးဌာနရုံး အဆောက်အအုံတည်ဆောက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် အခြေခံပညာကျောင်းများ ပူးပေါင်းဖွင့်လှစ်သော အခြေခံပညာကျောင်းပေါင်းစုံရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲကို ဘားအံမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့်တာဝန်ရှိသူများ တက်ရောက်အားပေးချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌနှင့် ကရင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးတို့က ကျောင်းအသင်းခွဲများအတွက် ရှေးဦးပြုစုခြင်း အထောက်အကူပြုပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ ရှေးဦးပြုစုခြင်းနှင့်ဆိုင်သော သဏ္ဌာန်တူသရုပ်ပြသမှုများကို ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

✱ အလေးမပြိုင်ပွဲမှ

မကွေးတိုင်းဒေသကြီးအသင်းမှ သက်မွန်မြင့်က အမြန်မစံချိန် ၆၅ ကီလို၊ နှစ်ဆင့်မစံချိန် ၉၈ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၆၃ ကီလိုဖြင့် ပထမ၊ ရှမ်းပြည်နယ်အသင်းမှ စိုးရတနာထွန်းက အမြန်မစံချိန် ၆၆ ကီလို၊ နှစ်ဆင့်မစံချိန် ၇၅ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၁ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပိုးအိထွေးက အမြန်မစံချိန် ၅၉ ကီလို၊ နှစ်ဆင့်မစံချိန် ၇၂ ကီလို၊ စုစုပေါင်းစံချိန် ၁၃၁ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ထို့အတူ အမျိုးသား ၆၅ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ထက်အာကာဖြိုးက အမြန်မစံချိန် ၁၀၈ ကီလို၊ နှစ်ဆင့်မစံချိန် ကီလို ၁၃၀ နှင့် စုစုပေါင်းစံချိန် ၂၃၈ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ထူးခန့်မော်က အမြန်မစံချိန် ၉၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၁၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၁၁ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဆားစွမ်းက အမြန်မစံချိန် ၉၈ ကီလို၊ နှစ်ဆင့်မစံချိန် ၁၁၂ ကီလိုနှင့် စုစုပေါင်းစံချိန် ကီလို ၂၁၀ ဖြင့် တတိယရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲ၏ အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ သက်မွန်မြင့်သည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၉၂ ကီလိုထက်ကျော်လွန်၍ ၉၈ ကီလိုဖြင့်လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၁၆၂ ကီလိုထက်ကျော်လွန်၍ ၁၆၃ ကီလိုဖြင့်လည်းကောင်း၊ အမျိုးသား ၆၅ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ထက်အာကာဖြိုးသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အမြန်မစံချိန် ၁၀၃ ကီလိုထက်ကျော်လွန်၍ ၁၀၈ ကီလိုဖြင့်လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၁၂၉ ကီလိုထက်ကျော်လွန်၍ ကီလို ၁၃၀ ဖြင့်လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ကီလို ၂၃၀ ထက်ကျော်လွန်၍ ၂၃၈ ကီလိုဖြင့် လည်းကောင်း ပြည်နယ်နှင့်တိုင်းဒေသကြီး၏စံချိန်သစ်များ တင်နိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက်**(ယနေ့)** နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



သစ်တောမှန်လျှင် အသုံးဝင်၊
အစဉ်ထာဝရ ထိန်းသိမ်းကြ။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်ပွဲကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦး ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာ ပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ အသီးသီးဌာနများတွင်လည်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ရာ ကျောင်းသား၊ ကျောင်းသူများက အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲကျင်းပစဉ်။

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

ရော်ဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည် ပြုပြင်ခြင်းများဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် တမံရှိရေ ၂၉၆ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ပေ ခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချို့နွဲယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့်ဒေသခံ ပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကလောမြို့၊ တိုက်ကြီးမြို့နယ်၊ အောင်မြေသာစံမြို့နယ်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သာသနာနွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၃၁

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နှင့်တိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌အခြေပြု၍ အဆိုပါကျေးရွာရှိ သံဃာတော် ၂၃ ပါးနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ၃၅၇ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကြာအင်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၁၆ ဦးတို့ကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ စန္ဒရုံသီ သီလရှင်စာသင်တိုက်၌ အခြေပြု၍ အဆိုပါရပ်ကွက်ရှိ သာသနာနွယ်ဝင်သီလရှင် ၈၂ ပါးနှင့် ဒေသခံပြည်သူ ၁၅၅ ဦးတို့ကိုလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ Ultra Sound စက်တို့ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊ ဆီးချိုစစ်ဆေးပေးခြင်းစသည့် ရောဂါရှာဖွေစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

● ရွှေကုက္ကိုလ်နယ်မြေမှ

စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ်အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၅၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် လေးလုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)






ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံ မဖြိုဖျက်မီတွေ့ရစဉ်။

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

သောင်ယံကမ်းက ဆန်းတော့သည်

မောင်ခြိမ့်



ယမန်နေ့မှအဆက်

ကုက္ကလံဆိုတာက လှေဦးရွက်တိုင်မှာ တပ်ထားလေ့ရှိတဲ့ လေကြောင်းညွှန်ပြတဲ့ကိရိယာပေါ့ ဆရာလေးရဲ့။ ကုက္ကလံမြောက်ကို လှည့်အောင် တောင်လေက တိုက်ပေးရတာကိုး။ ရှေးကတော့ ခုခေတ်တွေမှာလို စက်တပ်သင်္ဘောတွေ၊ မော်တော်တွေ ပေါပေါများများမရှိသေးတော့ လေကိုအားကိုးပြီး ရွက်လွှင့်သွားကြလာကြရတဲ့ခေတ်ပေါ့။ အဲဒီအညာဆန်လှေကြီး လွန်းတင်ပြီး အညာကို ပြန်အဆန်မှာ ကိုငတင်ဟာ ဆင်းနေခဲ့တာပေါ့။

လူက အရပ်လေးတောင်လောက် ရင်အုပ်ကျယ် ကျယ်ခါးနွဲ့နွဲ့၊ အလုံးအဖန် ကောင်းကောင်း၊ ပေါင်နှစ်ဖက်ထိုးတွင်းဒူးကျနဲ့ပေါ့၊ ခေါင်းမှာလဲ သွေ့ခြောက်တစောင်းကြီးနဲ့ မျက်နှာလေးထောင့်နဲ့ အသားကတော့ မည်းတာမဟုတ်ပေမဲ့ အားတောင့်အားနာအသားညိုလို့ ခေါ်နိုင်ပါရဲ့။ လှေထိုးသားဆိုတော့ ရေထဲ၊ နေထဲ၊ လေထဲ မပြတ်ထိတွေ့နေရတော့ မည်းတဲ့ဘက်ခပ်ပါပါပေါ့လေ။ သူ့ကို ကျုပ်တွေ့တွေ့ချင်း ခင်သွားတော့တာပါပဲ။

ကျုပ်တို့စတွေ့တဲ့နေရာက လွန်းရုံမှာပါ။ လွန်းရုံဆိုတာ စောစောက ပြောခဲ့ တဲ့ အညာလှေကြီးတွေကို ဖာထေးပြုပြင်ပြီး ရေနံတို့ ကတ္တရာတို့ သုတ်ပေးတဲ့နေရာပေါ့။ ကျုပ်တို့မြို့ကလေးမှာ လွန်းရုံတွေလေး၊ ငါးနေရာရှိတာကလား။ သောင်ခုံပြန့်ပြန့် ရေဆင်းရေလာကောင်းတဲ့နေရာ လူသူနဲ့ခပ်ဝေးဝေး၊ ပွဲလျက်ကတ္တရာကျိုတဲ့ ညှော်နဲ့တွေလုပ်နိုင်တဲ့နေရာ၊ တပည့်တပန်းလူတစ်ကျိပ်လောက် ချောင်ချောင်ချိချိနေထိုင် နိုင်တဲ့နေရာတွေမှာ လွန်းရုံထောင်ထားကြတာပေါ့ ဆရာလေးရဲ့။

အဲဒီလွန်းရုံတွေထဲက တစ်ရုံမှာ ကျုပ်သူငယ်ချင်းရှိတာကိုး။ သူ့အဖေက လွန်းထောင်ဆရာကြီးပေါ့၊ အဲဒီသူငယ်ချင်းဆီသွားလည်ရင်းက ကိုငတင်နဲ့တွေ့ခဲ့တာပါပဲ။

(၅)

ကျုပ်သူငယ်ချင်းရဲ့အဖေလွန်းထောင်ဆရာကြီးနဲ့ ကျုပ်ရဲ့ဘကြီးဦးဘတူနဲ့က ငယ်သူငယ်ချင်းတွေပါ။ ကျုပ်ဘကြီးက နာမည်ကျော် ပန်းပဲဆရာကြီးပေါ့။ ကျုပ်တို့ နယ်တစ်ကြောမှာ သံခဲ့စပ်တဲ့ပစ္စည်းမှန်သမျှ ကျုပ်ဘကြီးလက်ရာနဲ့ကင်းတာ အရှားသားကလား။ ခေး၊ ကွမ်းညှပ်၊ ကတ်ကြေး၊ တူးရွင်း၊ ပေါက်ပြား၊ ထွန်၊ ထယ်၊ အကုန်လုပ်တာပါပဲ။ သူ့ပန်းပဲရုံက ထွက်တဲ့ပစ္စည်းမှန်သမျှမှာ 'တူ'ဆိုတဲ့ သံသားပေါ်ထွင်းထားတဲ့ တံဆိပ်ရိုက်လေ့ရှိတယ်။ လွန်းထောင်ဆရာကြီးလိုအပ်တဲ့ သံနဲ့ပတ်သက်တဲ့ ပစ္စည်းမှန်သမျှကိုလဲ ကျုပ်ဘကြီးက လုပ်ပေးရတာပေါ့လေ။

ကျုပ်လွန်းရုံကနေ အိမ်အပြန်မှာတော့ ကိုငတင် တစ်ယောက် ကျုပ်နဲ့ပါလာခဲ့တယ်၊ လွန်းထောင်ဆရာကြီးက ကျုပ်ကို အပ်ထည့်လိုက်တာပေါ့ "ကောင်လေးရေ ဟောဒီငတင်ကို မင်းဘကြီး ပန်းပဲရုံကိုခေါ်သွားလိုက်ပါကွယ်"တဲ့၊ ဒါပဲပြောတယ်၊ အခြားဘာမှမပြောဘူး။

အခန့်သင့်ဆိုသလိုပဲ ကျုပ်ဘကြီးနဲ့ ပန်းပဲရုံမှာ တန်းတွေ့တယ်။ အဲဒီမှာ ကိုငတင်က သူ့ခါးပိုက်ထောင်ထဲမှာ ကျစ်ကျစ်ပါအောင် ထုပ်ထားတဲ့ပစ္စည်းတစ်ခုကို တရိတသေထုတ်ပြတယ်၊ ဘေးဘီကိုလဲ မလုံမလဲ ကြည့်လိုက်သေးတယ်။

နေ့လယ်နေ့ခင်းတွေဆို ပန်းပဲရုံမှာ လုပ်သားတွေ၊ ပစ္စည်းအပ်သူ၊ ပစ္စည်းလာယူသူတွေနဲ့ စည်ကားနေလေ့ရှိပေမဲ့ တောအရပ်ဆိုတာနေရောင်နဲ့ အလုပ်လုပ်ကြရတာကလား။ အခုလို ညနေစောင်းမှောင်ရီသန်းခါနိုန်မှာတော့ လူသူရှင်းလင်းနေပါပြီ ကျုပ်ရယ်၊ ကျုပ်ဘကြီးရယ်၊ ကိုငတင်ရယ်ပဲရှိပါတော့တယ်။

ကိုငတင်ခါးပိုက်ထဲက ထုတ်လိုက်တဲ့ပစ္စည်းကို ဘာပါလိမ့်ဆိုပြီး စိတ်ဝင်တစား ကြည့်လိုက်တော့၊ လားလား ဆောက်သံကြီးတစ်ချောင်းဖြစ်နေပါတယ်၊ ဒီလိုဆောက်သံမျိုးများ အရေးတယူလုပ်လို့၊ ဟိုဖုံးသည်ဖိလုပ်လို့၊ ကျုပ်သူငယ်ချင်းတို့ လွန်းရုံမှာဆိုပေါမှပေါ။ လှေကြီးတွေ ဦးတုံးတို့၊ တံကူတို့၊ ဇရာတို့၊ ဘေးကပျဉ်ချပ်တို့လဲတဲ့အခါမှာ ထွက်ထွက်လာလိုက်တာမှ။

ပြီးတော့ သူဟာက အဟောင်းကြီး၊ အရှည်ကလူကြီးလက်တစ်ထွာလောက်၊ အလုံးက လက်ညှိုးလောက်ရှိမှာပေါ့။ ထူးခြားတာတစ်ခုကတော့ ဆောက်သံကြီးရဲ့နားပွင့်ပဲ။ သံချောင်းတစ်ခုလုံး သံချေးတက်လို့မည်းနေပေမဲ့ နားပွင့်ကတော့ ပြောင်လို့ လက်လို့ပါလား။

ဆောက်သံဆိုတာ အခုခေတ်တော့ ဘယ်မြင်ဖူးကြတော့မှာလဲ။ ဟိုး...ကျုပ်တို့ငယ်ငယ်ခေတ်တုန်းကတော့ ကျောင်းဇရပ်တွေ၊ တံတားတွေ၊ လှေကြီးတွေ တည်ကြ၊ ဆောက်ကြ၊ စပ်ကြတဲ့အခါမှာ သုံးခဲ့ကြတာပေါ့၊ ပန်းပဲရုံမှာ ကိုယ်လိုချင်တဲ့အတိုင်း အထွာပေးပြီး အထူးတလည်အပ်ယူကြရတာလေ။ အခုဆရာလေးတို့အညာဘက်က ကျောင်းဟောင်း၊ တန်ဆောင်းဟောင်းကြီးတွေမှာ သုံးထားတာတွေ့နိုင်ပါသေးရဲ့။

ဖိုးစံခဲသည် ပြောလက်စ စကားကို ခဏရပ်၍ ရေနွေးကြမ်းတစ်ခွက် သောက်လိုက်သေးသည်။ ကျွန်တော်ကတော့ အဘဖိုးစံခဲတို့ခေတ်အခါက သုံးခဲ့ကြသော ကိုငတင်၏ ခါးပိုက်ထောင်ထဲက ဆောက်သံကြီးကို စိတ်ဝင်စားနေပြီဖြစ်ရကား မျက်တောင်မခတ်စတမ်းငေးရင်း ဆက်မည့်စကားကိုသာ နားစွင့်လျက်ရှိ၏။

ဟိုးအထက်အညာဘက်မှာလှေစပ်နာမည်ကြီးတဲ့နေရာတွေရှိတယ်ဆရာလေးရဲ့။ မန္တလေးမှာစပ်တဲ့ လှေကြီးတွေကို မန်းလက်လို့ခေါ်တယ်။

အဲဒီလိုပဲ ချင်းတွင်းလက်တဲ့၊ ညောင်ဦးလက်တဲ့၊ မြင်းခြံလက်တဲ့စသဖြင့် လှေစပ်တဲ့အရပ်ဒေသတွေကို လိုက်ပြီးခေါ်ကြတာပါ။ လှေသမား တက်သမား အချင်းချင်းကတော့ လှေတစ်စင်းကို မြင်လိုက်တာနဲ့ ဒါဘာလက်လဲဆိုတာ တန်းသိတော့တာပဲ။ တစ်နေရာနဲ့တစ်နေရာ၊ တစ်ဒေသနဲ့တစ်ဒေသ စပ်ပုံစပ်နည်း၊ လှေပုံပန်းသဏ္ဌာန်တွေဟာ တူမှမတူကြတာကိုး။ ကိုငတင်တို့စီးတဲ့ လှေကြီးက ညောင်ဦးလက်ပါ။

ကျုပ် ဘကြီးကမေးတော့ကိုငတင်က ပြောပြလို့ သူ့ဆောက်သံကြီးရဲ့ ထူးဆန်းတဲ့အဖြစ်ကို လုံးစေ့ပတ်စေ့သိရတော့တာကလား ဆရာလေးရဲ့ . . . ။

(၆)

ကိုငတင်ဟာ လှေထိုးသားဘဝကို အောက်ဝါးက နေ ဝင်လာခဲ့တာ။ အခု ခေါင်ဝါးဖြစ်တဲ့အထိဆိုရင် သူစီးခဲ့တဲ့လှေတွေဟာ အစင်းပေါင်း ဘယ်နည်းတော့မလဲ။ နှစ်ပေါင်းပဲ ဆယ့်လေးငါးနှစ်ရှိပြီးကိုး၊ ဒါပေမဲ့ အခုလိုအဖြစ်မျိုး သူတစ်ခါမှ မကြုံဖူးဘူးဆိုပဲ။

စဖြစ်ပုံက သူတို့အညာလှေကြီးအထက်ကနေ စပြီး စုန်ခဲ့တဲ့ညကပဲ စတာတဲ့။ တစ်နေကုန်စုန်ခဲ့ကြတာလေရွက်ရော၊ ရေရွက်ရော ကောင်းကောင်းသုံးခဲ့ရလို့ အတော်ခရီးပေါက်ခဲ့သတဲ့။ အဲဒါ ပခုက္ကူ အောက်ဘက်ရောက်တော့ မှောင်စပြုနေပြီတဲ့။ အဲဒီတော့ ညရေးညတာစိတ်ချရအောင် ရွာကလေးတစ်ရွာနဲ့ မနီးမဝေး စီးအောက်ဘက်ရေသာတဲ့နေရာမှာ ကျောက်ပစ်ပြီး အိပ်ဖို့ပြင်ကြသတဲ့။

စီးဆိုတာ ရေအောက်မှာရှိတဲ့ သောင်ကိုခေါ်တာ၊ ရေပေါ်ကမမြင်ရဘူး။ အဲဒီလိုနဲ့ လှေကြီးကို ကျောက်ပစ်ပဲ့ကြိုး၊ ဦးကြိုးတွေ သေချာအောင်ချည်ပြီး အိပ်ကြတယ်တဲ့။

လှေကြီးတစ်စင်းမှာ ကြီးရင်ကြီးသလို လှေထိုးသားက များများပါကြတယ်၊ ကိုငတင်တို့လှေမှာတော့ အောက်ဝါးက နှစ်ယောက်၊ ဝါးလတ်ကနှစ်ယောက်၊ ခေါင်ဝါးကနှစ်ယောက်၊ တက်မကိုင်ကတစ်ယောက်၊ ပေါင်းတိုင်က တစ်ယောက်ဆိုတော့ လူရှစ်ယောက်တောင် စီးရတာတဲ့၊ လှေကြီးတာကိုး။ ပေါင်းထိုင်ဆိုတာ လှေသူကြီး လှေပိုင်ရှင်ရဲ့လူယုံပေါ့။ တူတွေသားတွေကိုလဲ ပေါင်းထိုင်အဖြစ် ထည့်တတ်တယ်တဲ့။ လှေသူကြီးကိုယ်တိုင်မလိုက်နိုင်တဲ့အခါ သူ့ကိုယ်စားရောင်းရေးဝယ်တာ၊ ငွေရေးကြေးရေးကအစ လှေကြီးတစ်စင်းလုံးရဲ့ လုံခြုံရေး၊ လှေထိုးသားတွေရဲ့ စားရေးသောက်ရေးပါမကျန် တာဝန်ယူရတဲ့သူပေါ့လေ။ အဲဒီညက လှေကြီးကို ကျောက်ပစ်ပြီးအိပ်လိုက်ကြတာ ညဆယ်နာရီလောက် ရောက်ကရော။ ရေလှည့်စောင့်ရတဲ့ အောက်ဝါးကလေးက ခေါင်ဝါးဖြစ်တဲ့ကိုငတင်ကို လာနှိုးပြီးပြောသတဲ့ဗျ။

ရေလှည့်စောင့်တယ်ဆိုတာ လှေသမား၊ တက်သမားတွေကတော့ သိကြပါရဲ့။ ဆရာလေးကတော့ သိမှာမဟုတ်ဘူး။ လှေကြီးတွေ ကုန်အပြည့်တင်ပြီး စုန်တဲ့အခါဖြစ်ဖြစ်၊ ဆန်တဲ့အခါဖြစ်ဖြစ် ညဘက်တွေမှာ မအိပ်ဘဲနဲ့လှေရဲ့ငါးပိုင်းလို့ခေါ်တဲ့ ရေပက်ကန့်မှာ ရေတွေများလာသလား၊ ပုံမှန်ယိုတာစိမ့်တာပဲလား၊ တစ်နေရာရာက ပေါက်လို့၊ ရေတွေ မတရားဝင်လာနေသလားဆိုတာ တစ်နာရီတစ်ခါလောက် စောင့်စောင့်ကြည့်ရတယ်။ ရေတွေကို ခပ်ထုတ်တန်ခပ်ထုတ်ရတယ်။ ပျဉ်ချပ်တွေကို စပ်ပြီးပွဲ့လျက်နဲ့ ဖာထေးထားရတဲ့ လှေကြီးတွေပဲဆရာ လုံးဝရေလုံတယ်ဆိုတာမရှိပါဘူး။ အနည်းနဲ့အများဆိုသလိုယိုတာ၊ စိမ့်တာရှိတာပေါ့။ ဒါကိုစောင့် ကြည့်ရတာကို ရေလှည့်စောင့်တယ်လို့ခေါ်တာပါပဲ။

အဲ . . အဲဒီ ရေလှည့်စောင့်တာကို ခေါင်ဝါးတွေက မစောင့်ရပါဘူး။ အောက်ဝါးရယ်၊ ဝါးလတ်ရယ်ပဲ စောင့်ရတာပါ။ စောစောက ပြောခဲ့သလိုပဲ ရေပက်ကန့်ထဲမှာ မှန်အိမ်ကလေးထွန်းထားပြီး စောင့်နေရတာ။ အရေးအကြောင်းပေါ်လို့ ဒါမှမဟုတ် သူတို့မလုပ်တတ်မကိုင်တတ်ဖြစ်တော့မှ ခေါင်ဝါးကိုနှိုးပြီး အသိပေးရတာကလား။

ဒါနဲ့ ကိုငတင်က သူ့ကိုလာနှိုးတော့ ဘာဖြစ်တာလဲပေါ့။ ရေတွေခပ်မနိုင်အောင် ဝင်နေသလားပေါ့။ တကယ်လို့များ ရေတွေခပ်မနိုင်အောင် ပေါက်ခဲ့ရင် ရေအောက်ဆင်း၊ လှေပေါ်မှာ အသင့်ဆောင်လာတဲ့ လွှစာတွေလွှတ်သင့်လွှတ်ရမလားပေါ့။ ထလာရတယ်။

ဘယ့်နှယ်ဆရာ လှေဝမ်းဝအကျယ် ဆယ်တောင်ဆယ့်တစ်ထောင်နဲ့ လှေအလျား အတောင် သုံး၊ လေးဆယ်ရှိတဲ့ လှေကြီးမှာ ဘယ်နေရာက ပေါက်တယ်ဆိုတာ ဘယ်သူပြောနိုင်ပါ့မလဲ၊ အဲဒီတော့ မြန်မာ့နည်းမြန်မာ့ဟန် ရေထဲဆင်း၊ ရေရဲ့အထက်ကနေ လှေကြီးဘေးဘယ်ညာ လှေဗိုက်အောက်ကို ငုပ်ပြီး လွှစာမှုန့်တွေလွှတ်ရတယ်။ ရေရဲ့သဘောကပေါက်တဲ့ရေဝင်တဲ့နေရာက ဆွဲတဲ့သဘောရှိတယ်။ ဒီတော့ လွှစာမှုန့်က ရေနဲ့ပါသွားပြီး အပေါက်မှာသွားပြီးဆို့တော့တာပဲ။ ရေနဲ့တွေ့တော့ တဖြည်းဖြည်းပွပြီး ပိတ်သွားတော့တာပေါ့။

ဆက်လက်ဖော်ပြပါမည်။

ဟေတီနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် အိမ်ထောင်စု ၁၁၈၈၄ စု ရေဘေးအန္တရာယ်နှင့်ရင်ဆိုင်နေရ



ပို့အိုပရင့်စ် အောက်တိုဘာ ၃၁

ဟေတီနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် အိမ်ထောင်စု ၁၁၈၈၄ စု ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုများကြောင့် လူရှစ်ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေလျှံတက်လာခြင်း၊ မြေနိမ့်ပိုင်းဒေသများ ရေနစ်မြုပ်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် လူဦးရေ ၄၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ် ၇၁၀၀ ကျော်ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟေတီနိုင်ငံရှိ မြို့နယ် ၂၇ မြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဂရန်းအန့်စ်နှင့် တောင်ပိုင်းဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အာဏာပိုင်များက ရေဘေးသင့်မိသားစုများကို ကူညီပေးနိုင်ရန် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားပြီး အစားအသောက်နှင့် အရေးပေါ်အကူအညီများ ပေးအပ်လျက်ရှိကြောင်း၊ ဟေတီနိုင်ငံ၏ မိုးလေဝသဆိုင်ရာ တာဝန်ရှိသူများက လေဖိအားနည်းရပ်ဝန်းများနှင့် လေထုမတည်ငြိမ်မှုများကြောင့် နေရာတချို့တွင် မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နိုင်သဖြင့် ရေဘေးအန္တရာယ်နှင့် မြေပြိုမှုအန္တရာယ်များကို သတိပြုကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

ဘရာဇီးနိုင်ငံ အမေဇုန်ဒေသတွင် တောမီးလောင်ကျွမ်းပြီး သစ်တောမြေ ဟက်တာ ၂၇၀၀၀ ခန့် ပျက်စီးခဲ့

ဘရာဇီးလီးယား အောက်တိုဘာ ၃၁

ဘရာဇီးနိုင်ငံ အမေဇုန်ဒေသတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားပြီး သစ်တောမြေ ဟက်တာ ၂၇၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပါရာပြည်နယ်ရှိ ဗီလာဒီကူရူ အာယူနာဒေသအပါအဝင် အမေဇုန် သစ်တောအတွင်းရှိ နေရာ ၈၃ နေရာတွင် တောမီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ကြောင်း၊ အမေဇုန်ဒေသတွင် ခြောက်သွေ့ပူပြင်းသောရာသီဥတု အခြေအနေများကြောင့် တောမီးများ ပိုမိုပျံ့နှံ့လာခြင်း ဖြစ်ပြီး သစ်တောများကို စိုက်ပျိုးမြေအဖြစ် ပြောင်းလဲရန် မီးရှို့ရှင်းလင်းခြင်းနှင့် လူတို့၏ လုပ်ဆောင်ချက်များ ကလည်း တောမီးလောင်ကျွမ်းမှုကို ပိုမိုမြင့်တက်စေကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုများကြောင့် သစ်တောအတွင်း နေထိုင်ကျက်စားသည့် တောရိုင်းတိရစ္ဆာန်များ၏ သဘာဝနေရင်းဒေသများ ပျက်စီးဆုံးရှုံးနိုင်သည့်အပြင် သစ်ပင်များနှင့် အပင်မျိုးစိတ်များလည်း ထိခိုက်ပျက်စီးလျက်ရှိကြောင်း၊ ထို့ပြင် မီးခိုးငွေ့များ လေထုအတွင်း ပျံ့နှံ့လာခြင်းကြောင့် လေထုအရည်အသွေးကျဆင်းမှုနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအပေါ် ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

အမေဇုန်သစ်တောသည် ကမ္ဘာ့အကြီးဆုံး အပူပိုင်းမိုးသစ်တောဖြစ်ပြီး ကမ္ဘာ့ရာသီဥတုမျှတရေး၊ ကာဗွန်စုပ်ယူသိုလှောင်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးတို့အတွက် အရေးပါသော သဘာဝအရင်းအမြစ်တစ်ခု ဖြစ်သည့်အတွက် တောမီးလောင်ကျွမ်းမှုများကို ထိန်းချုပ်နိုင်ရန် ဘရာဇီးနိုင်ငံ အာဏာပိုင်များက မီးသတ်တပ်ဖွဲ့များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တရားမဝင် သစ်တော ရှင်းလင်းမှုနှင့် မီးရှို့မှုများကို တားဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုမှထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် သေဆုံးသူဦးရေ ၃၅၀၀ ကျော်ရှိ

ဂျကာတာ အောက်တိုဘာ ၃၁

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် သေဆုံးသူဦးရေ ၃၅၀၀ ကျော်ရှိခဲ့ကြောင်း အင်ဒိုနီးရှား စွမ်းအင်နှင့်သန့်ရှင်းသော လေထုဆိုင်ရာသုတေသနဌာန (CREA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ လေထုညစ်ညမ်းမှုသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အဆင့်ဖြစ်ပြီး ရောဂါဝေဒနာများကြောင့် သေဆုံးသူ မြင့်မားခဲ့ကြောင်း၊ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် တောမီးလောင်ကျွမ်းမှုများကို လျော့ချနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်သွားရန် လိုအပ်နေကြောင်း သိရသည်။



"နွေရာသီကာလတစ်လျှောက် အင်ဒိုနီးရှားနိုင်ငံအတွင်း တောမီးလောင်ကျွမ်းမှုတွေ အကြိမ်ရေများစွာ လောင်ကျွမ်းခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကနေ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကလဲ နေရာအနှံ့ကို ပျံ့နှံ့ရောက်ရှိခဲ့ပါတယ်။ မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ လေထုညစ်ညမ်းမှုတွေကြောင့် နှလုံး၊ အသက်ရှူလမ်းကြောင်းနဲ့ အခြားဆက်စပ်ရောဂါတွေကြောင့် စက်တင်ဘာလ တစ်လအတွင်းမှာ သေဆုံးသူဦးရေ ၃၅၀၀ ကျော်ထိရှိခဲ့ပါတယ်" ဟု စွမ်းအင်နှင့်သန့်ရှင်းသော လေထုဆိုင်ရာ သုတေသနဌာန (CREA) မှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

ဆွစ်ဇာလန်နိုင်ငံတွင် အပူချိန်စံချိန်တင် မြင့်တက်ခဲ့ပြီးနောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်များကို ဝေဖန်မှုမြင့်တက်လာ

ဘန်း အောက်တိုဘာ ၃၁

ဆွစ်ဇာလန်နိုင်ငံတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ဦးဆောင်မှုဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း နွေကာလအတွင်း အပူချိန် စံချိန်တင်မြင့်တက်ခဲ့ပြီးနောက် အဆိုပါစီမံချက်များကို ဝေဖန်မှု မြင့်တက်လာကြောင်း ဆွစ်ဇာလန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက အတည်ပြု ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၆ ခုနှစ်အတွင်း ဆွစ်ဇာလန်နိုင်ငံတွင် အပူချိန်မြင့်တက်ခဲ့မှုကြောင့် ရေခဲမြစ်များအရည်ပျော်ကျခြင်း၊ ရေခဲပြင်အရည်ပျော်ကျခြင်း၊ မိုးခေါင်မှုပြဿနာများနှင့် မြစ်ချောင်းများတွင် ရေသိသိသာသာ ကျဆင်းခြင်းများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍများ ထိခိုက်ပျက်စီးခြင်း၊ သစ်တောကြိုးဝိုင်းများပျက်စီးခြင်း၊ စီးပွားရေးကဏ္ဍကို ကြီးမားသော ရိုက်ခတ်ခြင်းများ ဖြစ်ပေါ်စေသကဲ့သို့ ကျန်းမာရေး ကဏ္ဍတွင်လည်း ကြီးမားသော ရိုက်ခတ်မှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

"ဖက်ဒရယ်ကောင်စီအနေနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို စီမံချက်တွေနဲ့ ဆောင်ရွက်တဲ့နေရာမှာ ပွင့်လင်းမြင်သာမှုမရှိပါဘူး။ ဆောင်ရွက်နေတဲ့ စီမံချက်တွေကလဲ ထိရောက်မှုမရှိတဲ့အတွက်ကြောင့် အခုလို ရာသီဥတု ဖောက်ပြန်မှုတွေနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်" ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ အဖွဲ့အစည်းဖြစ်သည့် Greenpeace အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

ဘူတန်နိုင်ငံ ပူနာကာဒေသတွင် ရေခဲပြင်အရည်ပျော်ကျမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်ပြီး ရေကြီးရေလျှံမှုဖြစ်ပွား

သင်ဖူး အောက်တိုဘာ ၃၁

ဘူတန်နိုင်ငံ ပူနာကာဒေသတွင် ရေခဲပြင် အရည်ပျော်ကျမှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် လမ်း၊တံတားတချို့ပျက်စီးခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လူနေအိမ်တချို့ ရေလွှမ်းခဲ့ပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ ရေစီးသန်မှုကြောင့် ဘေလီတံတားနှစ်စင်း ပျက်စီးသွားခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေသည်ဟု အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ရေခဲပြင်အရည်ပျော်ကျမှုနဲ့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပူနာကာဒေသမှာ ရေကြီးရေလျှံမှု တွေဖြစ်ပေါ်နေပါတယ်။ လမ်း၊ တံတားတချို့ပျက်စီးခဲ့ပြီး ဘေလီတံတား နှစ်စင်းပျက်စီးခဲ့ပါတယ်။ ရေစီးသန်တဲ့အတွက် တော်တော် လေးအန္တရာယ်များတဲ့ အနေအထားဖြစ်ပါတယ်။ ဒေသခံတချို့ကိုတော့ ဘေးလွတ်ရာရွှေ့ပြောင်း ပေးနေပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့တဲ့ ဒေသခံတွေကို ယာယီကယ်ဆယ်ရေး စခန်းတွေမှာ နေရာချပေးထားပါတယ်။ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့သလို သေဆုံးသူလဲမရှိခဲ့ပါဘူး"ဟု အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

ဆီးချိုနှင့် သွေးတိုးရောဂါရှိသူများ ကျောက်ကပ်မပျက်စီးစေရေး

ဒေါက်တာအောင်ညွှန့်ပိုင်



ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် အတွေ့ရဆုံးဖြစ်သည့် ရောဂါများမှာ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများဖြစ်သည်။ ဆီးချို သို့မဟုတ် သွေးတိုးရောဂါရှိနေပြီဆိုလျှင် ခန္ဓာကိုယ်တွင်းရှိ ကျောက်ကပ်များကို မထိခိုက်မပျက်စီးအောင် သတိပြုရမည်။ ထို့ကြောင့် ကျောက်ကပ်များ မပျက်စီးရအောင် အချိန်မီ မည်ကဲ့သို့ကာကွယ်စောင့်ရှောက်ရမည်ဆိုသည်ကို ဝေမျှပေးသွားမည်ဖြစ်သည်။

ကျောက်ကပ်များသည် ခန္ဓာကိုယ်အတွင်းရှိ အညစ်အကြေးများကို စစ်ထုတ်ပေးရန်အတွက် သန်းနှင့်ချီသော သွေးကြောငယ်လေးများဖြင့် ဖွဲ့စည်းထားသည်။ ဆီးချိုနှင့် သွေးတိုးရောဂါများသည် ထိုသွေးကြောငယ်လေးများကို အဓိကပျက်စီးစေသည်။

ဆီးချိုရောဂါကြောင့် ကျောက်ကပ်ပျက်စီးခြင်း

သွေးတွင်းသကြားဓာတ်များ မြင့်မားနေသည့်အခါ သွေးများသည် ပျစ်ခဲလာပြီး ကျောက်ကပ်အတွင်းရှိ သွေးစစ်ထုတ်စနစ်များကို စေးကပ်ကာ ပိတ်ဆို့မှုများ ဖြစ်စေသည်။ ထိုအခါ ကျောက်ကပ်သည် အလုပ်ပိုလုပ်ရပြီး ရေရှည်တွင် သွေးစစ်ထုတ်သည့် စကာပေါက်ငယ်လေးများ ပျက်စီးကာ ဆီးထဲသို့ ပရိုတင်းများ စိမ့်ထွက်ကုန်သည်။ ဤအခြေအနေကို ဆေးပညာအရ ဆီးချိုကြောင့် ကျောက်ကပ်ပျက်စီးခြင်းဟု ခေါ်ဆိုသည်။

သွေးတိုးရောဂါကြောင့် ကျောက်ကပ်ပျက်စီးခြင်း

သွေးဖိအား တောက်လျှောက်မြင့်မားနေခြင်းသည် ကျောက်ကပ်အတွင်းရှိ သွေးကြောငယ်လေးများကို အစဉ်အမြဲဖိအားပေးနေသကဲ့သို့ ဖြစ်စေသည်။ ပြင်းထန်သော သွေးတိုးဖိအားကြောင့် သွေးကြောလေးများသည် မာကျောလာပြီး ကျဉ်းမြောင်းသွားသည်။ ရလဒ်အနေဖြင့် ကျောက်ကပ်ဆဲလ်များဆီသို့ လိုအပ်သောအောက်ဆီဂျင်နှင့် အာဟာရဓာတ်များ ကောင်းမွန်စွာ မရောက်ရှိတော့ဘဲ ကျောက်ကပ်ဆဲလ်များ တဖြည်းဖြည်း သေဆုံးကာ ကျောက်ကပ်အလုပ်မလုပ်နိုင်တော့သည့် အခြေအနေသို့ ရောက်ရှိခြင်းဖြစ်သည်။

ဆီးချိုနှင့် သွေးတိုးရောဂါရှိသူများအနေဖြင့် မိမိတို့၏ ကျောက်ကပ်များ ရေရှည်ကျန်းမာနေစေရန်အတွက် လက်တွေ့ကျသည့် အချက် ငါးချက်ကို မပျက်မကွက်လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

သွေးတွင်းသကြားဓာတ် ပမာဏထိန်းခြင်း

ဆီးချိုရောဂါရှိသူများအနေဖြင့် နေ့စဉ်သွေးတွင်းသကြားဓာတ်ကို စနစ်တကျတိုင်းတာရန် လိုအပ်သကဲ့သို့ သုံးလပတ် သွေးတွင်းသကြားဓာတ်ပျမ်းမျှအဆင့် (HbA1c) ကိုလည်း ဆရာဝန်ညွှန်ကြားသည့် ပမာဏအတွင်းရှိနေစေရန် ထိန်းချုပ်ရမည်ဖြစ်သည်။ ဆရာဝန်ညွှန်ကြားထားသည့် ဆီးချိဆေးများကို အချိန်မှန်သောက်ခြင်း သို့မဟုတ် အင်ဆူလင်ထိုးခြင်းစသည်တို့ကို စနစ်တကျလုပ်ဆောင်ရမည်ဖြစ်သည်။

သွေးဖိအားကို စနစ်တကျထိန်းချုပ်ခြင်း

သွေးတိုးရောဂါရှိသူများအတွက် အိမ်၌ သွေးဖိအားပုံမှန်တိုင်းသည့်အလေ့အထရှိရန် အလွန်အရေးကြီးသည်။ ကျောက်ကပ်ကို ကာကွယ်ရန်အတွက် သွေးဖိအားကို ၁၃၀/၈၀ mmHg အောက် (သို့မဟုတ် မိမိ၏ ဆရာဝန်သတ်မှတ်ပေးထားသည့်အတိုင်း) အမြဲရှိနေစေရန် ထိန်းထားရမည်ဖြစ်သည်။ သွေးတိုးရောဂါအတွက် သောက်ဆေးများကို မိမိသဘောဖြင့် ရပ်တန့်ခြင်း၊ လျှော့သောက်ခြင်းမျိုး လုံးဝမပြုလုပ်ရပါ။

ဆားနှင့် အသားဓာတ်ကို ချင့်ချိန်စားသုံးခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ လမ်းညွှန်ချက်အရ ဆီးချို၊ သွေးတိုးရောဂါရှိသူတို့၏ ကျောက်ကပ်များ မပျက်စီးစေရန် တစ်နေ့လျှင် ဆား လက်ဖက်ရည်ဇွန်း တစ်ဇွန်း (သို့မဟုတ်) ငါးဂရမ် အောက်သာ စားသုံးသင့်သည်။ ငန်လွန်းသောအစားအစာများနှင့် ပြုပြင်မွမ်းမံထားသော မုန့်များကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ထို့ပြင် အသားဓာတ်ကိုလည်း အလွန်အကျွံစားသုံးခြင်းမှ ဆင်ခြင်ရမည်ဖြစ်သည်။ ခန္ဓာကိုယ်အတွင်း ရေဓာတ်ပြည့်ဝနေစေရန် ရေကိုလည်း လုံလောက်စွာ သောက်သုံးပေးရမည်ဖြစ်သည်။

ကိုယ်အလေးချိန်ထိန်းခြင်းနှင့် ဆေးလိပ်ဖြတ်ခြင်း

ဆီးချိုနှင့် သွေးတိုးရှိသူများတွင် အဝလွန်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းသည် ကျောက်ကပ်ပျက်စီးမှုကို ဆိုးရွားစွာအရှိန်မြှင့်ပေးသည့် အချက်များဖြစ်ကြသည်။ အဝလွန်လာသည့်အခါ ကျောက်ကပ်သည် ပုံမှန်ထက် ပိုမိုရုန်းကန်အလုပ်လုပ်ရသကဲ့သို့ ဆေးလိပ်သောက်ခြင်းသည်လည်း ကျောက်ကပ်အတွင်းရှိ သွေးကြောငယ်လေးများကို ကျဉ်းမြောင်းစေပြီး သွေးစီးဆင်းမှုကို နှေးကွေးစေသည်။ ထို့ကြောင့် ကိုယ်အလေးချိန်ကို ပုံမှန်(BMI) အတွင်းရှိနေစေရန် ထိန်းညှိခြင်းနှင့် ဆေးလိပ်လုံးဝဖြတ်တောက်ခြင်းတို့ကို မဖြစ်မနေပြုလုပ်ရမည်ဖြစ်သည်။

အကိုက်အခဲပျောက်ဆေးများနှင့် စပ်ဆေးများကို ရှောင်ကြဉ်ခြင်း

ဆီးချိုနှင့် သွေးတိုးရောဂါရှိသူများ၏ ကျောက်ကပ်သည် သာမန်ထက် ပိုမိုနုနယ်နေသည်။ ထို့ကြောင့် ဆရာဝန်ညွှန်ကြားချက်မပါဘဲ အကိုက်အခဲပျောက်ဆေးအပြင်းစားများ (NSAIDs)၊ တိုင်းရင်းဆေးများနှင့် စပ်ဆေးများသောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်ရမည်ဖြစ်သည်။ အဆိုပါဆေးဝါးများသည် ကျောက်ကပ်ကို ရုတ်တရက်ပျက်စီးစေနိုင်သည့် အဓိကတရားခံများဖြစ်ကြသည်။

သတိပြုရမည့် အစောပိုင်းသတိပေးလက္ခဏာများ

ကျောက်ကပ်ရောဂါသည် အစပိုင်းတွင် လက္ခဏာမပြတတ်သော်လည်း အနည်းငယ်ထိခိုက်လာပါက ခန္ဓာကိုယ်မှ အောက်ပါလက္ခဏာများ ပြသတတ်သဖြင့် ကြိုတင်သတိပြုရန် လိုအပ်သည်။

ဆီးအမြဲပ်ထခြင်း - ဆီးထဲတွင် အမြဲပ်များ အလွန်အကျွံပါဝင်နေခြင်းသည် ဆီးထဲသို့ ပရိုတင်းများ စိမ့်ထွက်နေသည့်လက္ခဏာဖြစ်သည်။

ခန္ဓာကိုယ် ဖောရောင်လာခြင်း - ခြေမျက်စိ၊ ခြေထောက်သို့မဟုတ် မျက်ခွံများ ဖောရောင်လာခြင်းသည် ခန္ဓာကိုယ်အတွင်း ရေနှင့် ဆားဓာတ်များကို ကျောက်ကပ်က ကောင်းစွာမစစ်ထုတ်နိုင်တော့သည့် လက္ခဏာဖြစ်သည်။

ညဘက်ဆီးခဏခဏသွားခြင်း - ညဘက်တွင် ဆီးခဏခဏသွားခြင်းသည် ကျောက်ကပ်က ဆီးကို ပြန်လည်စုပ်ယူထိန်းညှိသည့်စနစ် အားနည်းလာခြင်းဖြစ်သည်။

နုံးခွေခြင်းနှင့် မောပန်းလွယ်ခြင်း - အကြောင်းရင်းမရှိဘဲ အမြဲနုံးခွေနေခြင်းသည် ကျောက်ကပ်အလုပ်မလုပ်တော့ဘဲ သွေးအားနည်းရောဂါဖြစ်ပွားလာခြင်း သို့မဟုတ် ခန္ဓာကိုယ်အတွင်း အညစ်အကြေးများ စုပုံလာခြင်းကြောင့်ဖြစ်သည်။

မဖြစ်မနေလုပ်ရမည့် ကျောက်ကပ်စစ်ဆေးမှုများ

မိမိ၏ ကျောက်ကပ် မည်မျှအလုပ်လုပ်နိုင်သည်ကို တိကျစွာ သိရှိရန်ဆေးစစ်ချက် နှစ်ခုကို မဖြစ်မနေပြုလုပ်ရမည်ဖြစ်သည်။

၁။ သွေးစစ်ခြင်း - သွေးတွင်း Creatinine ဓာတ်ကိုတိုင်းတာပြီး ကျောက်ကပ်၏ စစ်ထုတ်နိုင်စွမ်းရာခိုင်နှုန်းကို တွက်ချက်ခြင်းဖြစ်သည်။

၂။ ဆီးစစ်ခြင်း - ဆီးထဲတွင် အယ်လ်ဗျူမင်(ပရိုတင်းဓာတ်) ပါဝင်မှု ရှိ၊ မရှိ စစ်ဆေးခြင်းဖြစ်သည်။ ဤသည်မှာ ကျောက်ကပ်စတင်ပျက်စီးသည့်အခြေအနေကို ရှာဖွေတွေ့ရှိနိုင်သောစစ်ဆေးမှုဖြစ်သည်။

ဆီးချိုနှင့် သွေးတိုးရောဂါအခံရှိသူများသည် မိမိတို့တွင် ကျောက်ကပ်ရောဂါလက္ခဏာ လုံးဝမပြသော်လည်း အနည်းဆုံးတစ်နှစ်လျှင်တစ်ကြိမ် ပုံမှန်ဆီးနှင့် သွေးစစ်ပြီး ကျောက်ကပ်ကို စောင့်ကြည့်စစ်ဆေးသင့်သည်။

အကယ်၍ သွေးစစ်ဆေးချက်ရလဒ်သည် ဖိဝအောက်သို့ ရောက်ရှိသွားပါက သို့မဟုတ် ဆီးထဲတွင် ပရိုတင်းဓာတ် အလွန်အကျွံပါဝင်နေပါက ကျောက်ကပ်အထူးကုဆရာဝန်နှင့်ပါ မဖြစ်မနေစနစ်တကျတိုင်ပင်ဆွေးနွေးကုသမှုခံယူရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိမိတွင် ဆီးချိုနှင့် သွေးတိုးရောဂါရှိနေလျှင် ကျောက်ကပ်မဖြစ်မနေပျက်စီးမည်ဟု မဆိုလိုပါ။ အဓိကသော့ချက်မှာ မိမိ၏ သွေးတွင်းသကြားဓာတ်နှင့် သွေးဖိအားကို ဆရာဝန်ညွှန်ကြားချက်အတိုင်း ပုံမှန်အတွင်း ထိန်းချုပ်ထားနိုင်ရန် ဖြစ်သည်။ နေ့စဉ်လူနေမှုပုံစံကို ဆင်ခြင်ပြီး တစ်နှစ်လျှင် တစ်ကြိမ် ပုံမှန်ကျောက်ကပ်စစ်ဆေးမည်ဆိုလျှင် ကျောက်ကပ်ပျက်စီးခြင်းအန္တရာယ်က ရာနှုန်းပြည့်နီးပါးကာကွယ်နိုင်ပြီး ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

❖ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ လမ်းညွှန်ချက်အရ ဆီးချို၊ သွေးတိုးရောဂါရှိသူတို့၏ ကျောက်ကပ်များ မပျက်ဆီးစေရန် တစ်နေ့လျှင် ဆား လက်ဖက်ရည်ဇွန်း တစ်ဇွန်း (သို့မဟုတ်) ငါးဂရမ်အောက်သာ စားသုံးသင့်သည်။ ငန်လွန်းသောအစားအစာများနှင့် ပြုပြင်မွမ်းမံထားသော မုန့်များကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ထို့ပြင် အသားဓာတ်ကိုလည်း အလွန်အကျွံစားသုံးခြင်းမှ ဆင်ခြင်ရမည်ဖြစ်သည်။ ခန္ဓာကိုယ်အတွင်း ရေဓာတ်ပြည့်ဝနေစေရန် ရေကိုလည်း လုံလောက်စွာသောက်သုံးပေးရမည်ဖြစ်သည်။ ❖

မှတ်ပုံတင်မော်တော်ယာဉ်များအား လုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြုံခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအား လုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ချစ်စရာအရွယ် စာဖတ်မယ်

ယုံလွယ်မိသူ

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ပုံပြင်ကတော့ **"ယုံလွယ်မိသူ"**လို့ဆိုတဲ့ ပုံပြင်လေးပဲ ဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းကပေါ့ ကလေးတို့ရေ။ လူတွေနဲ့ အတော်အတန်ဝေးတဲ့ တောတန်းလေးအတွင်းမှာ ကြက်မျိုးနွယ်အုပ်စုဟာ အပူအပင်ကင်း ဘေးရှင်းစွာနဲ့အေးအေးချမ်းချမ်းပဲ နေထိုင်ကြသတဲ့ကွယ်။ ကြက်မျိုးနွယ်စုကို ဘေးမသီရန်မခအောင် အစာရရှိတဲ့ နေရာကို ဦးဆောင်လမ်းပြနေသူကတော့ ရွှေရောင်အဆင်းနဲ့ပြည့်စုံသလို အမြော်အမြင်လဲရှိတဲ့ ရွှေရောင်ကြက်ဖကြီး ဖြစ်သတဲ့ကွယ်။

ရွှေရောင်ကြက်ဖကြီးဟာ အစာရှာထွက်တဲ့အခါမှာလဲ သူ့ရဲ့မျက်လုံးအစုံဟာ သိန်းငှက်တစ်ကောင်လို စူးရှတောက်ပပြီ လမ်းဘေးဝဲယာတစ်လျှောက်မှာ ဒုက္ခပေးမဲ့ရန်သူ ရှိမရှိသေချာအကဲခတ်ပြီးမှ အစာရှာသွားတာပေါ့ကွယ်။ တစ်နေ့ သူအစာရှာထွက်လာတုန်း သူတို့ရဲ့နောက်မှာ မြေခွေးတစ်ကောင်လိုက်ပြီး ချောင်းနေမှန်း သိလိုက်တာပေါ့ကွယ်။ အခြားသောကြက်တွေက ဘာမှ မသိကြဘူးတဲ့ကွယ်။ ဒါကိုသိတဲ့ ရွှေကြက်ဖကြီးဟာ အခုလိုပဲပြောဆို သတိပေးလိုက်တာပေါ့ကွယ်။

"ဒီနေ့ တို့ကြက်မျိုးနွယ်စုတွေစုံတုန်း ကျုပ်ပြောပါရစေ ကျုပ်စကားကို အားလုံးနားထောင်ကြပါ။ ကျုပ်မသိဘဲ ဘယ်မှခွဲထွက်မသွားကြပါနဲ့ ကျုပ်တို့ရဲ့နောက်မှာ မြေခွေးက အစာစားဖို့လိုက်ချောင်းနေတယ်" ဒီစကားလဲကြားရော ကြက်ဖအဖြူကြီးတစ်ကောင်က "မင်းတို့ဟာလေ မြေခွေးမြင်တိုင်း ရန်သူလို့ ထင်နေကြတာကိုး တစ်နေ့က မြေခွေးနဲ့ငါလမ်းမှာတွေ့တယ်။ သူသာရန်သူဆိုရင် ကျုပ်ကို ကိုက်ဖြတ်စားမှာပေါ့ကွ။ သူ့မှာအဖော်မရှိလို့ ငါတို့နဲ့မိတ်ဆွေဖြစ်ပါရစေလို့ ခွင့်တောင်းတယ်။ ငါလဲ မင်းကိုမပြောရသေးလို့ ဘာမှပြန်မပြောလိုက်ဘူး"

ဒီအခါ သူတို့နဲ့မျိုးတူကြက်ဖြူတွေကလဲ "ကိုဖြူကြီးရေ ကိုမြေခွေးခမျာ တစ်ကောင်တည်း ပျင်းနေရှာမှာပေါ့ သူမိတ်ဆွေဖွဲ့တာကို လက်ခံရမှာပေါ့"လို့ ပြောတာပေါ့ကွယ်။ အခြားသော ကြက်တွေကလဲ "ဟုတ်တယ် ဟုတ်တယ် မြေခွေးလို့ကြားတာနဲ့ အားလုံးက ကောက်ကျစ်တယ် ယုတ်မာတယ်ပဲပြောကြတယ်။ ကျုပ်တို့ကြက်တွေတောင် အရွယ်အစားအမွေးအမှင် အရောင်ချင်းတောင်တူကြတာမဟုတ်ဘူး။ ကိုဖြူကြီးကိုမြေခွေးနဲ့တွေ့ရင် ပြောလိုက်ပါလက်ခံပါတယ်လို့" ရွှေရောင်ကြက်ဖကြီးဟာ သူ့ရဲ့စကားကိုနားမထောင်တာမို့ အလွန်ပဲစိတ်ဆိုးသွားသတဲ့ကွယ်။

"ငါစကား နားမထောင်မှတော့ လမ်းခွဲကြတာပေါ့ ငါ့စကားကိုနားထောင်ပြီး ငါနဲ့အတူနေမဲ့ သူလိုက်ခဲ့ကြ"လို့ ပြောလိုက်တာပေါ့ကွယ်။ မြေခွေးရန်ကို



ကြောက်တဲ့ ကြက်တချို့ကလဲ ရွှေရောင်ကြက်ဖကြီးခေါ်ရာနောက်ကိုလိုက်သွားပြီး တချို့ကတော့ ကိုကြက်ဖြူကြီးနဲ့ပဲ နေခဲ့ကြတာပေါ့ကွယ်။

ကြက်မျိုးနွယ်စုအချင်းချင်း စိတ်ဝမ်းကွဲသွားကြတာကိုကြည့်ပြီး မြေခွေးကလဲ အတော်လေးကို ပျော်ရွှင်သွားတာပေါ့ကွယ်။ သူတို့တစ်တွေ စိတ်ဝမ်းကွဲမှ အားလုံးကိုသူစားရမှာကိုး။ ဒီလိုနဲ့ နေ့စဉ်ရက်ဆက်ပဲ ကြက်တွေရဲ့အသားကို ဘယ်လိုကိုက်ဖြတ်စားရမလဲဆိုတာတွေးနေတာပေါ့ကွယ်။

တစ်နေ့ ကြက်ဖြူမျိုးနွယ်စု ပြောနေကြတဲ့ စကားသံကို ချောင်းနားထောင်နေတဲ့ မြေခွေးကြားသွားတာပေါ့ကွယ်။

"ကျုပ်တို့တော့ ကိုဖြူကြီးကို အားကိုးမိတာမှားပြီထင်တယ်။ ကိုဖြူကြီးက ကိုရွှေကြက်လို အစားအစာရှိတဲ့နေရာကိုသိတာလဲ မဟုတ်ဘူး။ ကြာရင် ကျုပ်တို့မျိုးနွယ်စုတွေ သေကုန်လိမ့်မယ်"

အမှန်ပဲ အဲဒီလိုဖြစ်နေကြတာမို့ ကိုဖြူကြီးလဲ စိတ်ညစ်နေတာပေါ့ကွယ်။ ဒီအချိန်မှာပဲ မြေခွေးရောက်လာပြီး မျက်နှာငယ်လေးနဲ့ "အခုလိုဖြစ်ရတာ ကျုပ်ကြောင့်ပါဗျာ။ ကျုပ် တကယ့်ကို စိတ်မကောင်းပါဘူး။ မပူပါနဲ့နောင်ကြီးတို့ရယ် အစားအစာပေါတဲ့နေရာကို ကျုပ်သိပါတယ်။ ကျုပ်နဲ့လိုက်ခဲ့ကြပါလို့" လို့ပြောပြီး လူတွေသီးသန့်စိုက်ပျိုးထားတဲ့ စပါးခင်းတွေ၊ ကောက်ပဲသီးနှံခင်းတွေရှိရာကို ခေါ်ဆောင်သွားတာပေါ့ကွယ်။ ကိုဖြူကြီးတို့ သတိမထားမိတာက ဒီလယ်ကွင်းနဲ့အနီးအနားမှာ မြေခွေးနေထိုင်တဲ့ ဂူရှိမှန်း မသိကြဘူးတဲ့ကွယ်။ ကြက်တွေဟာ သူတို့ရဲ့အစာအာဟာရဖြည့်တင်းဖို့အရေးသာ သိသတဲ့ကွယ်။ လူတွေရဲ့ စိုက်ခင်းယာခင်းတွေဖျက်ရင် အသက်ဘေးအန္တရာယ်ကျရောက်မယ်မှန်း မသိကြဘူးတဲ့ကွယ်။ မြေခွေးကတော့ အကြံနဲ့မို့ တစ်ခင်းပြီးတစ်ခင်းခေါ်လာခဲ့တာပေါ့ကွယ်။ ကြက်ဆိုတဲ့အမျိုးဟာ အခြားသောသတ္တဝါလို အေးအေးဆေးဆေးစားပြီး ပြန်တာမျိုးမဟုတ်ဘဲ စိုက်ခင်းတွေပျက်စီးအောင် မွှေနှောက်ပြီးမှ ထွက်လာတဲ့ ပိုးကောင်မွှားကောင်တွေကိုစားကြသူတွေပေါ့ကွယ်။ ဒီလိုနဲ့ အပျက်အစီးတွေများလာတော့ ပိုင်ရှင်တွေကလဲ သည်းမခံနိုင်တော့ဘဲ ထောင်ဖမ်းဖို့ လေးခွနဲ့ပစ်ဖို့ တိုင်ပင်ကြတာပေါ့ကွယ်။

မြေခွေးဟာလဲ မကြာခင်ကာလမှာ ကြက်တွေရဲ့အသားကိုစားရမှာတွေးပြီး ကြည်နူးနေတာပေါ့ကွယ်။ သူရဲ့အကြံကိုရိပ်မိမှာစိုးတာနဲ့ ကြက်မျိုးနွယ်စု အစာရှာထွက်တိုင်း အဖော်အဖြစ် လိုက်နေခဲ့တာပေါ့ကွယ်။

လယ်ပိုင်ရှင်၊ ယာပိုင်တွေဟာလဲ နေ့ညမပျက် စောင့်ကြည့်နေတာမို့ မြေခွေးဦးဆောင်တဲ့ကြက်အုပ်စု ရောက်လာတဲ့အခါမှာ အားလုံးက တညီတညွတ်တည်း လေးခွနဲ့ပစ်သူပစ်၊ တုတ်၊ ဓားတွေနဲ့ပစ်ကြတာမို့ ကြက်တွေခမျာ ဖရိုဖရဲထွက်ပြေး အချင်းချင်းတိုက်မိကြ ဒီကြားထဲသူတို့ယုံလို့ အားကိုးမိတဲ့မြေခွေးဟာလဲ ဖမ်းယူစားသောက်နေတာမို့ သူ့မကယ်နိုင်၊ ဝဲ့မကယ်နိုင် ဖြစ်ကုန်ကြတာပေါ့ကွယ်။

ဒီအခါကျမှ ကျန်နေတဲ့ ကြက်မျိုးနွယ်စုကလဲ ရွှေကြက်ဖကြီးရဲ့စကား နားမထောင်ဘဲ မြေခွေးရဲ့စကားကိုယုံလွယ်မိတဲ့ သူတို့ရဲ့အမှားကိုသိကာဝန်ချတောင်းပန်ပြီး ရွှေကြက်ဖကြီးရဲ့စကားကို နားထောင်ရင်း အန္တရာယ်ကင်းစွာနဲ့ နေထိုင်သွားကြတာပေါ့ကွယ်။

ပုံပြင်ကလေးကတော့ ဒါပါပဲ ကလေးတို့ရေ။ ကလေးတို့တစ်တွေလဲ ဒီပုံပြင်လေးကိုနားထောင်ပြီး ရန်သူမိတ်ဆွေခွဲခြားသိဖို့ရယ် တစ်ပါးသူရဲ့သွေးဆောင်ဖြားယောင်းမှုစကားကို အယုံမလွယ်မိကြဖို့ နှိုးဆော်တိုက်တွန်းရင်းနဲ့ ဉာဏ်ရည်ထက်မြက်ထူးချွန်တဲ့ လူတော်လေးများ ဖြစ်နိုင်ပါကြစေလို့ ဦးဦးက ဆန္ဒပြုဆုတောင်းပေးလိုက်ပါတယ်ကွယ်။

မောင်နိုင်လင်း(ရိုးရွာ)

ကျောင်းတက်ကြစို့

- ဖေဖေ့ကျောကို မြင်းလုပ်စီး သွားမယ်ကျောင်းတော်ကြီး။
- ခေါင်လောင်းသံတီး ကျောင်းတက်ရင် စာရေး စာဖတ် သင်။
- ပညာတတ်ချင် ကျောင်းကိုသွား စာပေသင်ကြားထား။
- ဆရာစကား မှတ်သားရာ လိမ္မာယဉ်ကျေးပါ။
- မှတ်သားပညာ လေ့လာဖို့ ကျောင်းတော်သွားကြစို့။ ။



မိုးမခူ(ပြည်)

ညမင်းသားလေးပိုးစုန်းကြူး

- မှိတ်တုတ်မှိတ်တုတ် လင်းတလီ ရှေ့ နောက် တောင် မြောက် ဆီ။
- မှောင်စပြုပြီ ညလေးထဲ ပျံသန်း ဟိုဒီဝဲ။
- အမှောင်ညထဲ လင်းလဲ့ဖြာ ကိုယ်ပိုင်အလင်းပါ။
- အလင်းဝါဝါ ပိုင်ဆိုင်ထား ပိုးစုန်းကြူးတဲ့ဗျား အမှောင်ညမင်းသား။ ။



သုတလင်း(ဆင်ပေါင်ဝဲ)

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၄၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၃၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၄၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၃၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

ထာဝရလှပသောအပြုံးအတွက်

DENTOMEC







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၅၀၉၆၉၄၃၊ ၀၉ ၇၉၀၉၀၃၄၃၃

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Dentist Recommended

FDA အမှတ်-1907 PC 0040

Fluoride ပါဝင်သောကြောင့် သွားများကို ပြုပြင်ပေးတောက်ပစေပါသည်။

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ နှင့် MOUNT PLEASANT COFFEE

ပင်ရင်းအရောင်း

ဖုန်း - ၀၈၅ ၂၀၂၀၇၀၊ ၀၉ ၃၀၅၂၉၁၁၀

STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်နန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သင်္ဃာလမ်း၊ တိုက်နံပါတ် ၁၄ နေ မနှင်းအိသဇင်(ဘ) ဦးသန်းစိန် (၅)/ရဘန(နိုင်)၂၁၇၀၈၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-987859149

ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ


၁။ မီးလောင်လွယ်သည့် ပစ္စည်းများကို အိမ်တွင်းနှင့်အနီးတစ်ဝိုက်တွင် သိုလှောင်ထားခြင်းမပြုရ။






၂။ ကလေးများ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ၊ အိုမင်း မစွမ်းသူများကို မီးခြစ်၊ဖယောင်းတိုင်ကဲ့သို့ မီးလောင်မှု ဖြစ်ပေါ်စေနိုင်သော ပစ္စည်းများ အသုံးမပြုစေရ။

၃။ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ကို အောက်ခံခွက် (အပူခံခွက်) မပါဘဲ အသုံးမပြုရ။



၄။ ဖယောင်းတိုင်၊မီးခွက်တို့ကို အိပ်ရာ ၊ ခြင်ထောင်၊ နံရံစသည့် မီးလောင်လွယ်သည့်နေရာများနှင့် နီးကပ်စွာ မထွန်းရ။





၅။ နေ့လယ်ခင်း အပူချိန်မြင့်တက်ချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီထည့်ခြင်း၊ ဖလှယ်ခြင်း မပြုရ။

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၊
၀၆၇-၈၁၀၃၃၄၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ FEI 1* (One Star) Endurance Qulification 60 km (ကီလိုမီတာ ၆၀) ခရီးရှည်မြင်းစီးအားကစားအရည်အချင်းစစ်ပြိုင်ပွဲ ကျင်းပစဉ်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၁

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏခွ် ဆက်လက်ကျင်းပသည်။ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီးစနူကာ 15-Red, 9 Ball Pool, စနူကာ 6-Red နှင့် ဘိလိယက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ်

စာမျက်နှာ ၂၁ ကော်လံ ၁ ❍



မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ FEI 1* (One Star) Endurance Qulification 60 km (ကီလိုမီတာ ၆၀) ခရီးရှည်မြင်းစီးအားကစားအရည်အချင်းစစ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ FEI 1* (One Star) Endurance Qulification 60 km (ကီလိုမီတာ ၆၀) ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရှိမြင်းစီးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဥာဏ်ဇော်ဦး၊

စာမျက်နှာ ၂၃ ကော်လံ ၁ ■

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲကို ယနေ့တွင် နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမလေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပသည်။ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊အမျိုးသမီးဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများ ယှဉ်ပြိုင်ကြရာ အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင်

စာမျက်နှာ ၂၃ ကော်လံ ၁ ✱



၇၁ နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်စစ်တုရင်ပြိုင်ပွဲ ကျင်းပ



၇၁ နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဖိတ်ခေါ် စစ်တုရင်ပြိုင်ပွဲ ကျင်းပစဉ်။

ဘားအံ အောက်တိုဘာ ၃၁

ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်ပြည်နယ် စစ်တုရင်ဆပ်ကော်မတီတို့ ကြီးမှူးကျင်းပသော ၇၁ နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ် စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်ခွဲကပင် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ International Master-IM တစ်ဦး၊ Candidate Master(CM) နှစ်ဦး၊ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့သွားရောက် ယှဉ်ပြိုင်မည့်ကစားသမားသုံးဦးအပါအဝင်

စာမျက်နှာ ၂၃ ကော်လံ ၁ ☆

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့်အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ

စာမျက်နှာ ၂၅ ကော်လံ ၁ ●



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။